**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

စိတ်သည် အရာရာကို ဦးဆောင်၏။ စိတ်သည် အမွန်မြတ်ဆုံးဖြစ်၏။ စိတ်သည် အရာရာကိုပြီးစီးစေ၏။ ကြည်လင်သောစိတ်ဖြင့် ပြုမူပြောဆိုပါလျှင် ချမ်းသာစေနိုင်၏။ အေးမြသော အရိပ်သည် အစဉ်လိုက်ပါသည်နှင့်တူ၏။ ဓမ္မပဒ

# မြဝတီ နေ့စဉ်

အချိန်မီဖြန့်ချိ သတင်းစုံသည် မြဝတီ

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၁၇၄)

၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၃ ရက်
၂၀၂၅ ခုနှစ်၊ အောက်တိုဘာ ၉ ရက်၊ ကြာသပတေးနေ့

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ၂၀၂၅ ခုနှစ် (၂၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲ ဒုတိယနေ့ ဆက်လက်ကျင်းပ

နေပြည်တော် အောက်တိုဘာ ၈

၂၀၂၅ ခုနှစ် (၂၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲ ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းမှ စတင်ပြီး ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ သတ်မှတ်နေရာများတွင် စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပလျက်ရှိသည်။

ယနေ့တွင် **"မဟာဂီတ" တေးသီချင်းအဆိုပြိုင်ပွဲ**ကို အမျိုးသားပြတိုက် (နေပြည်တော်) ရှိ Mini Theatre ၌ ကျင်းပရာ **အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ အတွင်း) အမျိုးသမီးပြိုင်ပွဲ**တွင် ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက **"ဆင့်ရရင့်ငယ်လေး (ပတ်ပျိုး)" သီချင်းဖြင့်**လည်းကောင်း၊ **စာမျက်နှာ ၁၆ ကော်လံ ၁** ■




**ဆောင်းပါး**

**ဂုဏ်သိက္ခာရှိသော ရွေးကောက်ပွဲ**

စာ - ၁၃ သို့

**ဘယ်လာရုစ်နိုင်ငံမှ ဖျော်ဖြေရေးအဖွဲ့ ၂၀၂၅ ခုနှစ် (၂၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲ ကျင်းပနေမှုသွားရောက်လေ့လာ**

စာ - ၁၇ သို့



ကျောက်မဲမြို့၌ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း စတင်ဖွင့်လှစ်မှုကိုတွေ့ရစဉ်။

# ကျောက်မဲမြို့၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း စတင်ဖွင့်လှစ်၊ ကျောင်းအပ်ဆက်လက်လက်ခံ၊ ကျောက်မဲမြို့ယာယီဆေးရုံ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၈

တပ်မတော်က ပြည်သူလူထု အေးချမ်းစွာနေထိုင်နိုင်ရေးအတွက် အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter- Terrorism Operation)ကို တည်ငြိမ်အေးချမ်းမှုကိုလိုလားသည့် ဒေသခံပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ရာ ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိကျောက်မဲမြို့အား အလုံးစုံပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တပ်မတော်သားများပူးပေါင်း၍ ဒေသခံပြည်သူလူထုလုံခြုံရေးနှင့် လိုအပ်သည့် ကူညီထောက်ပံ့မှုများဆောင်ရွက်ပေးနိုင်ရေး၊ အစိုးရ၏ အုပ်ချုပ်မှုယန္တရားများဖြစ်သည့် ရုံးများ ပြန်လည်ဖွင့်လှစ်နိုင်ရေး၊ ကလေးသူငယ်များ ပညာသင်ကြားနိုင်ရေးအတွက် စာသင်ကျောင်းများပြန်လည်ဖွင့်လှစ်ပေးနိုင်ရေး၊ ပြည်သူလူထု၏ **စာမျက်နှာ ၇ ကော်လံ ၁** ⊃



## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ အောက်တိုဘာ ၉ ရက်)

# မြန်မာ့ယဉ်ကျေးမှုအမွေ မျှဝေပေးနိုင်ရေး

(၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို မြန်မာတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့်အမျိုးသားယဉ်ကျေးမှုလက္ခဏာများကိုဖော်ထုတ်ထိန်းသိမ်းမြှင့်တင်နိုင်ရေး၊ ပြည်ထောင်စုသွေးချင်းများ၏သွေးစည်းညီညွတ်သည့်စိတ်ဓာတ်နှင့် အမျိုးသားစည်းလုံးညီညွတ်မှု စိတ်ဓာတ်တို့ကို မြန်မာ့အနုပညာဖြင့်ဖော်ထုတ်ပြသနိုင်ရေး၊ မြန်မာ့ရိုးရာအနုပညာရပ်များကို မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်းအမွေပေးအပ်နိုင်ရေး၊ နိုင်ငံတော်၏လူမှုစီးပွားရေးဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ယဉ်ကျေးမှုနှင့်အနုပညာ၏အခန်းကဏ္ဍမှတစ်တပ်တစ်အားပူးပေါင်းပါဝင်ဆောင်ရွက်ရေး စသည့်ဦးတည်ချက်(၄)ရပ်ဖြင့် နေပြည်တော်တွင် အောက်တိုဘာလ ၇ ရက်မှ ၁၃ ရက်အထိကျင်းပနေပြီဖြစ်သည်။

နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၏ ဂုဏ်ဒြပ်နှင့်အဆင့်အတန်းကို ညွှန်းဆိုဖော်ပြရာတွင် ယင်းနိုင်ငံ၊ ယင်းလူမျိုးတို့၏ အနုသုခုမယဉ်ကျေးမှုအဆင့်အတန်းကို သက်တမ်းကြာအောင် ထိန်းသိမ်းစောင့်ရှောက်နိုင်ခဲ့မှုနှင့်ရှေးအစဉ်အလာမပျက်ဖော်ထုတ်ပြသနိုင်မှုသည်အဓိကကျသည့်အချက်ဖြစ်သည်။ မြန်မာနိုင်ငံသည်လည်း ရှေးနှစ်ပေါင်းများစွာကတည်းက တည်တံ့ဖြစ်ထွန်းခဲ့သည့် ယဉ်ကျေးမှုအနုသုခုမပညာရပ်များကို ယနေ့ထက်တိုင်အရှည်တည်တံ့ခိုင်မြဲပြီး ရှေးမူရှေးဟန်မပျက် ဖော်ထုတ်ပြသနေနိုင်သည်မှာ နိုင်ငံ၏ ဂုဏ်သိက္ခာနှင့် အဆင့်အတန်းကို ကမ္ဘာ့အလယ်တွင်ပြသနေခြင်းပင်ဖြစ်သည်။

ခေတ်အဆက်ဆက် မြန်မာဘိုးဘွားတို့၏ တီထွင်ကြိုးပမ်းအားထုတ်မှုနှင့် အစဉ်အလာကောင်းများကြောင့် မြန်မာ့သမိုင်းတစ်လျှောက်တွင် မြန်မာတိုင်းရင်းသားညီအစ်ကိုမောင်နှမများသည် ကိုယ်ပိုင်စာပေ၊ ကိုယ်ပိုင်ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများဖြင့် ကမ္ဘာ့အလယ်တွင်ထူးထူးခြားခြားထည်ထည်ဝါဝါရပ်တည်နိုင်ခဲ့ကြသည်။ မျက်မှောက်ခေတ်တိုင်အောင် မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ပိုင်ဆိုင်ခွင့်ရရှိနေသည်မှာ မြန်မာ့သမိုင်းစဉ်တစ်လျှောက် ဖြတ်သန်းလာခဲ့ကြသည့် မိမိတို့၏မြန်မာ့ဘိုးစဉ်ဘောင်ဆက်များက ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ပြီး လက်ဆင့်ကမ်းခဲ့ကြသည့်ကျေးဇူးများကြောင့်ပင်ဖြစ်သည်။

ရှေးအစဉ်အလာကောင်းများကိုအတုယူပြီး မြန်မာတို့၏ကိုယ်ပိုင်ယဉ်ကျေးမှုအရင်းအမြစ်များ၊ တန်ဖိုးထားမှုစံနှုန်းများ မေးမှိန်ကျဆင်းမသွားအောင် ဆက်လက်ထိန်းသိမ်းမြှင့်တင်ရန်မှာယနေ့ခေတ်အမွေခံမျိုးဆက်သစ်များ၏ အမျိုးသားရေးတာဝန်နှင့် ဝတ္တရားပင်ဖြစ်သည်။ မြန်မာ့ရိုးရာယဉ်ကျေးမှုနယ်ပယ်တွင် အဆို၊ အက၊ အရေး၊ အတီး အနုပညာရပ်များသည် သီးခြားဂုဏ်ရည်၊ သီးသန့်မူဟန်များဖြင့် ဖြစ်ထွန်းနေခြင်းဖြစ်၍ အပြန်အလှန်ထိန်းကွပ်မှု၊ အပြန်အလှန်ပံ့ပိုးမှုများဖြင့် တင့်တင့်တယ်တယ်ဆက်စပ်ဖြစ်ထွန်းနေခြင်းဖြစ်သည်။

နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အောက်တိုဘာလ ၇ ရက်ကကျင်းပသည့်(၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင်အမှာစကားပြောကြားစဉ် **"တာဝန်ရှိသူများနှင့် အနုပညာရှင်များကိုတိုက်တွန်းပြောကြားလိုသည်မှာ မြန်မာလူမျိုးတို့၏ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်အနုပညာနှင့်ကိုယ်ပိုင်အမျိုးသားရေးလက္ခဏာများ ခိုင်ခိုင်မာမာဆက်လက်ရှင်သန်ဖွံ့ဖြိုးစေရေးအတွက် အနုပညာစွမ်းပကားနှင့်စွမ်းဆောင်ပေးကြရန်၊ နှစ်ပေါင်းထောင်ချီပြီး ခမ်းနားထည်ဝါစွာဖွံ့ဖြိုးစည်ပင်ခဲ့သည့် မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာစစ်စစ်ကို မြတ်နိုးထိန်းသိမ်းရင်း မြန်မာတို့၏အမျိုးဂုဏ်၊ ဇာတိဂုဏ် အစဉ်ထာဝရနိုးကြားရှင်သန်နေရအောင် အနုပညာစွမ်းပကားနှင့်စွမ်းဆောင်ပေးကြရန်၊ တိုင်းတစ်ပါးယဉ်ကျေးမှုများ လွှမ်းမိုးမှုမရှိစေရေးနှင့် မျိုးဆက်သစ်လူငယ်များကိုယဉ်ကျေးသိမ်မွေ့ပြီး အမျိုးသားရေးစိတ်ဓာတ်ကိုယ်ခံစွမ်းအားများပြည့်ဝခိုင်မာအောင် အနုပညာစွမ်းပကားဖြင့် စွမ်းဆောင်ပေးကြရန်"**ထည့်သွင်းပြောကြားခဲ့သည်။

မျိုးဆက်သစ်ဆိုသည်မှာ အမျိုးကိုဆက်မည့်လူသစ်များဟု တိုက်ရိုက်အဓိပ္ပာယ်ထွက်သည်။ မျိုးဆက်သစ်သည်အစဉ်အလာတို့ကိုမပျောက်ပျက်ရအောင် ထိန်းသိမ်းစောင့်ရှောက်မည့်လူသစ်များ၊ မိမိတို့စံချိန်စံညွှန်းတို့ကိုလျော့ကျမသွားအောင်၊ တိုးတက်အောင်လေ့ကျင့်ကြိုးစားနေမည့်သူများ၊ မိမိတို့၏မျိုးရိုးဇာတိကို တောက်ပြောင်အောင်မြှင့်တင်ပေးနေမည့်သူများဟုအဓိပ္ပာယ်ဝေါဟာရဖြစ်သည်။ အဘက်ဘက်တွင် မျိုးဆက်သစ်များထွန်းကားလာစေရန် နိုင်ငံတော်အစိုးရကပြုစုပျိုးထောင်အားပေးလျက်ရှိရာတွင် မြန်မာ့ရိုးရာယဉ်ကျေးမှုအနုသုခုမပညာရပ်များလည်းပါဝင်သည်။

မျိုးဆက်သစ်တို့သည် မျိုးချစ်စိတ်ကိုအခြေခံလျက် အနာဂတ်ဂီတခေတ်ကို ဦးဆောင်ကြရပေမည်။ မြန်မာ့ဂီတသစ်များကို တီထွင်ဆန်းသစ်ကြရမည်ဖြစ်သကဲ့သို့ မြန်မာ့ရိုးရာယဉ်ကျေးမှုအနုသုခုမဂီတ အမွေအနှစ်တို့ကိုလည်း ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်ကြရမည်ဖြစ်သည်။ အမျိုးသားယဉ်ကျေးမှုထိန်းသိမ်းရေးနှင့်ပတ်သက်၍ နိုင်ငံတော်ကဦးဆောင်မှုပြုနေခြင်းမှာ အလွန်ပင်ဝမ်းသာပီတိဖြစ်ဖွယ်ကောင်းလှသည်။ မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများသည်လည်း တိုင်းရင်းသားများအပါအဝင် နိုင်ငံတစ်ဝန်းမှ မြန်မာ့ဂီတကိုချစ်မြတ်နိုးသော မီးခဲပြာဖုံး မျိုးချစ်အင်အားစု ဂီတသမားများ၊ အလားအလာရှိသော ဂီတဝါသနာရှင်များကို ဖော်ထုတ်မြေတောင်မြှောက်ပေးနေသည့်နိုင်ငံတော်အဆင့်ပွဲတော်ကြီးဖြစ်ပေရာ ပညာရှင်များအနေဖြင့် မျိုးဆက်သစ်များအားဆက်လက်၍ အမွေကောင်းပေးနိုင်ကြရန်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

## ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## ရွေးကောက်ပွဲကျင်းပရန် ရက် ၈၀ သာ လိုတော့သည်။

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

## အမြဲတမ်းနေရပ်သို့ ပြန်လည်၍ မဲပေးလိုခြင်းမရှိပါက ရောက်ရှိနေရာတွင် မဲပေးနိုင်ရေး မဲစာရင်းထည့်သွင်းရန် ဆောင်ရွက်ရမည့်နည်းလမ်း

❖ အနည်းဆုံးရက်ပေါင်း(၁၈၀)ထက်မနည်း မဲစာရင်းပါရှိသည့် သက်ဆိုင်ရာမြို့နယ်ပြင်ပသို့ရောက်ရှိနေပြီး မိမိ၏အမြဲတမ်းနေရပ်သို့ ပြန်လည်၍ မဲပေးလိုခြင်းမရှိပါက မိမိရောက်ရှိနေသော မဲဆန္ဒနယ်တွင် ဝင်ရောက်ယှဉ်ပြိုင်သော လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ဆန္ဒမဲပေးပိုင်ခွင့်ရရှိရေးအတွက် မိမိအမည်ကို မဲစာရင်းတွင် ထည့်သွင်းပေးရန် တောင်းဆိုလွှာပုံစံ(၃-က)ဖြင့် ရွေးကောက်ပွဲကျင်းပမည့်နေ့မတိုင်မီ ရက်ပေါင်း ၆၀ ထက် နောက်မကျစေဘဲ သက်ဆိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြလျှောက်ထားရန်။

## မဲစာရင်းများကို သွားရောက်ကြည့်ရှုပါ။

မဲစာရင်းများကို ၃၀-၉-၂၀၂၅ ရက်နေ့မှ ၁၃-၁၀-၂၀၂၅ ရက်နေ့အထိ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးများတွင် ပထမအကြိမ် ကပ်ထားကြေညာထားပါသည်။ မဲစာရင်းတွင် အမည်မပါလျှင် ပုံစံ(၃)ဖြင့် တောင်းဆိုပါ။ အမည်နှင့် အချက်အလက်များကို ကန့်ကွက်ရန်ရှိပါက ပုံစံ(၄)ဖြင့် ကန့်ကွက်ပါ။ အချက်အလက်များပြင်ဆင်ရန်ရှိပါက ပုံစံ(၄-က)ဖြင့် လျှောက်ထားပါ။ ယင်းပုံစံများကို သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲရုံးများတွင် အခမဲ့ရယူနိုင်ပါသည်။

## ရွေးကောက်ပွဲတွင် ယာယီနေရပ်စွန့်ခွာနေရသူများ ကြိုတင်မဲပေးနိုင်သည်။

ယာယီနေရပ်စွန့်ခွာနေရသူများသည် မိမိတို့၏ နေရပ်ရင်း မဲဆန္ဒနယ်အတွက် ကြိုတင်မဲပေးနိုင်ရန် ပုံစံ (၁၅) များကို မိမိတို့ရောက်ရှိရာဒေသ မြို့နယ်ကော်မရှင်အဖွဲ့ခွဲတွင် အခမဲ့ရယူ၍ ၁၂-၁၀-၂၀၂၅ ရက်နေ့ နောက်ဆုံးထားလျှောက်ထားနိုင်သည်။

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ပွင့်ဖြူမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသည့်စပါးများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ

ပွင့်ဖြူ အောက်တိုဘာ ၈

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီက ဒေသတွင်း စားရေရိက္ခာဖူလုံစေရေးအတွက် မဲဇလီရေလွှဲဆည်ရေဖြင့် စိုက်ပျိုးထားသည့်စပါး ၇၀၀၀၃ ဧက အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အဆိုပါမိုးစပါးများ အထွက်နှုန်းကောင်းမွန်စေရန် ဒေသခံတောင်သူများက ပေါင်းနုတ်ခြင်း၊ မြေဩဇာကျွေးခြင်း၊ မျိုးကွဲပယ်ခြင်းနှင့် ပိုးမွှားရောဂါ မကျရောက်စေရန် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ဒေသတွင်းရှိ တောင်သူများအား စနစ်တကျဆောင်ရွက်နိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ခံဝန်ထမ်းများက ကွင်းဆင်းကြီးကြပ်၍ မိုးစပါးအထွက်နှုန်းတိုးတက်ရေးလုပ်ဆောင်ရမည့် စိုက်ပျိုးရေးနည်းပညာများကို ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိသည်။




ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ဒေသခံတောင်သူများက မဲဇလီရေလွှဲဆည်ရေဖြင့် ဆာဖိုးသာ၊ ရောမင်း၊ ရတနာတိုး၊ မနောသုခ၊ ဆင်းသုခ၊ ရောပဒေသာ၊ ပေါ်ဆန်းရင်၊ ပခမ်းရွှေဝါ၊ ချမ်းမြေ့မေ၊ ဆင်းသိင်္ဂီ စသည့်စပါးမျိုးများကို စီးပွားဖြစ်စိုက်ပျိုးကြကြောင်းနှင့် စိုက်ပျိုးရေအဆင်ပြေမှုကြောင့် မိုးစပါးများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

"ဒီနှစ်မိုးသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း စားရေရိက္ခာဖူလုံစေဖို့နဲ့ တောင်သူတွေ သီးနှံဝင်ငွေတိုးပွားစေဖို့အတွက် မဲဇလီရေလွှဲဆည်ရေနဲ့ စိုက်ပျိုးထားတဲ့ မိုးစပါးစိုက်ခင်းတွေက စိုက်ပျိုးရေလုံလောက်စွာရရှိတဲ့အတွက် အောင်မြင်ဖြစ်ထွန်းလျက်ရှိပါတယ်။ ဒီနှစ်မှာ တစ်မြို့နယ်လုံး မိုးစပါး ၆၉၉၉၉ ဧက လျာထားစိုက်ပျိုးရာမှာ လက်ရှိ ၇၀၀၀၃ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်" ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေကပြောသည်။

ပွင့်ဖြူမြို့နယ်သည် မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များ၌ ဆည်ရေသောက်ဧရိယာအများဆုံးဖြစ်၍ နှစ်စဉ် စပါးအများဆုံးစိုက်ပျိုးနိုင်သည့် မြို့နယ်တစ်မြို့နယ်ဖြစ်ကာ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင်လည်း တစ်မြို့နယ်လုံး မိုးစပါး ၆၉၉၉၉ ဧက လျာထားစိုက်ပျိုးခဲ့ရာ ၇၀၀၀၃ ဧက စိုက်ပျိုးနိုင်ခဲ့သဖြင့် သတ်မှတ်လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

# ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ငါးကွမ်းရှပ်ခြောက်ပိဿာအများအပြားတင်ပို့ရောင်းချနိုင်ခဲ့



ဖျာပုံ အောက်တိုဘာ ၈

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ငါးကွမ်းရှပ်ခြောက်ပိဿာအများအပြားတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ်မှ ငါးခြောက်မျိုးစုံရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်လှလှဌေး၏ ပြောဆိုချက်အရ သိရသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်ဩဂုတ်လ တစ်လတာကာလအတွင်းက ငါးကွမ်းရှပ်ခြောက်ပိဿာ ၅၂၀၀၀ ကျော်သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာလ ၁ ရက်မှ ၃၀ ရက်အထိ ငါးကွမ်းရှပ်ခြောက်ပိဿာ ၆၇၀၀၀ ကျော်အထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ငါးကွမ်းရှပ်ခြောက်တွေကို စနစ်တကျထုပ်ပိုးပြီး ရန်ကုန်ဈေးကွက်ကို အဓိက တင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့တစ်လအတွင်း ပိဿာ ၆၇၀၀၀ ကျော်အထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဒေသထွက် ငါးကွမ်းရှပ်ခြောက်တွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်။ လက်ရှိ အရောင်းအဝယ်လုပ်နေတဲ့ ငါးကွမ်းရှပ်ခြောက်တွေက ပြီးခဲ့တဲ့နွေရာသီက လုပ်ထားတဲ့ငါးခြောက်တွေပါ။ ငါးကွမ်းရှပ်ခြောက်တွေက ပြည်တွင်းမှာစားသုံးသူများလို့ အဝယ်လိုက်နေတာဖြစ်ပါတယ်" ဟု ဒေါ်လှလှဌေးကပြောသည်။

ဖျာပုံမြို့နယ်၌ ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူများသည် ငါးပိ၊ ငါးခြောက်များကို ပြုလုပ်၍ မှာယူသည့်ဒေသများသို့ တင်ပို့ရောင်းချခြင်းဖြစ်သည်။ ထိုသို့တင်ပို့ရောင်းချရာတွင် ဒေသထွက်ငါးကွမ်းရှပ်ခြောက်များ အပါအဝင် ငါးခြောက်မျိုးစုံကိုလည်း တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**သုတကျော်**

# မန္တလေးတိုင်းဒေသကြီး၌ ယခုပညာသင်နှစ်တွင် ကျောင်းပြင်ပမူလတန်းပညာရေးကျောင်း ၂၄ ကျောင်း ဖွင့်လှစ်သင်ကြားလျက်ရှိ

မန္တလေး အောက်တိုဘာ ၈

မန္တလေးတိုင်းဒေသကြီး၌ ယခုပညာသင်နှစ်တွင် ကျောင်းပြင်ပမူလတန်းပညာရေးကျောင်း ၂၄ ကျောင်း ဖွင့်လှစ်သင်ကြားလျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး ကျောင်းပြင်ပပညာရေးဌာနမှ သိရသည်။

အကြောင်းအမျိုးမျိုးကြောင့် ပညာရေးဆုံးခန်းတိုင်အောင် မသင်ကြားခဲ့ရသော ကျောင်းပြင်ပရောက်ကလေးများနှင့် ကျောင်းနေအရွယ်လွန်ကလေးများအား ဒုတိယအကြိမ် ပညာသင်ကြားနိုင်မည့်အခွင့်အလမ်းများကို ဖော်ဆောင်ပေးနိုင်ရန် ပညာရေးဝန်ကြီးဌာနမှ ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ မန္တလေးတိုင်းဒေသကြီး၌လည်း ကျောင်းပြင်ပ ပညာရေးကို ဖော်ဆောင်လျက်ရှိသည်။

"မန္တလေးတိုင်းဒေသကြီးမှာ ၂၀၁၅ ခုနှစ်ကစပြီး ကျောင်းပြင်ပပညာရေးကို စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါတယ်။ ဒီပညာသင်နှစ်မှာတော့ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ခြောက်မြို့နယ်မှာ ကျောင်းပြင်ပမူလတန်းပညာရေးကျောင်း ၂၄ ကျောင်း ဖွင့်လှစ်ထားပြီး မြို့နယ်ကြီးကြပ်ရေးမှူး ခုနစ်ဦးနဲ့ ဆရာ၊ ဆရာမ ၄၇ ဦးတို့ကတာဝန်ယူပြီး ကျောင်းသား၊ ကျောင်းသူ ၉၄၈ ဦးကို ပညာသင်ကြားပေးနေပါတယ်" ဟု မန္တလေးတိုင်းဒေသကြီး ကျောင်းပြင်ပပညာရေး တိုင်းဒေသကြီးကြီးကြပ်ရေးမှူး ဒေါ်ခင်မျိုးသန့်ကပြောသည်။

သက်ဆိုင်ရာမှ စာရင်းများအရ တစ်နိုင်ငံလုံး၌ ယခုပညာသင်နှစ် ကျောင်းပြင်ပပညာရေးတွင် မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူဦးရေ ၆၂၀၀ ကျော်ရှိပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ခုနစ်ခုရှိ မြို့နယ်ပေါင်း ၆၅ မြို့နယ်၌ သင်ကြားပေးနေကြောင်း၊ ထို့ပြင် အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူဦးရေ ၁၄၀၀ ခန့်ရှိပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ငါးခုရှိ မြို့နယ်ပေါင်း ၂၁ မြို့နယ်၌ သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးအတွက် စွမ်းဆောင်ရည်ရှိသော ဆရာ၊ ဆရာမများ မွေးထုတ်ပေးနိုင်စေရန် သင်ကြားမှုနည်းစနစ်များ၊ စီမံခန့်ခွဲမှုနှင့်ဘာသာရပ်ဆိုင်ရာများကို ပညာရေးဝန်ကြီးဌာန ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာနမှကြီးမှူး၍ သင်တန်းများ ဖွင့်လှစ်ပို့ချပေးလျက်ရှိကြောင်း သိရသည်။

**ဆောင်းဦး**

## မြဝတီ ကာတွန်း



# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

### ဖြူကောင် သဘာဝ

ကျွန်ုပ်၏မှတ်တမ်းတွင် (အထူးသဖြင့် သူငယ်ဘဝ၌) ဆူးများ တစ်ချောင်းပြီး တစ်ချောင်း ပေါက်ခဲ့ရပုံကို ဖော်ပြခဲ့ဖူးရာ ဆူးတွေများလာသောအခါတွင် ကျွန်ုပ်၏စိတ်နေသဘောထားသည် ဖြူကောင် သဖွယ်ဖြစ်လာသည်ဟု ဆိုလိုခြင်းဖြစ်၏။ ဖြူကောင်သည် တခြားသော သတ္တဝါများကို အန္တရာယ်ပြုတတ်သည်မဟုတ်၊ ပြုနိုင်သောသတ္တိ ရှိသည်လည်း မဟုတ်။ သို့ရာတွင် တခြားသတ္တဝါဟူသမျှသည် ၎င်း၏ ရန်သူချည်းဖြစ်သည်ဟု ယူဆသည့်သဘောနှင့် မည်သည့်သတ္တဝါမျိုး ချဉ်းကပ်လာသည်ဖြစ်စေ ကိုယ်၌ရှိသော ဆူးချောင်းများကို မြောက်ကြွကာ ခုခံဖို့ဟန်ပြင်တတ်သည့်နည်းတူ ကျွန်ုပ်မှာလည်း သူစိမ်းမြင်သမျှကို မိတ်ဆွေဟု သဘောထားနိုင်လောက်အောင် ယုံကြည်မှုမရှိဘဲ ကိုယ့်ကိုယ်ကိုယ် ခုခံကာကွယ်ရတော့မည့်နှယ် ဆူးများကို ထောင်ကြွထားတတ်ပါတော့သည်။ ဆူးများ မြောက်ထောင်ထားသော ဖြူကောင်ကို မည်သူကမျှ ချစ်ခင်ကြင်နာခြင်း၊ ပွတ်ကာသပ်ကာ အရောတဝင်ဆက်ဆံခြင်းပြုလုပ်ရန် မဖြစ်နိုင်သကဲ့သို့ များစွာသောသူစိမ်းများသည် ကျွန်ုပ်ကို မြင်သောအခါ ခင်မင်ရင်းနှီးသောအဖြစ်မျိုးသို့ ရောက်နိုင်လိမ့်မည်ဟု မမျှော်လင့်ဘဲရှိကြ၏။ တချို့ကမူ မာနကြီးသော လူကြီးတစ်ယောက်ဟု ထင်ကြကြောင်း ပြောပြကြ၏။ စင်စစ်မှာ ဖြူကောင်၌ မာနမရှိနိုင်စကောင်းသကဲ့သို့ ကျွန်ုပ်မှာလည်း မည်သူ့အပေါ်ကိုမှ ပလွှားကြွားဝါဖူးခြင်းမရှိ။ မိမိ၏အမြင်ကို စိတ်ချလက်ချယုံကြည်၍ ရဲရဲကြီးတင်ပြဝံ့ခြင်း (Self–Confidence) မျှသာ ဖြစ်သောကြောင့် "မာန" ဟုတ်မည်မထင်။ မိမိအား ပုတ်ခတ်ပြောဆိုကြမည့်အရေးကို သိမြင်သည်နှင့် ကြိုတင်ပြီး ခုခံကာကွယ်သည့် သဘောကိုဖော်ပြသည့် ဉာဉ်ဆိုးတစ်မျိုးမျှသာ ဖြစ်တန်ရာသည် ထင်ပါ၏။ ဖြူကောင်သည် ကျား၊ ကျားသစ်စသော တိရစ္ဆာန်များကို မြင်လိုက်သည်နှင့်တစ်ပြိုင်နက် ရန်သူဟူ၍ ချက်ချင်း သိဘိသကဲ့သို့ ကျွန်ုပ်သည်လည်း ကျွန်ုပ်နှင့် အစပ်မတည့်မည့် လူတစ်ယောက်ကိုမြင်လိုက်သည်နှင့် တစ်ပြိုင်နက် ချက်ချင်းပင် သိတတ်၏။ ဤကိစ္စမျိုး၌ ကျွန်ုပ်၏အထင်သည် အလွန်လွဲခဲလှ၏။ အစပ်မတည့်ဟူ၍ ကျွန်ုပ်ထင်လိုက်မိသည်ဆိုလျှင် အခြေအနေအရ မဆက်ဆံဘဲမဖြစ်၍ ဆက်ဆံကြည့်သောအခါတွင်လည်း ထင်သည့်အတိုင်း အစပ်မတည့်ခြင်းကိုပင် တွေ့ရ၏။ တချို့လူများမှာမူ ပထမတစ်ကြိမ် မြင်လိုက်ကတည်းက ကျွန်ုပ်သိသည့်အတိုင်း သူ့စိတ်သို့ ခတ်ရိုက်သည့် လက္ခဏာနှင့် သူကလည်းသိပုံရ၍ တစ်ယောက်နှင့် တစ်ယောက် ကြိမ်ဖန်များစွာတွေ့ကြရသော်လည်း စကားတစ်ခွန်းမျှမပြောဘဲ နေကြသူများလည်း ရှိလေသည်။ ဆူးပေါက်သော ဖြူကောင်သည် မသင့်မြတ်သူကို အကဲခတ်ခြင်းအလုပ်၌ တခြားသတ္တဝါများထက် သိလွယ်တတ်သော ပကတိဉာဏ် (Instinct) ရှိပုံရ၏။ ကျွန်ုပ်သည်လည်း မိမိနှင့် အစပ်မတည့်မည့် လူတစ်ယောက်ကိုသိဖို့ရန် စုံစမ်းဆင်ခြင်နေရသည်မဟုတ်။ မြင်လျှင်မြင်ချင်း တိရစ္ဆာန်တို့၏ ပကတိဉာဏ်မျိုးဖြင့် သိနိုင်လေသည်။ ဤနည်းအားဖြင့် ကျွန်ုပ်နှင့် ကြိမ်ဖန်များစွာ တွေ့ဖူးသော်လည်း တစ်ကြိမ်တစ်ခါမျှ မခေါ်မပြောဖူးသူပေါင်းမှာ ကျွန်ုပ်၏ တစ်သက်တာ၌ တော်တော်များလေသည်။ တစ်ခါတစ်ရံတွင် ထိုလူမျိုးတို့သည် ကျွန်ုပ်အကြောင်းကို မကောင်းပြောကြသည်ဟူ၍လည်း တခြားလူများထံမှ ကြားရလေသည်။ ကျွန်ုပ်၏စိတ်ထဲ၌ မည်သို့မျှမရှိပါ။ ထိုသို့သော လူမျိုးနှင့် ခေါ်ပြောဆက်ဆံမှုမပြုမိခြင်းသည် ရန်ဖြစ်ဖို့အခွင့်မရဘဲ ရှိသည်ဆိုကာ ကိုယ့်အသိကိုကိုယ် ကျေနပ်မိပါသည်။

> **"ဖြူကောင်သည် ကျား၊ ကျားသစ်စသော တိရစ္ဆာန်များကို မြင်လိုက်သည်နှင့်တစ်ပြိုင်နက် ရန်သူဟူ၍ ချက်ချင်းသိဘိသကဲ့သို့ ကျွန်ုပ်သည်လည်း ကျွန်ုပ်နှင့်အစပ်မတည့်မည့် လူတစ်ယောက်ကိုမြင်လိုက်သည်နှင့်တစ်ပြိုင်နက် ချက်ချင်းပင် သိတတ်၏။ ဤကိစ္စမျိုး၌ ကျွန်ုပ်၏အထင်သည် အလွန်လွဲခဲလှ၏။ အစပ်မတည့်ဟူ၍ ကျွန်ုပ်ထင်လိုက်မိသည်ဆိုလျှင် အခြေအနေအရ မဆက်ဆံဘဲမဖြစ်၍ ဆက်ဆံကြည့်သောအခါတွင်လည်း ထင်သည့်အတိုင်း အစပ်မတည့်ခြင်းကိုပင် တွေ့ရ၏. . ."**

### စိတ်မတိုသင့်ဘဲ တိုမိခြင်း

ဆူးများပေါက်ရခြင်းသည် ဤမျှလောက်သာ အကျိုးတရားပေါ်ထွက်သည်ဆိုပါလျှင် တော်ပါသေး၏။ ကျွန်ုပ်အဖို့ရာ၌မူ ဤမျှလောက်မကသေးခြင်းကိုတွေ့ရ၏။ ကျွန်ုပ်၌ သည်းမခံတတ်ခြင်း၊ စိတ်တိုခြင်း၊ ဆန့်ကျင်ဘက်သဘာဝနှင့် တွေ့သည့်အခါ စိတ်ဆိုးလွယ်တတ်ခြင်းတည်းဟူသော မကောင်းသည့် ဉာဉ်ဆိုးများဖြစ်ပေါ်လျက်ရှိ၏။ ဥဒါဟရုဏ်ဆောင်ရသော် ပီကင်းသို့ သွားစဉ်က အမတ်တစ်ယောက်၏ ဗဟုသုတမပြည့်စုံခြင်းအတွက် ကျွန်ုပ် စိတ်တိုလိုက်မိ၏။ သူ့ဘာသာသူ ဗဟုသုတနည်းခြင်းသည် ကျွန်ုပ်နှင့် ဘာဆိုင်ပါသနည်း။ သို့နှင့်လည်း ကျွန်ုပ်က ပိုင်စိုးပိုင်နင်းလုပ်၍ ကိုယ့်တပည့်သဖွယ် ငေါက်ဆတ်ဆတ်ပြောလိုက်မိသည်။ ရှုတ်ချလိုက်မိသည်။ ဤသည်မှာ ဆူးများပေါက်ထားခြင်း၏ အကျိုးဆက်ပင်ဖြစ်လေရာ ဤအခြင်းအရာမျိုးမှာမူ အထက်ပါကိစ္စမျိုးတို့ထက်ဆိုးရွား၍ ကိုယ့်ဘာသာကိုယ်လည်း မကျေနပ်သဖြင့် ဤနောက်ပိုင်းတွင် ပြုပြင်ဖို့ ကြိုးစားလျက်ရှိပါသည်။

### ချွတ်ယွင်းချက်တစ်ခု

အလားတူ ဆိုးရွားသောကိစ္စတစ်ခုလည်း ရှိသေး၏။ စာရေးသောအခါ၌ ကျွန်ုပ်သည် (အထူးသဖြင့် လောကုတ္တရာရေးရာအကြောင်း ရေးသားသောအခါများတွင်) တခြားလူများ လွဲမှားလျက်ရှိသည်ဟု ကျွန်ုပ် အသေအချာသိသောအကြောင်းအရာများကို ရေးချင်တတ်၏။ ကျွန်ုပ်က အထောက်အထားပြည့်စုံစွာနှင့် ရေးသားတင်ပြစေကာမူ အတော်အတန်လူများ (လောက၌ အတော်အတန်လူများသာ များလှသည်။) လက်ခံနိုင်လိမ့်မည်မဟုတ်ခြင်းကို ကြိုတင်သိရှိထား၏။ ထိုကဲ့သို့ ကြိုတင်သိရှိထားနှင့်မှုသည် ဆူးတွေ ပေါက်ထားသည့် ကျွန်ုပ်အဖို့ရာ၌ ယားကျိကျိ ဖြစ်အောင် ကလိပေးသကဲ့သို့ ရှိနေ၍ မည်သူကမျှ ဆန့်ကျင်ဘက် ငြင်းချက်မထွက်ရသေးမီ မိမိတစ်ယောက်တည်း ကြိုတင်ပြီး ငြင်းနေနှင့်သကဲ့သို့ ဒေါနှင့်မောနှင့် ရေးခဲ့မိ၏။ ပီကင်းအမတ်သည် ဗဟုသုတနည်းပါးခြင်းအတွက်ကြောင့် ကျွန်ုပ် စိတ်တိုခဲ့ဖူးသကဲ့သို့ ဂေါတမဗုဒ္ဓက ရှင်းလင်းအောင်ဟောပြတော်မူခဲ့ပါလျက် သမထအလုပ်နှင့် ဝိပဿနာအလုပ်ကို ရောထွေးယှက်တင်ဖြစ်ကြရသလော၊ ပြဿနာတစ်ခု၏ သဘာဝကျ၊ မကျကို ချင့်ချိန်နှိုင်းဆနိုင်သောဉာဏ် မရှိကြသလော၊ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးမျိုးက ရေးပြမှ ဟုတ်မှန်သည်ဟု လက်ခံတတ်ကြသလော၊ သဘာဝကို စံချိန်ထားပြီး ကိုယ်ပိုင်ဉာဏ်ဖြင့် မစဉ်းစားတတ်ကြသလော၊ ကာလာမသုတ်အကြောင်းကို မကြားဖူးကြသလော စသည်ဖြင့် ကိုယ်တစ်ယောက်တည်း ဒေါသထွက်ပြီး တင်းမာခက်ထန်သော စကားလုံးများနှင့် ကြွပ်ဆတ်သောဝါကျများ ထွက်လာကုန်ကြလေတော့သည်။ ဤအခြင်းအရာကို ယခုကဲ့သို့ ရှင်းပြခြင်းမှာ ကျွန်ုပ် စိတ်တိုခြင်းသည် နည်းလမ်းမှန်သည်ဟုဆိုလိုခြင်း (Justification) မဟုတ်ပါ။ အဘယ်ကြောင့် စိတ်တိုမိခြင်းကို ကိုယ့်ဘာသာကိုယ်ဖော်ထုတ်ပြီး ရှင်းလင်းတင်ပြခြင်း (Explanation) မျှသာဖြစ်ပါသည်။ စိတ်တိုရခြင်းမှာအကြောင်းရှိသော်လည်း ကျွန်ုပ်၏အပြစ် (ချွတ်ယွင်းချက်) ဖြစ်ပါသည်ဟူ၍ ကျေကျေနပ်နပ်ကြီး ဝန်ခံပါသည်။

### တစ်ကိုယ်တည်းသမား

ကျွန်ုပ်သည် ကျွန်ုပ်၏ (သဘာဝ ကျ၊ မကျ၊ နည်းလမ်း မှန်၊ မမှန်) ဆုံးဖြတ်တတ်သည့် ဉာဏ်စွမ်းနှင့်ပတ်သက်၍ လောကီမှု၌ဖြစ်စေ၊ လောကုတ္တရာရေး၌ဖြစ်စေ ရဲရဲကြီး စိတ်ချယုံကြည်ထားသော်လည်း ကျွန်ုပ်၏ညှိနှိုင်းမှုများ (အထူးသဖြင့် လူမှုဆက်ဆံရေးတွင် ညှိနှိုင်းမှုများ)ကိုမူ ဝန်ခံရန် အသင့်ရှိပါသည်။ စဉ်းစားဉာဏ်ဖြင့် ဆုံးဖြတ်ခြင်းမျိုးမှတစ်ပါး ကျွန်ုပ်၏ ညှိနှိုင်းမှုများသည် ရေး၍မကုန်နိုင်အောင် ရှိနေကြောင်း ကိုယ့်ဘာသာကိုယ်လည်း သိပါ၏။ သဘာဝအကြောင်းကို ဤမျှလောက်သိသည်ဆိုလျှင် အဘယ်ကြောင့် ညှိနှိုင်းမှုများရှိရသနည်းဟု မေးချင်စဖွယ် ဖြစ်နေ၏။ သိခြင်းသည် တခြား၊ လုပ်တတ်ခြင်းသည် တခြားဖြစ်သည်ဟု ဆိုရပေမည်။ ဥပမာ လူပေါင်းဆံ့ခြင်းသည် ကောင်း၏ဟု သိ၏။ ဘယ်ကဲ့သို့လုပ်ရသည်ဟူ၍လည်း သိပါ၏။ သို့ရာတွင် လက်တွေ့၌မူ (စိတ်တိုခြင်း အစရှိသော ချွတ်ယွင်းချက်လေးများကြောင့်) ဖြစ်အောင် မလုပ်တတ်ဘဲ ရှိနေ၏။ ဤကား မှန်သည်၊ ဤကား မှားသည်ဟူ၍လည်းကောင်း၊ အဘယ့်ကြောင့် မှားသည်၊ အဘယ့်ကြောင့် မှန်သည်ဟူ၍လည်းကောင်း အကြောင်းအကျိုးနှင့်တကွ ကျွန်ုပ် ကောင်းကောင်းသိ၏။ သို့ရာတွင် လူအများနှင့် ဆက်ဆံရသောအလုပ်ဟူသမျှ၌ ကျွန်ုပ် မအောင်မြင်ဘဲရှိ၏။

ဆက်လက်ဖော်ပြပါမည်။

## ကျိုက်ထိုမြို့နယ် လူထုအခြေပြုဗဟိုဌာန၌ သိုးမွေးချည်ဖြင့် ခေါင်းစည်းကြိုးအမျိုးမျိုးထိုးနည်းသင်တန်းဖွင့်လှစ်

ကျိုက်ထို အောက်တိုဘာ ၈

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့ပူးပေါင်း၍ အမျိုးသမီးငယ်များ လက်မှုအတတ်ပညာများ ကျွမ်းကျင်တတ်မြောက်စေရန် သိုးမွေးချည်ဖြင့် ခေါင်းစည်းကြိုးအမျိုးမျိုးထိုးနည်းသင်တန်းကို အောက်တိုဘာလ ၈ ရက်တွင် မြို့နယ်လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်သင်းသင်းဦးက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သန်းသန်းမော်က အမျိုးသမီးငယ်များ အားလပ်ချိန်ကို အကျိုးရှိစွာအသုံးပြုနိုင်ရန်နှင့် လက်မှုအတတ်ပညာများကို ကျွမ်းကျင်တတ်မြောက်စေရန်ရည်ရွယ်၍ ယခုကဲ့သို့ သင်တန်းဖွင့်လှစ်ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို သင်တန်းသူ ၂၁ ဦး တက်ရောက်ပြီး သင်တန်းတွင် သိုးမွေးချည်ထိုးနည်းအခြေခံမှစ၍ ခေါင်းစည်းကြိုးအမျိုးမျိုးထိုးနည်းကို နှစ်ရက်ကြာလက်တွေ့သင်ကြားပြသပေးခဲ့ကြောင်း သိရသည်။

ချမ်းမြေ့



# ဘယ်လာရုစ်နိုင်ငံမှ ဖျော်ဖြေရေးအဖွဲ့အား ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း လက်ခံတွေ့ဆုံ



**နေပြည်တော် အောက်တိုဘာ ၈**

မြန်မာ-ဘယ်လာရုစ်နှစ်နိုင်ငံ ချစ်ကြည်ရေးတိုးမြှင့်နိုင်ရန်အတွက် မြန်မာနိုင်ငံ၌ ရောက်ရှိနေသော ဘယ်လာရုစ်နိုင်ငံမှ ဖျော်ဖြေရေးအဖွဲ့ခေါင်းဆောင် တေးဂီတပညာရှင်နှင့်တေးရေး/တေးဆို Mr Vladimir Sukolinsky ဦးဆောင်သည့်အဖွဲ့နှင့် ရုရှား-မြန်မာချစ်ကြည်ရေးအသင်း ဒုတိယဥက္ကဋ္ဌ Mr. Alexander Ostrovsky တို့သည် ယနေ့နံနက်ပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းအား ဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် GTL ကုမ္ပဏီမှ ဒေါက်တာစိန်ထူးတို့ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ဘယ်လာရုစ်နိုင်ငံသည် မြန်မာနိုင်ငံအတွက်မိတ်ဆွေကောင်းနိုင်ငံဖြစ်ပြီး နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုရှိပြီးဖြစ်၍ ယခုကဲ့သို့ ဂီတဖျော်ဖြေပွဲများပြုလုပ်ခြင်းဖြင့် နှစ်နိုင်ငံပြည်သူများအကြား ပေါင်းကူးတံတားသဖွယ်ရင်းနှီးမှုကို တိုးမြှင့်ရရှိမည်ဟု ယုံကြည်ကြောင်း၊ ယခုလာရောက်ဖျော်ဖြေပေးသည့်အဖွဲ့၏တင်ဆက်မှုကို MRTV သတင်းများတွင် ပြည့်စုံစွာထည့်သွင်းထုတ်လွှင့်ပြီး အကျယ်တဝင့်ဖော်ပြပေးလျက်ရှိကြောင်း၊ မြန်မာ-ရုရှား-ဘယ်လာရုစ် သုံးနိုင်ငံပူးပေါင်း၍ ဂီတဖျော်ဖြေပွဲကို ရန်ကုန်မြို့နှင့် နေပြည်တော်တို့၌ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ရုရှား-မြန်မာ ချစ်ကြည်ရေးအသင်း ဒုတိယဥက္ကဋ္ဌ Mr. Alexander Ostrovsky နှင့် ဘယ်လာရုစ်နိုင်ငံမှ ဖျော်ဖြေရေးအဖွဲ့ခေါင်းဆောင် တေးဂီတပညာရှင်နှင့် တေးရေး/တေးဆို Mr Vladimir Sukolinsky တို့က မြန်မာနိုင်ငံသည် ကိုယ်ပိုင်ယဉ်ကျေးမှုရှိပြီး နိုင်ငံသူ၊ နိုင်ငံသားများက ယဉ်ကျေးပျူငှာဖော်ရွေမှုရှိကာ ယခုကဲ့သို့ ဂီတဖျော်ဖြေပွဲများ ပြုလုပ်ခွင့်ရရှိသဖြင့် နှစ်နိုင်ငံပြည်သူများအကြား ပေါင်းကူးတံတားသဖွယ် ဆောင်ရွက်ခွင့်ရရှိသည့်အတွက် ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

အဆိုပါဖျော်ဖြေရေးအဖွဲ့သည် မန္တလေးနှင့်ပြင်ဦးလွင်တို့၌ ဖျော်ဖြေခဲ့ကြပြီးဖြစ်ကြောင်းနှင့် ရန်ကုန်နှင့် နေပြည်တော်တို့တွင် မြန်မာ-ရုရှား-ဘယ်လာရုစ် သုံးနိုင်ငံ ဖျော်ဖြေပွဲဆက်လက်ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

မြဝတီ

# ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ အာမခံအလုပ်သမားများ၏ သားသမီးများအား ပညာသင်စရိတ်ထောက်ပံ့ခြင်းနှင့် မန္တလေးငလျင်ဘေးသင့်သဘာဝဘေးအန္တရာယ်ကျရောက်မှုဆိုင်ရာ မိသားစုထောက်ပံ့မှုအကျိုးခံစားခွင့်ပေးအပ်




**နေပြည်တော် အောက်တိုဘာ ၈**

ပြည်ထောင်စုနယ်မြေနေပြည်တော်အတွင်းရှိ အာမခံအလုပ်သမားများ၏ သားသမီးများအား ပညာသင်စရိတ်ဆိုင်ရာ မိသားစုထောက်ပံ့မှု အကျိုးခံစားခွင့်ပေးအပ်ခြင်းနှင့် သဘာဝဘေးအန္တရာယ်ကျရောက်မှုဆိုင်ရာ မိသားစုထောက်ပံ့မှု အကျိုးခံစားခွင့်ပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ကောင်စီအဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပြည်ထောင်စုနယ်မြေနေပြည်တော်အတွင်းရှိ အလုပ်ဌာနများမှ အလုပ်ရှင်များ၊ အလုပ်သမား ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက လူမှုဖူလုံရေးအဖွဲ့အနေဖြင့် တစ်မျိုးသားလုံးအကျုံးဝင်သည့် လူမှုဖူလုံရေးစီမံကိန်းဖြစ်စေရန် ဟူသော ရည်မှန်းချက်နှင့်အညီ ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါ အာမခံစနစ် ၆ မျိုးအနက် နိုင်ငံ၏အခြေအနေနှင့်ကိုက်ညီသော ကျန်းမာရေးနှင့် လူမှုရေးစောင့်ရှောက်မှုအာမခံစနစ်၊ အလုပ်တွင်ထိခိုက်မှုအကျိုးခံစားခွင့် အာမခံစနစ်နှင့် မိသားစုထောက်ပံ့မှုအာမခံစနစ်တို့အား လက်ရှိအကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊၊

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်နှင့်အညီ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်မှစတင်၍ အာမခံအလုပ်သမားများ၏ အချိန်ပြည့်ပညာသင်ကြားနေသော သားသမီးများအတွက် ပညာသင်စရိတ်ခွင့်ပြုထုတ်ပေးလျက်ရှိရာ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ပညာသင်စရိတ်လျှောက်ထားလာသည့်အာမခံအလုပ်သမား ၃၈၃၉ ဦး၏ သားသမီး ၅၁၉၇ ဦးအတွက် ပညာသင်စရိတ်ထောက်ပံ့ကြေးငွေကျပ်သန်း ၂၂၀ ဒသမ ၅၃၀ သန်းထောက်ပံ့ပေးအပ်မည်ဖြစ်ပြီး ပြည်ထောင်စုနယ်မြေ နေပြည်တော်အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်အားလုံးရှိ အာမခံအလုပ်သမား ၇၂၇၉၄ ဦး၏ သားသမီး ၉၅၄၀၂ ဦးအတွက် ငွေကျပ် ၃ ဒသမ ၇၈၇ ဘီလီယံကျော်ကို Online Payment စနစ်ဖြင့် အာမခံအလုပ်သမားများထံသို့ ခွင့်ပြုထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ထို့ပြင် မန္တလေးငလျင်ဘေးသင့်သည့် အာမခံအလုပ်သမား ၆၇၅၇ ဦးအတွက် သဘာဝဘေးအန္တရာယ်ကျရောက်မှုဆိုင်ရာမိသားစုထောက်ပံ့မှုအကျိုးခံစားခွင့် ငွေကျပ်သန်း ၅၆၇ ဒသမ ၃၆၅ သန်းကိုလည်း ခွင့်ပြုထုတ်ပေးမည်ဖြစ်ပြီး ပြည်ထောင်စုနယ်မြေ နေပြည်တော်အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ် ခြောက်ခုမှ အာမခံအလုပ်သမား ၇၉၇၉၅ ဦးအတွက် ငွေကျပ် ၆ ဒသမ ၆၇၅ ဘီလီယံကျော် Online Payment စနစ်ဖြင့် ခွင့်ပြုထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း၊လူမှုဖူလုံရေးအဖွဲ့အနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် ငွေကြေးအကျိုးခံစားခွင့်များကို ကြန့်ကြာမှုမရှိစေဘဲ ခွင့်ပြုထုတ်ပေးဆောင်ရွက်လျက်ရှိပြီး အလုပ်ရှင်၊ အလုပ်သမားများ ယုံကြည်အားထားရသည့် အဖွဲ့အစည်းတစ်ခုအဖြစ် အခိုင်အမာရပ်တည်နိုင်ရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက နေပြည်တော်ကောင်စီဥက္ကဋ္ဌထံ မိသားစုထောက်ပံ့မှု အကျိုးခံစားခွင့် ၄၀ ရာနှုန်း၊ ငွေကျပ်သန်း ၅၆၇ ဒသမ ၃၆၅ သန်းကိုလည်းကောင်း၊ ဒုတိယဝန်ကြီးက နေပြည်တော်ကောင်စီဝင်ထံသို့ ပညာသင်စရိတ်ထောက်ပံ့ကြေး ငွေကျပ်သန်း ၂၂၀ ဒသမ ၅၃၀ သန်းကိုလည်းကောင်း လွှဲပြောင်းပေးအပ်ပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် နေပြည်တော်ကောင်စီရုံးအတွင်း ရွေ့လျားဆေးကုသယာဉ်(MMU)ဖြင့် အာမခံလုပ်သားများကို ကျန်းမာရေးစောင့်ရှောက်ပေးနေမှုများကို ကြည့်ရှုအားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

မြဝတီ

➢ **ကျောဖုံးမှအဆက်**

တိုင်းဒေသကြီးအတွင်း ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် ဆက်လက်ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သော HRB 500 အမျိုးအစား သံချောင်းလုံးများကို ပေးပို့လျက်ရှိရာ ပထမအကြိမ်တွင် သံချောင်းလုံး တန်ချိန် ၄၈၆ ဒသမ ၈၈၆ တန်နှင့် ယခုအကြိမ်တွင် သံချောင်းလုံး တန်ချိန် ၄၉၀ ဒသမ ၅၃ တန် ပို့ဆောင်ပေးခဲ့ပြီး စုစုပေါင်း သံချောင်းလုံး တန်ချိန် ၉၇၇ ဒသမ ၄၁၄ တန် ပို့ဆောင်လွှဲပြောင်းခဲ့ပြီးဖြစ်ကြောင်းနှင့် အလားတူ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိပြန်လည်ထူထောင်ရေးနှင့်တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သော HRB 500 အမျိုးအစား သံချောင်းလုံးများကို ဆက်လက်ပို့ဆောင်ပေးရန် စီစဉ်ထားရှိပြီးဖြစ်ကြောင်းလည်း သိရသည်။

(၁၀၀)



မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ငလျင်ဘေးဒဏ် ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများ အတွက်လိုအပ်သော သံချောင်းလုံးများ ရန်ကုန်မြို့မှ အထူးကုန်ရထားများဖြင့် မန္တလေးမြို့သို့ ရောက်ရှိလာရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးစဉ်။

# ဘားအံမြို့နယ် တောင်နားကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး



**ဘားအံ အောက်တိုဘာ ၈**

ကရင်ပြည်နယ် ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေရရှိစေရန် ရည်ရွယ်၍ တောင်နားကျေးရွာ၌ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို အောက်တိုဘာလ ၈ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ကရင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ)ဒေါ်ခင်ဇာဝင့်နှင့် ခရိုင်၊ မြို့နယ်အဆင့်တာဝန်ရှိသူများက တောင်နားကျေးရွာ သောက်သုံးရေရရှိရေးကော်မတီဝင်များနှင့်အတူ စက်ရေတွင်းတူးဖော်ခြင်း၊ ရေစင်တည်ဆောက်ခြင်းနှင့် ဆိုလာတပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယညွှန်ကြားရေးမှူး(နည်းပညာ) ဒေါ်ခင်ဇာဝင့်က ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် ပြောကြားသည်။

ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရခွင့်ပြုငွေ ငွေကျပ် ၅၄ ဒသမ ၂၅ သန်းဖြင့် တောင်နားကျေးရွာ၌ အကျယ်လေးလက်မခွဲ အနက်ပေ ၂၀၀ စက်ရေတွင်းတစ်တွင်း၊ ရေဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်နှင့် ရေစက်ရုံအောက်ခန်းဖွဲ့ခြင်း၊ ၅၇၅ ဝပ် ဆိုလာ ရှစ်ချပ်တပ်ဆင်ခြင်းလုပ်ငန်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မေလပထမပတ်က စတင်တာဝန်ယူဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်သဖြင့် အဆိုပါကျေးရွာရှိ အိမ်ခြေ ၄၀ မှ လူဦးရေ ၁၅၂ ဦးအတွက် သန့်ရှင်းသောသောက်သုံးရေများ ဖူလုံစွာရရှိနေပြီဖြစ်ကြောင်း သိရသည်။

ဘိုဘို

# သီတင်းကျွတ်ရုံးပိတ်ရက်ကာလအတွင်း ငွေဆောင်ကမ်းခြေသို့ လာရောက်လည်ပတ်သူများပြား

**ပုသိမ် အောက်တိုဘာ ၈**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငွေဆောင်မြို့ ငွေဆောင်ကမ်းခြေသို့ သီတင်းကျွတ်ရုံးပိတ်ရက်ကာလ အောက်တိုဘာလ ၄ ရက်မှ ၆ ရက်အထိ ပြည်တွင်းခရီးသွား ၉၄၂၆ ဦးနှင့် ပြည်ပခရီးသွားဧည့်သည် ၇၈၁ ဦးဝင်ရောက်ကာ ယခင်နှစ်ကထက် လာရောက်လည်ပတ်သူ ပိုမိုများပြားကြောင်း သိရသည်။

ဧရာဝတီတိုင်းဒေသကြီး၏ အထင်ကရကမ်းခြေတစ်ခုဖြစ်သော ငွေဆောင်ကမ်းခြေသည် ပင်လယ်ကမ်းရိုးတန်းရှည်လျားပြီး သဲသောင်ပြင်သန့်ရှင်းခြင်း၊ ပင်လယ်ရေကြည်လင်ခြင်း၊ လည်ပတ်စရာနေရာပေါများခြင်း၊ ဟိုတယ်၊ ဧည့်ရိပ်သာများ၏ဝန်ဆောင်မှုကောင်းမွန်ခြင်းတို့ကြောင့် နှစ်စဉ်ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များလာရောက်အနားယူအပန်းဖြေရာကမ်းခြေဖြစ်ကြောင်း၊ ငွေဆောင်ကမ်းခြေသို့ လာရောက်လည်ပတ်ကြသော ခရီးသွားဧည့်သည်များသည် Speed Boat၊ Banana Boat တို့ဖြင့် ငွေဆောင်ကမ်းခြေ၏ အထင်ကရကျွန်းများသို့ သွားရောက်လည်ပတ်ခြင်း၊ ငွေဆောင်မြို့ရှိ ဆင်စခန်းများသို့ သွားရောက်လည်ပတ်ခြင်း၊ ငွေဆောင်ညဈေးသို့ သွားရောက်လည်ပတ်ခြင်းတို့ ပြုလုပ်ကြောင်း သိရသည်။

ငွေဆောင်ကမ်းခြေတွင် ခရီးသွားဧည့်သည်များ စိတ်အေးချမ်းပျော်ရွှင်စွာအနားယူအပန်းဖြေနိုင်စေရေး၊ လုံခြုံမှုရှိစေရေး၊ ယာဉ်ကြောပိတ်ဆို့မှုမဖြစ်စေရေး၊ ကမ်းခြေသန့်ရှင်းသာယာလှပရေးနှင့် ဈေးသည်များသတ်မှတ်စည်းကမ်းနှင့်အညီရောင်းချစေရေးတို့အတွက် ငွေဆောင်နယ်မြေရဲတပ်ဖွဲ့စခန်း၊ မြို့အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကမ်းခြေလုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ဝင်များ ပူးပေါင်းကာ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကျော်လွင်ဦး(ပြန်/ဆက်)

# သဃ်န်းကျွန်းမြို့နယ်၌ ပြည်သူများအား Smart Card များ နေ့ချင်းပြီး ဆောင်ရွက်ပေးလျက်ရှိ


**ရန်ကုန် အောက်တိုဘာ ၈**

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံး၌ အောက်တိုဘာလ ၈ ရက်တွင် မြို့နယ်အတွင်းရှိ ပြည်သူများကို Smart Card (Biometric Card) များအား မြို့နယ်ဦးစီးမှူး ဦးဝင်းနိုင်ထွေးနှင့်ဝန်ထမ်းများက နေ့ချင်းပြီးဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အီလက်ထရွန်နစ်မှတ်ပုံတင်စနစ်ဦးစီးဌာနမှ နိုင်ငံအတွင်းနေထိုင်သူ အသက် ၁၀ နှစ်အထက်ရှိသူများကို Electronic စနစ်ဖြင့် ကိုယ်ရေးအချက်အလက်များ (Biographic Data) နှင့် ဇီဝအချက်အလက်များ (Biometric Data) များကို ကောက်ယူမှတ်ပုံတင်၍ ဂဏန်း ၁၀ လုံးပါရှိသည့် Unique Identity Number (UID) သတ်မှတ်ထုတ်ပေးလျက်ရှိရာ Biographic/Biometric အချက်အလက်များ မှတ်ပုံတင်ရာတွင် နိုင်ငံသားစိစစ်ရေးကတ် သို့မဟုတ် နိုင်ငံတော်အစိုးရမှ တရားဝင်ထုတ်ပေးထားသော အထောက်အထားလက်မှတ်တစ်ခုခုကို တစ်ပါတည်းယူဆောင်လာရန် လိုအပ်ကြောင်း သိရသည်။

Smart Card များအား အစိုးရရုံးပိတ်ရက်များမှအပ နေ့စဉ် နံနက် ၉ နာရီခွဲမှ ညနေပိုင်းအထိ ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

ဇော်မိုး(သဃ်န်းကျွန်း)




# ရေနံချောင်းမြို့နယ်၌ နိုင်ငံသားအခွင့်အရေးမဆုံးရှုံးဖို့ မဲပေးကြပါစို့ အသိပညာပေးဆိုင်းဘုတ်စိုက်ထူ




**ရေနံချောင်း အောက်တိုဘာ ၈**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးခွင့်ရှိသူတိုင်း မဲပေးခွင့်မဆုံးရှုံးစေရန် နိုင်ငံသားအခွင့်အရေးမဆုံးရှုံးဖို့ မဲပေးကြပါစို့ အသိပညာပေးဆိုင်းဘုတ်စိုက်ထူပွဲကို အောက်တိုဘာလ ၇ ရက်က ကျင်းပသည်။

အဆိုပါဆိုင်းဘုတ်စိုက်ထူပွဲသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဇင်ဦးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမျိုးလွင်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြပြီး တာဝန်ရှိသူများက ဆိုင်းဘုတ်ကိုအမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းဖွင့်လှစ်သည်။

ရေနံချောင်းမြို့နယ်၌ ပထမအကြိမ်မဲစာရင်းများကို ရပ်ကွက်/ကျေးရွာ ၁၉ အုပ်စုရှိ သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများ၌ စက်တင်ဘာလ ၃၀ ရက်က စတင်ကြေညာထားရှိရာ မဲဆန္ဒရှင်စာရင်းတွင် မိမိတို့အမည်စာရင်းမပါရှိပါက ထပ်တိုးမဲစာရင်းပုံစံ(၃)ဖြင့်လည်းကောင်း၊အချက်အလက်များပြင်ဆင်လိုပါက ပုံစံ(၄-ဂ)ဖြင့်လည်းကောင်း၊ မဲစာရင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပုံစံ(၄)ဖြင့်လည်းကောင်း ဖြည့်စွက်၍ သက်ဆိုင်ရာရပ်ကွက်/ကျေးရွာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် မဲစာရင်းထုတ်ပြန်ကြေညာသည့်ကာလအတွင်း ပြင်ဆင်လျှောက်ထားနိုင်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# မဲစာရင်းများ ပထမအကြိမ်ကပ်ထားကြေညာထားရှိမှုအခြေအနေကို နေပြည်တော်ကောင်စီဥက္ကဋ္ဌ ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၈

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးသို့သွားရောက်ပြီး ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သည့်နေရာများ ပြန်လည်ပြုပြင်နေမှု အခြေအနေများနှင့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက ဘုရားပရိဝုဏ်အတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကာ လိုအပ်ချက်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



ထို့နောက် ပျဉ်းမနားမြို့နယ် ရန်အောင်(၁)ရပ်ကွက်နှင့် ယောက်သွားအင်းကျေးရွာရပ်ကွက်/ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများသို့ သွားရောက်၍ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး မဲစာရင်းများ ပထမအကြိမ် ကပ်ထားကြေညာထားရှိမှုအခြေအနေကိုကြည့်ရှုစစ်ဆေးပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက မဲစာရင်းကို လာရောက်ကြည့်ရှုသည့် ပြည်သူများအနေဖြင့် မိမိအမည်မဲစာရင်းတွင် မပါဝင်ပါက ပုံစံ(၃)ဖြင့် မဲစာရင်းတွင်အမည်ထည့်သွင်းပေးရန်တောင်းဆိုခြင်း၊ မပါဝင်သင့်သူများပါဝင်နေပါက ပုံစံ(၄)ဖြင့် ကန့်ကွက်ခြင်း၊ မဲစာရင်းပါ အချက်အလက်များမှားယွင်းနေပါက ပုံစံ(၄-က)ဖြင့်ပြင်ဆင်လွှာတင်သွင်းခြင်းတို့ကို ဆောင်ရွက်နိုင်ကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဇမ္ဗူသီရိမြို့နယ် သုခသိဒ္ဓိရပ်ကွက် အကွက်အမှတ် (၈-က) အမှုထမ်းအိမ်ရာ လေးခန်းတွဲလေးထပ် အသစ်တည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်၍တာဝန်ရှိသူများအား လုပ်ငန်းများအပိုင်းလိုက် အမြန်ပြီးစီးအောင်ဆောင်ရွက်ရေး၊ အရည်အသွေးပြည့်မီသည့်ပစ္စည်းများကိုသာ လုပ်ငန်းခွင်တွင်အသုံးပြုရေး၊ ငလျင်ဒဏ်အပြင်သဘာဝဘေးအန္တရာယ်များခံနိုင်ရည်ရှိအောင် သတ်မှတ်စံချိန်၊ စံညွှန်းနှင့်အညီ ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ပျဉ်းမနားမြို့၊ မင်္ဂလာဗျူဟာ သာသနာ့ဗိမာန်တော်၌ ကျင်းပသည့် (၁၀၅) ကြိမ်မြောက် ပျဉ်းမနားမြို့နယ်လုံးဆိုင်ရာ နှစ်ကျိပ်ရှစ်ဆူဘုရားများ ဒေသစာရီကြွချီခြင်း၊ ပူဇော်မှုအကောင်းဆုံးဆုပေးပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ထို့နောက် အမှတ်ပေးအဖွဲ့ဒိုင်လူကြီးများကိုယ်စား တာဝန်ရှိသူတစ်ဦးက အမှတ်ပေးနည်းစနစ်အား ရှင်းလင်းပြောကြားပြီး ပြိုင်ပွဲတွင်ဆုရရှိသည့် မော်တော်ယာဉ်များနှင့်ဝတ်ဖြူတော်အသင်း မော်တော်ယာဉ်များအား နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဝင်များနှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီဒုတိယမြို့တော်ဝန်တို့က ဆုများပေးအပ်သည်။

ယင်းနောက် ဆုရရှိသူများကိုယ်စား မြို့မိမြို့ဖတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားကာ အခမ်းအနားအပြီးတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ နှင့် တာဝန်ရှိသူများက ခင်းကျင်းပြသထားသည့် ပြိုင်ပွဲဝင်မော်တော်ယာဉ်များကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**အောင်ကို(ပုဗ္ဗသီရိ)**

# ဟုမ္မလင်းမြို့ရှိ အဆင့်မြင့်စစ်မှုထမ်းဟောင်း အိမ်ရာနေ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအားတွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၈

စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့ရှိ အဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာတွင် နေထိုင်လျက်ရှိသော စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား ယနေ့နံနက်ပိုင်းတွင်အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မျိုးမင်းထွေးနှင့် တာဝန်ရှိသူများက သွားရောက်တွေ့ဆုံ၍ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ပြီး စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)



အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မျိုးမင်းထွေးက စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများပေးအပ်စဉ်။

**⊃ ရှေ့ဖုံးမှအဆက်**

ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် ဆေးရုံများပြန်လည်ဖွင့်လှစ်နိုင်ရေး စသည့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကျောက်မဲမြို့ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းအား စတင်ဖွင့်လှစ်ခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားလျက်ရှိကြောင်းနှင့် ကျောင်းအပ်လက်ခံခြင်းများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိရာ ကျောင်းလာရောက်အပ်နှံမှုအနေဖြင့် ကျောင်းသား၊ ကျောင်းသူ ၈၃၆ ဦး ထပ်မံကျောင်းအပ်နှံခဲ့ပြီး စုစုပေါင်းကျောင်းသား၊ ကျောင်းသူ ၁၀၄၂ ဦး ပညာသင်ကြားလျက်ရှိကြောင်း သိရှိရသည်။ အဆိုပါထပ်မံကျောင်းအပ်နှံသည့်ကျောင်းသား၊ကျောင်းသူများအား ပညာရေးဝန်ကြီးဌာနမှ အခမဲ့ပေးအပ်သည့် ကျောင်းသုံးစာအုပ်များ၊ စာရေးကိရိယာများနှင့် ထောက်ပံ့ပစ္စည်းများကို တစ်ပါတည်းပေးအပ်ကြပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည်များ ဆောင်ရွက်ပေးကြသည်။



ကျန်းမာရေးဝန်ကြီးဌာနနှင့်တပ်မတော်မှဆရာဝန်များ၊ သူနာပြုများပူးပေါင်း၍ ယာယီဆေးရုံဖွင့်လှစ်ကာ ဒေသခံတိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။



လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနမှ တာဝန်ရှိသူများက ကျောက်မဲမြို့သို့ပြန်လည်ဝင်ရောက်လာသည့်ဒေသခံပြည်သူများအား အိမ်ထောင်စုစာရင်းတိုက်ဆိုင်စစ်ဆေးခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များပြုလုပ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးစဉ်။

ထို့ပြင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနမှ ကျောက်မဲမြို့သို့ ပြန်လည်ဝင်ရောက်လာသည့် ဒေသခံပြည်သူများအား အိမ်ထောင်စုစာရင်းတိုက်ဆိုင်စစ်ဆေးခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးသည်။ ၎င်းအပြင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျောက်မဲမြို့ပေါ်ရှိ ဌာနဆိုင်ရာရုံးများနှင့် အများပြည်သူသွားလာနေထိုင်လျက်ရှိသည့်နေရာများတွင် မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး ဒေသခံပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် ကျန်းမာရေးဝန်ကြီးဌာနနှင့် တပ်မတော်မှ ဆရာဝန်များ၊ သူနာပြုများပူးပေါင်း၍ ကျောက်မဲမြို့ လာဘမုနိတရုတ်ဘုံကျောင်း၌ ယာယီဆေးရုံဖွင့်လှစ်ကာ ဆေးကုသပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြင်ပလူနာ ၁၀၅ ဦးနှင့် ဆေးရုံတက်ရောက်ကုသရန်လိုအပ်သော လူနာ ၂ ဦးတို့ကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)



လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျောက်မဲမြို့ပေါ်ရှိ ဌာနဆိုင်ရာရုံးများနှင့် အများပြည်သူသွားလာနေထိုင်လျက်ရှိသည့်နေရာများတွင် မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

## လှိုင်ကော်တက္ကသိုလ်တွင် အဝေးသင် သင်တန်းတက်ရောက်ရမည်ဖြစ်ကြောင်း ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပညာရေးဝန်ကြီးဌာန**
**အဆင့်မြင့်ပညာဦးစီးဌာန**
**ကြေညာချက်**
**လှိုင်ကော်တက္ကသိုလ်တွင် အဝေးသင်**
**သင်တန်းတက်ရောက်ရမည်ဖြစ်ကြောင်း ကြေညာခြင်း**

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ တောင်ကြီးတက္ကသိုလ်၏ ၂၀၂၅ ပညာသင်နှစ်အဝေးသင်သင်တန်းတွင်ကျောင်းအပ်နှံထားသော လှိုင်ကော်တက္ကသိုလ်အဝေးသင် သင်တန်းမှ ကျောင်းသား၊ ကျောင်းသူများသည် ၂၀၂၅ ပညာသင်နှစ်၊ အဝေးသင် ဒုတိယအသုတ်နှင့် တတိယအသုတ် အနီးကပ်သင်တန်းနှင့် စာမေးပွဲများကို လှိုင်ကော်တက္ကသိုလ်တွင် တက်ရောက်ဖြေဆိုရမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**အဆင့်မြင့်ပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန**

## ၂၀၂၆ ခုနှစ် ရုံးသုံးပြက္ခဒိန် ထွက်ရှိ

နေပြည်တော် အောက်တိုဘာ ၈

ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနက ပုံနှိပ်ထုတ်ဝေသော ၂၀၂၆ ခုနှစ် ရုံးသုံးပြက္ခဒိန်ကို ဖြန့်ချိရောင်းချနေပြီဖြစ်သည်။ ၂၀၂၆ ခုနှစ် ရုံးသုံးပြက္ခဒိန်ကို စက္ကူဖြူချောဖြင့် တစ်စောင်လျှင် ငွေကျပ် ၁၂၀၀ နှုန်း စာပေဗိမာန်စာအုပ်ဆိုင်အမှတ်(တ-၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော် (ဖုန်း-၀၉-၄၄၉၅၄၀၆၆၇)၊ စာပေဗိမာန်စာအုပ်ဆိုင်အမှတ် (၅၂၉/၅၃၁) ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ (ဖုန်း-၀၁-၂၄၉၀၃၁၊ ၃၈၁၄၄၈)၊ စာပေဗိမာန်စာအုပ်ဆိုင်အမှတ်-၁၅၉၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေးမြို့(ဖုန်း-၀၂-၄၀၃၀၁၈၆)နှင့် မြို့နယ်အသီးသီးရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံ ဆက်သွယ်ဝယ်ယူရရှိနိုင်ပြီး ရုံးဌာနများနှင့် အသင်းအဖွဲ့များမှ လက်ကားဝယ်ယူလိုပါက အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၄၉၀၃၁၊ ၃၈၁၄၄၈သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်းသိရသည်။

မြဝတီ

## မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု ကွင်းဆင်းစစ်ဆေး

မလှိုင် အောက်တိုဘာ ၈

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် ကျော်ခေါင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို အောက်တိုဘာလ ၇ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စုစုနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများသည် ရန်ပုံငွေ ငွေကျပ် ၄၀ ဒသမ ၇ သန်းဖြင့် စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့်စာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိစစ်ဆေးသည်။

ကျော်ခေါင်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၁ ဦးအတွက် ငွေကျပ် ၁၀ ဒသမ ၇ သန်းနှင့် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၅၅ ဦးအတွက် ငွေကျပ် သန်း ၃၀ စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၆ ဦးအတွက် ရန်ပုံငွေ ငွေကျပ် ၄၀ ဒသမ ၇ သန်းအား ထုတ်ချေးပေးထားကြောင်း သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ဝက်သားသိပ်ကြိုက်သလား

**"ဝက်သားသိပ်ကြိုက်သူတွေအတွက် အကြံပြုရရင်တော့ များများစားရင် သွေးကြောတွေ အဆီတက်နိုင်တဲ့အတွက် သိပ်များများမစားသင့်ပါဘူး။ ချင့်ချိန်ပြီးတော့စားပါ။ တတ်နိုင်သမျှတော့ လျှော့စားပါ။ ဖြစ်နိုင်ရင် တစ်ပတ်မှာ နှစ်ရက်ထက်ပိုပြီး မစားပါနဲ့။ ကြာကြာဝါးမယ့်သွား အရိုးကြည့်ရှောင်ဆိုသလို ကြာကြာစားချင်တဲ့ဝက်သား လျှော့စားရပါမယ် . . ."**

မီးဖိုပေါ်က ပူနေတဲ့သံဒယ်အိုးထဲမှာ ဝက်ဆီခဲတွေကို ခြေပြီးကြော်တဲ့ ခေါက်ဆွဲကြော်တွေ၊ ဆိုးဆေးအနီတွေ သုတ်ထားတဲ့ ဝက်ခေါက်ကင်တွေကို အမြဲစားလေ့ရှိတဲ့ အရက်သမားတစ်ဦးက တစ်နေ့တခြားဝဖြိုးလာပြီး မကြာမီလေဖြတ်သေဆုံးသွားတယ်လို့ သိရပါတယ်။ တခြားသောက်ဖော်သောက်ဖက်တွေထက် ဝက်ဆီခဲပါတဲ့အစာစားတဲ့ အရက်သမားက ပိုပြီးမြန်မြန်ဒုက္ခရောက်နိုင်ပါတယ်။

ဝက်သားတုတ်ထိုးကြိုက်တဲ့ ကျောင်းသားလူငယ်တစ်ဦးက အလွန်ဝလာပြီး ငယ်ငယ်ရွယ်ရွယ်နဲ့ သွေးကြောပိတ်ရောဂါရလာတာကို တွေ့ရပါတယ်။ တုတ်ထိုးတွေမသန့်ရှင်းလို့ ဝမ်းကိုက်ပိုးဝင်တဲ့သူတွေ၊ အသည်းပြည်တည်နာဖြစ်တဲ့သူတွေလည်းရှိတာကို တွေ့ရပါတယ်။

ဒါဆိုရင် ဝက်သားကို အဓိကစားသုံးမှုများတဲ့နိုင်ငံတွေမှာဆိုရင် ဘယ်လိုလုပ်မလဲလို့ မေးတဲ့သူလည်းရှိနိုင်ပါတယ်။ ဒီမှာ ဝက်သားစားတဲ့နည်းနဲ့ အဲဒီနိုင်ငံတွေမှာ စားတဲ့နည်း၊ ချက်ပြုတ်တဲ့နည်းတွေမှာ မတူတာတွေ ရှိနိုင်ပါတယ်။ တွဲဖက်စားတဲ့အစာတွေလည်း အဓိကကျပါတယ်။ သေချာတာတစ်ခုက အဲဒီနိုင်ငံတွေမှာ မီးပြင်းပြင်းနဲ့ချက်တာရယ်၊ ချက်ပြီးပြီးချင်း ပူပူလောလောစားကြတာတော့ သတိထားမိပါတယ်။

မြန်မာဟင်းတွေက ထမင်းဆိုင်တွေသွားစားရင် အိုးကြီးအိုးငယ်တွေနဲ့ ချက်ပြီးသား ဟင်းအေးတွေကိုပဲ ပန်းကန်နဲ့ ခပ်ထည့်ပေးတာတွေ့ရပါတယ်။ ပြန်နွေးရင်လည်း မူလချက်တဲ့အရသာနဲ့ မတူတော့ပါဘူး။ ထမင်းဟင်းစားရာမှာ ပူပူနွေးနွေးစားတာကလည်း ကျန်းမာရေးအတွက် နည်းလမ်းကောင်းတစ်ခုဖြစ်ပါတယ်။

စာရေးသူ နှလုံးသွေးကြောခတ်မှန်ရိုက်ဖို့ ဆေးရုံတစ်ညတက်ရစဉ်က ဝဲ၊ ယာဘေးနှစ်ဖက်က လူနာနှစ်ဦးစလုံးက ဝက်သားကို အလွန်ကြိုက်သူတွေဖြစ်ပါတယ်။ တစ်ဦးက အသက် ၆၉ နှစ်ရှိပြီး ဝဝဖိုင့်ဖိုင့်ဖြစ်ပါတယ်။ အရင်ကလည်း နှလုံးသွေးကြောချဲ့ကိရိယာ ထည့်ထားရပြီး နှစ်နှစ်အကြာမှာ ဝက်သားပြန်စားပြီး နောက်ထပ်နှလုံးသွေးကြောနှစ်ချောင်း ထပ်ပိတ်သွားလို့ အရေးပေါ်ရင်ဘတ်အောင့်ပြီး ဆေးရုံလာတက်တာပါ။

နောက်တစ်ဦးက အသက် ၅၈ နှစ်အရွယ်ရှိပြီဖြစ်ပြီး ဝက်သားနေ့စဉ်စားတယ်။ ဝက်သားဟင်းမရှိရင် မဖြစ်ဘူးလို့ ပြောပြပါတယ်။ သူကလည်း လွန်ခဲ့တဲ့ရှစ်နှစ်က နှလုံးသွေးကြောထဲပိုက်သွင်းပြီး သွေးကြောထောက်ကိရိယာ ထည့်ပြီးသားပါ။ အခု နောက်တစ်နေရာထပ်ပိတ်လို့ သွေးကြောချဲ့ဖို့ ဆေးရုံလာတက်တာပါ။ ဆေးရုံတက်ခါနီးမှာ ဆရာဝန်နဲ့တွေ့ရင် မစားရတော့ဘဲ နေမယ်ဆိုပြီး ဝက်သားချက်အဝစားခဲ့ပြီးမှ ဆေးရုံလာတက်တာလို့ သူ့ဇနီးက ဘေးကပြောပြပါတယ်။

ကိုယ်မစားပေမယ့် ဝက်သားချက်နည်းတစ်နည်းကို သွားသတိရမိပါတယ်။ တစ်ခါက စာရေးသူက မဟာဝိသုဒ္ဓါရုံ တိုက်သစ်မှာ ရွှေကျင်သာသနာပိုင်ဆရာတော်ကြီးကို သွားရောက်ဆေးကုသပေးပါတယ်။ ဆရာတော်ကြီးကို အကြောပြင်ကိစ္စပြီးတဲ့အခါမှာ ကျောင်းတိုက်မှာ အလှူရှိတာနဲ့ ထမင်းစားဖို့ ခေါ်တာနဲ့ ဆွမ်းစားဆောင်ကိုသွားပါတယ်။ အဲဒီမှာပြင်ထားတဲ့ ဟင်းတွေထဲမှာ အနံ့ရောအရသာပါမွှေးကြိုင်နေတဲ့ ဟင်းတစ်ခွက်တွေ့လို့မေးကြည့်တော့ ဝက်သားသုံးထပ်သား အိုးကြီးနှပ်ချက်လို့ပြောတယ်။ မွှေးလိုက်တာ။ အရောင်ကတော့ပုံးရည်ကြီးအရောင်ပေါက်နေတယ်။ စာရေးသူမနေနိုင်လို့ အသားမစားဘဲ အနှစ်အနည်းငယ်ကိုစားကြည့်တဲ့အခါ ချဉ်ဖြုံးဖြုံး အရသာရှိတာကို တွေ့ရပါတယ်။ ချက်တဲ့နည်းမေးကြည့်တော့ ဟင်းချက်သူဘကြီးက ပြောပြပါတယ်။

အဘတို့က ဒီကျောင်းမှာ အလှူရှိတဲ့အခါတိုင်း ဝက်သားသုံးထပ်သား အိုးကြီးနှပ်ချက် ချက်လေ့ရှိတယ်။ ဒီလိုချက်ဖို့အတွက် ဒီကျောင်းတိုက်ထဲက သရက်ပင်တွေ၊ မရန်းပင်တွေက အသီးရင့်တွေကြွေတိုင်းကောက်ထားတယ်။ ခွဲပြီးနေလှန်းထားတယ်။ အရင့်ကို အပင်ကနေခူးပြီး နေလှန်းထားတယ်။ ခြောက်သွေ့ပြီဆိုမှ စဥ့်အိုးတွေနဲ့သိပ်ပြီး သိမ်းထားတယ်။

ဝက်သားဆိုတာမျိုးက အဆီအအိမ့်သိပ်များတယ်။ ဆရာတော်ကြီးတွေ၊ စာအံနေတဲ့ သံဃာတော်တွေကို ကျွေးဖို့ချက်တဲ့အခါ စာကျက်နေရတဲ့ သံဃာတော်တွေ သွေးမလေး၊ သွေးမတက်အောင် အချဉ်ထည့်ချက်ရတယ်။ အချဉ်က အအီပြေစေတယ်။ သွေးမလေး၊ သွေးမတက်အောင် ဝက်သားနဲ့ရောချက်တာလို့ ပြောပါတယ်။ သူ့နည်းက ဝက်သားသုံးထပ်သားကောင်းကောင်း ရှာဝယ်ပြီး လက်သီးဆုပ်ငယ်လောက် အတုံးကြီးတွေ တုံးရပါမယ်။ ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ ချင်း ဆီသတ်ပြီး ဝက်သားဟင်းချက်ပါတယ်။ ရေများများနဲ့နူးအောင် ရေခန်းအောင် ချက်ပြီးပြီဆိုရင် အိုးကြီးထဲပြောင်းပါတယ်။

နှပ်မယ့်အိုးက ဒန်အိုးအကြီးကြီးပါ။ ဒန်အိုးကြီးထဲမှာ သရက်သီးခြောက်တစ်ထပ် လက်လေးလုံးလောက် ထူထူခင်းပါတယ်။ နောက် ဝက်သားသုံးထပ်သားဟင်းတစ်ထပ်ထည့်ပါတယ်။ အနှစ်ပါအောင် မျှထည့်ပါတယ်။ နောက် မရန်းသီးခြောက်တစ်ထပ် အပေါ်ကထပ်တင်ပါတယ်။ နောက် ဝက်သားတစ်ထပ်၊ သရက်သီးခြောက်တစ်ထပ် တစ်လှည့်စီ ထပ်တင်သွားပါတယ်။ အိုးပြည့်တဲ့အထိ ထည့်ပါတယ်။ ပြီးရင် အပေါ်မီးအောက်မီးနဲ့ နှပ်ထားပါတယ်။ နဂိုကျက်ပြီးသား ဝက်သားဟင်းထဲကို သရက်သီးနဲ့ မရန်းသီးရဲ့အချဉ်အရသာက စိမ့်ဝင်သွားပါတယ်။

အအီကိုအချဉ်နဲ့ဖြေတာ သဘာဝကျပါတယ်။ ဒီနည်းနဲ့စားရင် ဝက်သားကြောင့် အစာမကြေတာ၊ သွေးတက်တာတွေ သက်သာပါတယ်။ တောရွာတော်တော်များများက ဘုန်းကြီးကျောင်းတွေမှာ လေကြွေသရက်သီး၊ မရန်းသီးတွေကို နှစ်ခြမ်းခွဲပြီး နေလှန်းထားတာကို တွေ့ဖူးပါတယ်။ အီတဲ့၊ ကြေခဲတဲ့အသားတွေ ချက်ရင် အသားနူးမြန်အောင် ထည့်ချက်လေ့ရှိပါတယ်။

ဆရာဝန်ကြီးတစ်ဦးရဲ့ ဟောပြောချက်မှာ ကင်ဆာရောဂါကိုကာကွယ်ဖို့ အသားကင်တွေမှာပါတဲ့ ကျပ်ခိုး၊ တူးမည်းတဲ့အသားတွေက ကင်ဆာဖြစ်စေတာကြောင့် ခတ်ပြယ်သွားအောင် အချဉ်ညှစ်စားပါ။ ဒါမှမဟုတ် အဲဒီအစားအစာတွေ စားပြီးရင် သံပရာရည်တစ်ခွက်သောက်ပါက ကာကွယ်နိုင်ကြောင်း ပြောသွားပါတယ်။

ဝက်သားသိပ်ကြိုက်သူတွေအတွက် အကြံပြုရရင်တော့ များများစားရင် သွေးကြောတွေ အဆီတက်နိုင်တဲ့အတွက် သိပ်များများမစားသင့်ပါဘူး။ ချင့်ချိန်ပြီးတော့စားပါ။ တတ်နိုင်သမျှတော့ လျှော့စားပါ။ ဖြစ်နိုင်ရင် တစ်ပတ်မှာ နှစ်ရက်ထက်ပိုပြီးမစားပါနဲ့။ ကြာကြာဝါးမယ့်သွား အရိုးကြည့်ရှောင်ဆိုသလို ကြာကြာစားချင်တဲ့ဝက်သား လျှော့စားရပါမယ်။

အထက်မှာဖော်ပြခဲ့သလို အိုးကြီးနှပ်ချက်မလုပ်နိုင်ရင်တောင်မှ ဝက်သားချက်ထဲ သရက်သီးခြောက်၊ မရန်းသီးခြောက်လေးတွေ ထည့်ချက်ရင် အနူးလွယ်ပြီး အကြောပိတ်၊ အကြောတက်စေတဲ့ခတ်လည်း လျော့ပါးသွားမှာဖြစ်ပါတယ်။ စားပြီးရင်လည်း အချဉ်ခတ်ပါတဲ့ဖျော်ရည်လေးတစ်မျိုးမျိုးကို ထပ်သောက်ရင် ပိုပြီးကောင်းပါလိမ့်မယ်။ ။

ကြည်လွင်မြင့်(မုဒြာ)

# “မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးကို နှစ်စဉ်မပျက်ကျင်းပသွားခြင်းအားဖြင့် ရိုးရာယဉ်ကျေးမှု အမွေအနှစ်တွေကို ဆက်လက်ထိန်းသိမ်းနိုင်မယ်လို့ ယုံကြည်မျှော်လင့်မိပါတယ်။”

ဦးနိုင်လင်းဗိုလ်(ခ)ဦးထွန်းမြင့်

(၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ပြည်ထောင်စုနယ်မြေအတွင်းရှိ သတ်မှတ်နေရာအသီးသီးတွင်ကျင်းပလျက်ရှိရာ ပြိုင်ပွဲတွင်တာဝန်ယူကြရသည့် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ နည်းပြများနှင့်ပြိုင်ပွဲဝင်များအား တွေ့ဆုံမေးမြန်းထားသည်များကို ပြန်လည်ဖော်ပြပေးလိုက်ရပါသည်-



ဦးလှမင်း



မလပြည့်ဝန်း



မနန်းအေးအေးမော်



မောင်အံ့ထူးကိုကို



ဦးနိုင်လင်းဗိုလ်(ခ)ဦးထွန်းမြင့်



မောင်လွင်သန့်ထူးအောင်



မောင်ရဲရင့်ကျော်

**ဦးလှမင်း**
**တနင်္သာရီတိုင်းဒေသကြီး**
**သဘင်အစည်းအရုံး(မြိတ်)ဥက္ကဋ္ဌ**

တနင်္သာရီတိုင်းဒေသကြီး ကိုယ်စားပြု ဝါသနာရှင်တွေ၊ ရွက်ပုန်းသီး ကျောင်းသား၊ ကျောင်းသူလေးတွေကို မြေတောင်မြှောက်ပေးချင်တဲ့ဆန္ဒနဲ့ ဒီပြိုင်ပွဲကြီးမှာ ပါဝင်ဖြစ်တာပါ။ ကျွန်တော်တို့ တိုင်းဒေသကြီးအနေနဲ့တော့ မနှစ်ကကျင်းပတဲ့ (၂၅)ကြိမ်မြောက် ငွေရတုပြိုင်ပွဲမှာ အကနဲ့ ရွှေရရှိခဲ့ပါတယ်။ ဒီနှစ်မှာတော့ အကရော၊ အဆိုရော၊ အတီးရောပေါ့။ ဆုတံဆိပ်တွေ ရရှိဖို့မျှော်မှန်းထားပါတယ်။ တိုင်းဒေသကြီးကိုယ်စားပြုအနေနဲ့ ဒီနှစ်မှာ ၁၀၀ ကျော်လောက် ပါဝင်ယှဉ်ပြိုင်တာပါ။ နိုင်ငံတော်ကကျင်းပပေးတဲ့ ဒီလိုပြိုင်ပွဲကြီးမှာ ပါဝင်ယှဉ်ပြိုင်ခွင့်ရတဲ့အတွက် အင်မတန်မှ ဝမ်းမြောက်ဂုဏ်ယူမိပါတယ်။ မျိုးဆက်သစ်လူငယ်တွေအတွက် အကျိုးဖြစ်ထွန်းစေမှာဖြစ်ပါတယ်။ ဒီပွဲကြီးကနေ သူတို့ကို မြေတောင်မြှောက်ပေးနိုင်မယ်။ ရိုးရာယဉ်ကျေးမှုအမွေအနှစ်တွေကို လက်ဆင့်ကမ်းပေးနိုင်မှာဖြစ်ပါတယ်။

**မလပြည့်ဝန်း**
**အခြေခံပညာ(၁၅-၂၀)၊ အမျိုးသမီးအက(ဧရာဝတီတိုင်းဒေသကြီး)**

(၂၃)ကြိမ်မြောက်ကနေ အခု (၂၆)ကြိမ်မြောက်အထိ လေးနှစ်ဆက်တိုက် ပါဝင်ယှဉ်ပြိုင်ခဲ့ပါတယ်။ (၂၃)ကြိမ်မြောက် အခြေခံပညာ(၁၀-၁၅)အဆင့်မှာ အကနဲ့ ငွေတံဆိပ်ရရှိခဲ့ပါတယ်။ တိုင်းဒေသကြီးရဲ့ ဂုဏ်ကိုဆောင်နိုင်ဖို့ အကောင်းဆုံးကြိုးစားယှဉ်ပြိုင်ခဲ့ပါတယ်။ မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်တွေကို ထိန်းသိမ်းတဲ့အနေနဲ့ ဒီလိုမျိုး အနုပညာလုပ်ငန်းတွေကို တစိုက်မတ်မတ်လုပ်ဆောင်သွားမှာဖြစ်ပါတယ်။ ဒီလိုပွဲကြီးဖြစ်မြောက်အောင်စီစဉ်ပေးတဲ့ သက်ဆိုင်ရာ တာဝန်ရှိသူတွေအားလုံးကိုလည်း ကျေးဇူးတင်ရှိပါတယ်။

**မနန်းအေးအေးမော်**
**အခြေခံပညာ(၁၀-၁၅)၊ အမျိုးသမီးအက (ကရင်ပြည်နယ်)**

ဒီဗဟိုအဆင့်ပြိုင်ပွဲကို ဒီနှစ်မှစတင်ဝင်ရောက်ယှဉ်ပြိုင်ခဲ့တာပါ။ ပြိုင်ပွဲအတွက် ပြင်ဆင်ချိန်တစ်လလောက်ပဲရခဲ့ပေမယ့် အကောင်းဆုံးကြိုးစားယှဉ်ပြိုင်ခဲ့ပါတယ်။ ကျောင်းနေအရွယ်ကတည်းက အကကိုဝါသနာပါခဲ့ပါတယ်။ ရှေ့ဆက်ပြီးလည်း ပြိုင်ပွဲတွေဝင်ရောက်ယှဉ်ပြိုင်သွားဖို့ရှိပါတယ်။

**မောင်အံ့ထူးကိုကို**
**အခြေခံပညာ(၁၅-၂၀)၊ အမျိုးသားဆိုင်းတစ်ဦးချင်း(ရန်ကုန်တိုင်းဒေသကြီး)**

(၂၃)ကြိမ်မြောက် ပြိုင်ပွဲကတည်းက စတင်ယှဉ်ပြိုင်ခဲ့တာ အခုဆိုရင် လေးနှစ်ရှိပါပြီ။ (၂၃)ကြိမ်မြောက်မှာ ကြေးတစ်ဆုရရှိခဲ့ပြီး (၂၄)ကြိမ်မှာ ရွှေသုံးဆု၊ ငွေတစ်ဆုရရှိခဲ့ပါတယ်။ (၂၅)ကြိမ်မှာလည်း ရွှေရရှိခဲ့ပါတယ်။ အခုလည်း အကောင်းဆုံးယှဉ်ပြိုင်ခဲ့ပြီး ရွှေရရှိဖို့ မျှော်မှန်းထားပါတယ်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာလုပ်ငန်းတွေကို ကိုယ့်လူမျိုးတွေတန်ဖိုးထားတတ်အောင် ဆက်လက်လုပ်ဆောင်သွားမှာဖြစ်ပါတယ်။ ဒီလိုပွဲမျိုးကျင်းပပေးခြင်းအားဖြင့် ကျွန်တော်တို့အတွက် ပညာတွေ၊ အတွေ့အကြုံတွေအများကြီးရသလို တိုးတက်မှုတွေလည်း ရရှိတဲ့အတွက် နိုင်ငံတော်ကို ကျေးဇူးအထူးတင်ရှိပါတယ်။

**ဦးနိုင်လင်းဗိုလ်(ခ)ဦးထွန်းမြင့်**
**ဆိုင်းနည်းပြ (ကရင်ပြည်နယ်)**

အခုလိုမျိုး ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲတွေ လုပ်ပေးခြင်းအားဖြင့် အနုပညာသမားတွေအတွက်တော်တော်ကိုဝမ်းပန်းတသာဖြစ်ရတာပေါ့။ ဘာကြောင့်လဲဆို ပါဝင်ယှဉ်ပြိုင်တဲ့ကလေးတွေအတွက် တစ်နှစ်ထက်တစ်နှစ် ဗဟုသုတတွေပိုရလာတယ်။ သီချင်းကြီးပေါင်းစုံလည်း တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်လာရတာပေါ့။ ပိုပြီး နားရည်ဝကျွမ်းကျင်လာကြတာပေါ့။

အခုလိုမျိုးပဲ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးကို နှစ်စဉ်မပျက် ကျင်းပသွားခြင်းအားဖြင့် ရိုးရာယဉ်ကျေးမှုအမွေအနှစ်တွေကို ဆက်လက်ထိန်းသိမ်းနိုင်မယ်လို့ ယုံကြည်မျှော်လင့်မိပါတယ်။

**မောင်လွင်သန့်ထူးအောင်**
**အခြေခံပညာ (၁၀-၁၅)၊ တယောပြိုင်ပွဲ မကွေးတိုင်းဒေသကြီးကိုယ်စားပြု**

ဝေဘာဂီရိကြိုးနဲ့ အခု (၂၆)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ဝင်ရောက်ယှဉ်ပြိုင်တာဖြစ်ပါတယ်။

ကျွန်တော်တို့ပြိုင်တဲ့အဆင့်မှာ အဖွဲ့ကိုးဖွဲ့ရှိပါတယ်။ ဒီပြိုင်ပွဲကြီးယှဉ်ပြိုင်ဖို့အတွက် နှစ်ပေါက်အောင်ကြိုတင်ပြင်ဆင်လေ့ကျင့်ထားပါတယ်။ (၂၄) ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲမှာလည်း တစ်ကြိမ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ဖူးပါတယ်။

အခုပြိုင်ပွဲယှဉ်ပြိုင်ဖို့အနီးကပ်ထပ်ခါထပ်ခါလေ့ကျင့်ခဲ့တဲ့ သီချင်းသုံးပုဒ်ရှိပါတယ်။ ဝေဘာဂီရိကြိုးရယ်၊ တိမ်တမာန်၊ စန်းနွေဦးသီချင်းတွေဖြစ်ပါတယ်။ လေ့ကျင့်တဲ့အချိန်က အားအရဆုံးသီချင်းနဲ့ ယှဉ်ပြိုင်ခဲ့ရတဲ့အတွက် ရွှေတံဆိပ်ဆုကို မျှော်မှန်းထားပါတယ်။ ကျွန်တော်တို့ အဆင့်မှာ တိုင်းဒေသကြီးနဲ့ပြည်နယ်က အဖွဲ့ကိုးဖွဲ့ရှိပါတယ်။ အားလုံးကလည်း ကြိုးစားယှဉ်ပြိုင်ကြတာကို တွေ့ရပါတယ်။ ကျွန်တော့်အနေနဲ့ လာမယ့်နှစ်တွေမှာလည်း ဆက်လက်ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။ တယောပညာနဲ့ မြန်မာနိုင်ငံရဲ့အမွေအနှစ်တွေကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်သွားမှာဖြစ်ပါတယ်။

**မောင်ရဲရင့်ကျော်**
**အဆင့်မြင့်ပညာ၊ အဆို(မဟာဂီတ) ချင်းပြည်နယ်ကိုယ်စားပြု**

ကျွန်တော်က သာဆန်းရဂုံဘွေ(ပတ်ပျိုး)နဲ့ယှဉ်ပြိုင်ခဲ့ပါတယ်။ ဒီပြိုင်ပွဲကြီးအတွက် ကျွန်တော့်ရဲ့ဆရာတွေက သီချင်းလေးပုဒ်နဲ့ လေ့ကျင့်ပေးပါတယ်။ သာဆန်းရဂုံဘွေ(ပတ်ပျိုး)၊ ပပဝင်းဝင်း(ပတ်ပျိုး)၊ မန္တလာဘုံ၊ တောင်ဇမ္ဗူပိုင်(ယိုးဒယား) သီချင်းလေးပုဒ်ကို ပိုင်ပိုင်နိုင်နိုင်သီဆိုနိုင်အောင် ကြိုတင်ပြင်ဆင်ခဲ့ပါတယ်။ လေ့ကျင့်တဲ့အချိန်မှာ အားအရဆုံးသီချင်းက တောင်ဇမ္ဗူပိုင်(ယိုးဒယား) ဖြစ်ပါတယ်။ ဒုတိယကတော့ အခုသီဆိုယှဉ်ပြိုင်ခဲ့တဲ့ သာဆန်းရဂုံဘွေ(ပတ်ပျိုး)ဖြစ်ပါတယ်။ ဒါကြောင့် ဒီပြိုင်ပွဲမှာ အမှားအယွင်းအနည်းဆုံးနဲ့ သီဆိုနိုင်ခဲ့ပါတယ်။ (၂၅) ကြိမ်မြောက်အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲမှာ အဆင့်မြင့်ပညာအဆင့်(ကာလပေါ်)မှာ ရွှေတံဆိပ်ဆုရရှိခဲ့ပါတယ်။ ဒီနှစ်မှာလည်း ရွှေတံဆိပ်ဆုရရှိမယ်လို့ မျှော်လင့်ထားပါတယ်။

မဟာဂီတနဲ့ပတ်သက်ပြီး ကျွန်တော်တို့လို လူငယ်မျိုးဆက်သစ်တွေအနေနဲ့ ထိန်းသိမ်းဖို့လိုအပ်ပါတယ်။ မြန်မာတို့ရဲ့ အမွေအနှစ်လို့ပြောလို့ရတဲ့ မဟာဂီတကို လူငယ်တွေအနေနဲ့ စိတ်ဝင်စားပြီး ထိန်းသိမ်းကြမယ်ဆိုရင် နှစ်ပေါင်းများစွာ တိုင်အောင်ရှိနေမှာဖြစ်ပါတယ်။ လူငယ်တွေအနေနဲ့သင်ကြပါ၊ မဟာဂီတကိုထိန်းသိမ်းဖို့ ကျွန်တော်တို့လူငယ်တွေရဲ့တာဝန်ဖြစ်ပြီး လေ့လာကြပါလို့ပြောလိုပါတယ်။

**မောင်ဝေဖြိုးဇော်**
**အဆင့်မြင့် ခေတ်ဟောင်းတေးကာလပေါ် ရှမ်းပြည်နယ်ကိုယ်စားပြု**

ပထမဆုံးအကြိမ်အနေနဲ့ ယှဉ်ပြိုင်ရပေမယ့် အားရကျေနပ်မှုအပြည့်ရှိပါတယ်။ ကျွန်တော့်အနေနဲ့ ဒီသီချင်းတွေကို ဘာကြောင့်စိတ်ဝင်စားလဲဆိုရင် လက်ရှိ ပညာရေးကောလိပ်တက်နေတဲ့ ကျောင်းဆရာလောင်းတစ်ယောက်ဖြစ်ပါတယ်။ မြန်မာသံတွေပျောက်ကွယ်မသွားရအောင် ကျွန်တော်တို့က ထိန်းသိမ်းရမယ်။ ဒါမှ ကလေးတွေကို ကျွန်တော်တို့အနေနဲ့ ကျောင်းတွေမှာ ပြန်လည်သင်ကြားပြသပေးနိုင်မယ်။ နံပါတ်တစ်ကတော့ ဝါသနာပါတာပါ။ နံပါတ်နှစ်ကတော့ မျိုးဆက်သစ်တွေကို ကိုယ့်ရိုးရာအမွေအနှစ်တွေ ချစ်မြတ်နိုးတတ်လာအောင် သင်ပြပေးချင်တဲ့စိတ်ကြောင့်ပါ။ လူငယ်တွေအနေနဲ့ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးကိုချစ်တဲ့သူတိုင်း ကိုယ့်ဂီတ၊ ကိုယ့်အနုပညာကိုချစ်တဲ့စိတ်က ပါလာမှာဖြစ်ပါတယ်။ ဒါတွေရှိမှ ခေတ်ဟောင်းတေးကာလပေါ်သီချင်းတွေကို သီဆိုနိုင်မှာလည်းဖြစ်ပါတယ်။

နှစ်စဉ်မပျက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို နိုင်ငံတော်က အကုန်အကျများစွာခံပြီး ကျင်းပပေးနေတာဖြစ်ပါတယ်။ ကိုယ့်ရိုးရာယဉ်ကျေးမှုတွေကိုထိန်းသိမ်းဖို့ လူငယ်တွေအနေနဲ့လည်း တစ်ဆင့်ပြီးတစ်ဆင့် ကြိုးစားသင်ယူကြပါ။ တခြားနိုင်ငံတွေမှာလည်း ကိုယ့်ယဉ်ကျေးမှု၊ ကိုယ့်ရိုးရာတွေကို ထိန်းသိမ်းနေကြတာတွေတွေ့ရပါတယ်။ မြန်မာနိုင်ငံသားတွေအနေနဲ့လည်း ကိုယ့်ရိုးရာ၊ ကိုယ့်ယဉ်ကျေးမှု၊ ကိုယ့်လူမျိုး၊ ကိုယ့်ဂီတတွေကိုထိန်းသိမ်းကြပါ။ တေးရေးဆရာတွေအနေနဲ့လည်း ဒီလိုသီချင်းတွေကို အသစ်တွေရေးစပ်သင့်ပါတယ်။ သီဆိုသူတွေအနေနဲ့လည်း ရေးစပ်ပေးတဲ့သီချင်းတွေကိုသီဆိုကြပါလို့ ပြောလိုပါတယ်။

**မောင်အောင်မင်းသူ**
**အဆင့်မြင့်ပညာတယောအတီးပြိုင်ပွဲ ဧရာဝတီတိုင်းဒေသကြီးကိုယ်စားပြု**

ကျွန်တော် မြိုင်ကြီးဟောမာ(ယိုးဒယား) သီချင်းနဲ့ ဝင်ရောင်ယှဉ်ပြိုင်ခဲ့ပါတယ်။ အကောင်းဆုံးဝင်ရောက်ယှဉ်ပြိုင်ခဲ့ပါတယ်။ ဒီနှစ်မှာပဲ ပထမဦးဆုံးဝင်ရောက်ယှဉ်ပြိုင်တာပါ။ ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်နေတုန်းရင်ခုန်စိတ်လှုပ်ရှားပေမယ့် တည်တည်ငြိမ်ငြိမ်နဲ့ ယှဉ်ပြိုင်နိုင်ခဲ့ပါတယ်။ ကြိုတင်ပြင်ဆင်လေ့ကျင့်မှုတွေ အများကြီး လုပ်ဆောင်ခဲ့တဲ့အတွက် အခက်အခဲအနည်းငယ်ရှိပေမယ့် အကောင်းဆုံး ယှဉ်ပြိုင်နိုင်ခဲ့ပါတယ်။

**တွေ့ဆုံမေးမြန်း-လင်းရာမ**
**ဓာတ်ပုံ-ကိုထက်**

# ပွင့်ဖြူမြို့နယ်၌ ဆောင်းနှမ်းများ စတင်စိုက်ပျိုး



ပွင့်ဖြူ အောက်တိုဘာ ၈

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်တွင် ဒေသခံတောင်သူများ ဆီစားသုံးမှုဖူလုံစေရန်နှင့် သီးနှံဝင်ငွေတိုးပွားစေရန် အောက်တိုဘာလဆန်းပိုင်းမှစပြီး ဆောင်းနှမ်းများ စတင်စိုက်ပျိုးလျက်ရှိကြောင်း ပွင့်ဖြူမြို့နယ်ရှိ ဒေသခံတောင်သူများထံမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဒေသတွင်း ဆီစားသုံးမှုဖူလုံစေရေးအတွက် နှမ်းစိုက်ပျိုးခြင်းကို တစ်မြို့နယ်လုံး ၁၅၇၄၂ ဧကစိုက်ပျိုးရန် လျာထားပြီး ဒေသခံတောင်သူများက သတ်မှတ်စိုက်ဧကပြည့်မီစေရန် အောက်တိုဘာလဆန်းပိုင်းမှစတင်၍ စိုက်ပျိုးလျက်ရှိကြောင်း၊ ဆောင်းနှမ်းစိုက်ပျိုးရာတွင် တောင်သူများ အခက်အခဲမရှိ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းတိုးတက်ကောင်းမွန်ရေး၊ မြေဩဇာနှင့်သွင်းအားစုများ မှန်ကန်စွာသုံးစွဲတတ်စေရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

"ဒီနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ဒေသခံတောင်သူတွေက ဆီစားသုံးမှုဖူလုံစေဖို့နဲ့ သီးနှံဝင်ငွေတိုးပွားစေဖို့အတွက် အောက်တိုဘာလဆန်းပိုင်းက စပြီးစိုက်ပျိုးနေကြပါပြီ။ နှမ်းစိုက်ပျိုးရေးနဲ့ ပတ်သက်ပြီး တောင်သူတွေ အဆင်ပြေစွာစိုက်ပျိုးနိုင်အောင် စိုက်ပျိုးရေးဦးစီးဌာနက ဝန်ထမ်းတွေက စိုက်ပျိုးရေးနည်းပညာတွေနဲ့ မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးနိုင်အောင် ပံ့ပိုးကူညီဆောင်ရွက်ပေးပါတယ်။ တောင်သူတွေ အဓိကစိုက်ပျိုးတဲ့နှမ်းမျိုးတွေကတော့ ဆင်းရတနာ-၄၊ စမုန်နက်၊ သိပ္ပံနှမ်းနက်၊ နှမ်းဖြူစတဲ့ နှမ်းမျိုးတွေဖြစ်ပါတယ်" ဟု ပွင့်ဖြူမြို့နယ် ရေပုတ်ကြီးကျေးရွာမှ ဒေသခံတောင်သူတစ်ဦးက ပြောသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် စိုက်ဧကများတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ သီးနှံများပန်းတိုင်အထွက်နှုန်းရရှိရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ ဒေသနှင့်ကိုက်ညီသည့် အထွက်နှုန်းကောင်းမျိုးများစိုက်ပျိုးနိုင်ရေး၊ ပိုးမွှားရောဂါကင်းရှင်းရေးတို့အတွက် စိုက်ပျိုးရေးနည်းပညာပေးသင်တန်းများ၊ ဆွေးနွေးပွဲများပြုလုပ်ပေးခြင်း၊ လက်တွေ့ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ပေးခြင်းတို့ကို တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)

---

# တံတားဦးမြို့နယ်၌ မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေး ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာ အချိုးကျရောစပ်ကြဲပက်ခြင်း ကွင်းသရုပ်ပြ




တံတားဦး အောက်တိုဘာ ၈

မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင် တံတားဦးမြို့နယ် သူငယ်တော်ကျေးရွာ၌ မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေး ဓာတ်မြေဩဇာနှင့်သဘာဝမြေဩဇာ အချိုးကျရောစပ်ကြဲပက်ခြင်း ကွင်းသရုပ်ပြပွဲကို အောက်တိုဘာလ ၈ ရက်တွင် ကွင်းအမှတ် (၁၃၃၆) ဦးပိုင်အမှတ် (၆၃က/ခ) တောင်သူ ဦးကျော်လွင်၏ လယ်မြေသုံးဧက၌ ဆောင်ရွက်ကြောင်း သိရသည်။

အဆိုပါကွင်းသရုပ်ပြပွဲတွင် တံတားဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကနေဒီထွန်းက တောင်သူများ ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာ အချိုးကျရောစပ်ကြဲပက်ခြင်းနှင့်ပတ်သက်၍သိရှိနိုင်စေရန် အသိပညာပေးဆွေးနွေးခြင်း၊ ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာအချိုးကျရောစပ်ကြဲပက်ခြင်းဖြင့် ရရှိလာမည့်အကျိုးကျေးဇူးများကို အကျယ်တဝင့်ရှင်းလင်းပြောကြားသည်။

ထို့နောက် ကွင်းသရုပ်ပြပွဲသို့ တက်ရောက်လာကြသည့် တောင်သူများက ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာ အချိုးကျရောစပ်ပြီး လက်တွေ့ကြဲပက်နေမှုကို ကြည့်ရှုအားပေးကြသည်။

ယူရီးယားမြေဩဇာလေလွင့်ဆုံးရှုံးမှုမရှိစေရေးနှင့် သီးနှံပင်များ မြေဩဇာအပြည့်အဝရရှိနိုင်စေရေးအတွက် ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာ အချိုးကျရောစပ်ကြဲပက်ခြင်းကို တောင်သူများလိုက်ပါဆောင်ရွက်လာရန် ယခုကဲ့သို့ ကွင်းသရုပ်ပြဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ရဲတင့်(ပြန်/ဆက်)

---

# စေတုတ္တရာမြို့နယ် ခြင်ပြစ်ကိုင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေး

စေတုတ္တရာ အောက်တိုဘာ ၈

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စေတုတ္တရာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခြင်ပြစ်ကိုင်းကျေးရွာ၌ န၀မအကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ပြန်လည်ထုတ်ချေးပေးခြင်းကို အောက်တိုဘာလ ၇ ရက်က ဆောင်ရွက်သည်။

ရှေးဦးစွာ စေတုတ္တရာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသိန်းဇော်ထွန်းနှင့် ဝန်ထမ်းများက ခြင်ပြစ်ကိုင်းကျေးရွာရှိ တာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံ၍ စီမံကိန်းမှရရှိလာမည့်အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါအကြောင်းအရာများ၊ ကျေးလက်နေပြည်သူများထားရှိရမည့်ကျေးရွာစိတ်ဓာတ်များ၊ စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးက ငွေကျပ် ၃၂ ဒသမ ၈ သန်းကို ခြင်ပြစ်ကိုင်းကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ခြင်ပြစ်ကိုင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၈ ဦးအတွက် ငွေကျပ် ၃၀ ဒသမ ၃ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ လေးဦးအတွက် ငွေကျပ် ၂ ဒသမ ၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၄၂ ဦးအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ငွေကျပ် ၃၂ ဒသမ ၈ သန်းကို အတိုးနှုန်းသက်သာစွာ တစ်ဦးချင်းလက်ဝယ်အရောက် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ကိုညို(ကျေးလက်)

---

# ငဖဲမြို့နယ်၌ ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် မြတ်ဆရာပူဇော်ပွဲကျင်းပ




ငဖဲ အောက်တိုဘာ ၈

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင် တာဝန်ထမ်းဆောင်ခဲ့ကြသော အသက် ၆၀ နှစ်နှင့်အထက် အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများအား ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ်အဖြစ် မြတ်ဆရာပူဇော်ပွဲအခမ်းအနားကို အောက်တိုဘာလ ၇ ရက်က ငဖဲမြို့အခြေခံပညာအထက်တန်းကျောင်း ဗိုလ်ရွှေခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ငဖဲမြို့နယ်ပညာရေးမှူး ဦးကျော်ဝင်းက မြတ်ဆရာပူဇော်ပွဲကျင်းပရခြင်းနှင့်ပတ်သက်၍ အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် အသက် ၆၀ နှစ်နှင့်အထက် အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများအား တာဝန်ထမ်းဆောင်လျက်ရှိသော ဆရာ၊ ဆရာမများနှင့် တပည့်များက ဂါရဝပြုကန်တော့ကြသည်။

ထို့နောက် အသက် ၆၀ နှစ်နှင့်အထက် အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများကိုယ်စား အငြိမ်းစားဆရာကြီး ဦးသိန်းလှိုင်နှင့် ဆရာကြီးဦးကျော်စိန်တို့က ဆုံးမဩဝါဒစကားပြောကြားသည်။

ယင်းနောက် မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများ၊ ဆရာ၊ ဆရာမများ၊ ပညာရေးဝန်ထမ်းမိသားစုများက ကန်တော့ခံအငြိမ်းစား ဆရာကြီး၊ ဆရာမကြီး ၇၀ ဦးအား တစ်ဦးလျှင် ငွေကျပ်ငါးသောင်းစီဖြင့် ဂါရဝပြုကန်တော့ခဲ့ကြောင်း သိရသည်။

မယု(ငဖဲ)

# ရောဝတီတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး**
**အမိန့်အမှတ်၊ ၄၁ / ၂၀၂၅**
၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၂ ရက်
(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်)

**ရောဝတီတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ခန့်အပ်တာဝန်ပေးခြင်း**

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇၊ ပုဒ်မခွဲ(ခ)အရ ဒေါ်မိုးမိုးအေးအား ရောဝတီတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**အမှုဆောင်ချုပ်**

# ရောဝတီတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး**
**အမိန့်အမှတ်၊ ၄၂ / ၂၀၂၅**
၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၂ ရက်
(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်)

**ရောဝတီတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေးခြင်း**

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇၊ ပုဒ်မခွဲ(ခ)အရ ဒေါက်တာအောင်ထွန်းလင်းအား ရောဝတီတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**အမှုဆောင်ချုပ်**

# (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ဂျူဒိုနှင့်ပီတန်းအားကစားအဖွဲ့များ၏ လေ့ကျင့်နေမှု ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် လိုက်လံကြည့်ရှုအားပေး

နေပြည်တော်   အောက်တိုဘာ ၈

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့်အတူ ယနေ့ နံနက်ပိုင်းတွင် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ဝင်ရောက် ယှဉ်ပြိုင်ရန် နေပြည်တော်တွင် စခန်းဝင် လေ့ကျင့်လျက်ရှိသည့် ဂျူဒိုနှင့်ပီတန်း အားကစားနည်းမှ ပဏာမလက်ရွေးစင် အားကစားသမားများ၏ လေ့ကျင့်နေမှုများကို လိုက်လံကြည့်ရှုအားပေးသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် အားကစားလေ့ကျင့်ရေးစခန်း(Gold Camp) ရှိ ဂျူဒိုလေ့ကျင့်ရေးခန်းမ၌ ဂျပန်နည်းပြက ပဏာမလက်ရွေးစင်အားကစားသမားများနှင့်လူငယ်အားကစားသမားများကို နည်းစနစ်ပိုင်းဆိုင်ရာများကို (Sparring) ကစားခြင်းဖြင့် တစ်ဦးချင်းသင်ကြားလေ့ကျင့်ပေးနေမှုများကို ကြည့်ရှုအားပေးပြီး (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားသမားများအတွက် ပြိုင်ပွဲဝင်ဝတ်စုံ ဂျူဒိုကီနှင့်ခါးစည်းခါးပတ် ဝယ်ယူထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ ပြိုင်ပွဲဝင်ဝတ်စုံနှင့် အသားကျနေစေရန်အတွက်တာဝန်ရှိသူများကို လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်သွားရန် မှာကြားသည်။

ယင်းနောက်ပြည်ထောင်စုဝန်ကြီးသည် ပီတန်းလေ့ကျင့်ရေးကွင်း၌ပီတန်းအားကစားသမားများ၏လေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးပြီး အုပ်ချုပ်/နည်းပြများနှင့် အားကစားသမားများကို တွေ့ဆုံ၍ မိမိတို့လက်ရှိရရှိထားသည့်ရမှတ်များ၊ အားနည်းချက်၊ အားသာချက်များကိုပြန်လည်သုံးသပ်ပြီး ပိုမိုကောင်းမွန်သည့်ရမှတ်များရရှိအောင် ဖွဲ၊ လုံ့လ၊ ဝီရိယ စိုက်ထုတ်၍ ပီတန်းအားကစားနည်းဖြင့် အောင်မြင်မှုရရှိကာ နိုင်ငံ့ဂုဏ်ဆောင်နိုင်စေရန်နှင့် လာမည့်(၃၃) ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မျှော်မှန်းထားသည့်ဆုတံဆိပ်များ ရရှိအောင် ဆက်လက်ကြိုးစားအားထုတ်သွားကြရန် တိုက်တွန်းမှာကြားသည်။

ထို့နောက် စားရိပ်သာ၌ အားကစားသမားများ၏ နေ့လယ်စာ စားသောက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး Sports Nutrition နှင့်အညီ အားကစားသမားများအတွက်တစ်နေ့တာလိုအပ်သည့် ကယ်လိုရီပမာဏအတိုင်း တွက်ချက်၍ အလေအလွင့်မဖြစ်စေရန်နှင့်အာဟာရပြည့်ဝစေရန်အတွက် သန့်ရှင်းလတ်ဆတ်သည့် အသား၊ ငါးများကို ချက်ပြုတ်ကျွေးမွေးသွားရန် တာဝန်ရှိသူများကို မှာကြားခဲ့ကြောင်း သိရသည်။

**မြဝတီ**

# မိုင်းယောင်းခရိုင်နှင့်မိုင်းဖြတ်မြို့နယ်အတွင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးဆွေးနွေး

နေပြည်တော်   အောက်တိုဘာ ၈

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ရှမ်းပြည်နယ်(မြောက်ပိုင်း) တာဝန်ခံ ဦးမြင့်ဦးနှင့် (အရှေ့ပိုင်း) တာဝန်ခံ ဦးမျိုးမောင်တို့သည် ရှမ်းပြည်နယ် ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ နှင့် အတွင်းရေးမှူးတို့နှင့်အတူ ယနေ့နံနက်ပိုင်းတွင် တာချီလိတ်ခရိုင်ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ၊ မိုင်းဖြတ်မြို့နယ်နှင့် မိုင်းယောင်းမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ နှင့် အဖွဲ့ဝင်များ ၊ အတွင်းရေးမှူးများ၊ ဌာနဆိုင်ရာများနှင့် မိုင်းဖြတ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌တွေ့ဆုံပြီး ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ထားရှိမှုလုပ်ငန်းညှိနှိုင်း အစည်းအဝေး ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များက ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် အပိုင်းလိုက်ခွဲပြီး ဆောင်ရွက်မည့်အခြေအနေ၊ ပထမအကြိမ်မဲဆန္ဒရှင်စာရင်းကပ်ထားကြေညာပြီးစီးမှု အခြေအနေနှင့် ပုံစံ ၃၊ ပုံစံ ၃ (က)၊ ပုံစံ ၄၊ ပုံစံ၄ (ဂ) တို့၏ ဆောင်ရွက်ထားရှိမှုအခြေအနေ၊ ရွေးကောက်ပွဲကျင်းပမည့်မြို့နယ်များအတွက် မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) များ ဖြန့်ခွဲသယ်ဆောင်အသုံးပြုမည့်အခြေအနေ၊ မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) များတွင် Installation လုပ်ဆောင်ရမည့်အခြေအနေ၊ ခရိုင်/မြို့နယ် မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) များ ကြီးကြပ်မှုအဖွဲ့နှင့် နည်းပညာအထောက်အကူပြုအဖွဲ့များ၏ လုပ်ငန်းစီမံဆောင်ရွက်ရမည့်အခြေအနေ၊ ရွေးကောက်ပွဲဆိုင်ရာစုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးရေးတို့တွင် စနစ်တကျခွင့်ပြုပေးရမည့်လုပ်ငန်းစဉ်များ၊ ရွေးကောက်ပွဲဆိုင်ရာတရားမဲ့ပြုကျင့်မှုများ၊ ပြစ်မှုပြစ်ဒဏ်များ၊ ကြိုတင်မဲပေးခြင်းဆိုင်ရာကိစ္စရပ်များနှင့် မဲဆန္ဒရှင်အသိပညာပေးလုပ်ငန်းများတိုးမြှင့် ဆောင်ရွက်ရေးအခြေအနေများကို ချပြရှင်းလင်းဆွေးနွေးသည်။

အစည်းအဝေးသို့တက်ရောက်လာသော ခရိုင်နှင့်မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ နှင့်အဖွဲ့ဝင်များက တင်ပြချက်များအား ဖြည့်စွက်ဆွေးနွေးပြီး အစည်းအဝေးအား ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

**မြဝတီ**



# ရေကြီးမှုအခြေအနေ

နေပြည်တော်   အောက်တိုဘာ ၈

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် စိုးရိမ်ရေမှတ်အထက်သို့ ၃ လက်မခန့်ကျော်လွန်နေပြီး နောက် ၃၆ နာရီအတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

သို့ဖြစ်ပါ၍ မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် သတိပြုနေထိုင်နိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

(မိုး/ဇလ)

# (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပမှုမြင်ကွင်း























# ဂုဏ်သိက္ခာရှိသော ရွေးကောက်ပွဲ

ဦးရွှေဦး

လွတ်လပ်ပြီးတရားမျှတသောရွေးကောက်ပွဲကျင်းပနိုင်ရေးဆိုသည်မှာ ရွေးကောက်ပွဲများကို ဥပဒေ၊ နည်းဥပဒေများနှင့်အညီ မှန်မှန်ကန်ကန်ဆောင်ရွက်ခြင်းနှင့် လွတ်လပ်၍တရားမျှတပြီး ပွင့်လင်းမြင်သာသော ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များဖြစ်သည့် နိုင်ငံသားတိုင်း ဥပဒေနှင့်အညီမဲပေးပိုင်ခွင့်ရှိစေရေး၊ မဲဆန္ဒရှင်စာရင်းမှန်ကန်ရေး၊ ပွင့်လင်းမြင်သာစွာမဲပေးရေး၊ မဲရေတွက်ခြင်းနှင့် ရလဒ်များထုတ်ပြန်နိုင်ရေး၊ လွတ်လပ်၍တရားမျှတသော မဲဆွယ်စည်းရုံးရေးနှင့်သာတူညီမျှအခွင့်အရေးများ ဆောင်ရွက်ခွင့်ရရှိရေး၊ လုံခြုံရေး၊ အကြမ်းဖက်မှုနှင့် ခြိမ်းခြောက်မှုများမရှိစေရေး၊ အငြင်းပွားမှုကိုဖြေရှင်းရေး၊ ရွေးကောက်ပွဲကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်တို့က သမာသမတ်ကျအောင် ဆောင်ရွက်ရေးတို့ဖြစ်ကြောင်း လေ့လာတွေ့ရှိရသည်။

**နိုင်ငံသားတိုင်းဥပဒေနှင့်အညီ မဲပေးပိုင်ခွင့်ရှိစေရေးနှင့် မဲစာရင်းမှန်ကန်ရေး**

၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် မဲစာရင်းပြုစုခြင်းများကိုလေ့လာကြည့်သောအခါ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၈ (က) တွင် **"နိုင်ငံသားတိုင်းသည်ဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသည်။"** နှင့် ပုဒ်မ ၃၉၁ (က) တွင် **"ရွေးကောက်ပွဲစတင်ကျင်းပသည့်နေ့ရက်၌ အသက် (၁၈) နှစ်ပြည့်၍ ဥပဒေအရ အရည်အချင်းပျက်ယွင်းသူမဟုတ်သည့်အပြင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသော နိုင်ငံသားနှင့်ဥပဒေအရဆန္ဒမဲပေးပိုင်ခွင့်ရှိသူတိုင်းသည် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်"** ဆိုသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်များကို အခြေခံ၍ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၆ ပါ အရည်အချင်းများနှင့်ပြည့်စုံသူများကို အမျိုးသား၊ အမျိုးသမီးမရွေး၊ ဘာသာမရွေး ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးနိုင်ရန်ပြုစုထားသည်။ မဲစာရင်းများပြုစုရာတွင် ပုဒ်မ ၁၃ (က)အရ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် ရပ်ကွက်၊ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲတို့သည် မဲဆန္ဒနယ်အသီးသီးအတွက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ၏မဲစာရင်းများပြုစုရာတွင် ကော်မရှင်ကသတ်မှတ်သည့် လူဦးရေစာရင်း ပုံစံဇယားများအတိုင်း ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ပြုစုထားသည့် လူဦးရေစာရင်းနှင့် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးတို့က ပြုစုထားသည့် အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆) ပါ လူဦးရေစာရင်းများကိုရယူအခြေခံပြီး ပြုစုရမည့်ဥပဒေပါ ပြဋ္ဌာန်းချက်များအတိုင်း ဆောင်ရွက်ထားသည်ကိုတွေ့ရှိရသည်။ ထိုသို့ဆောင်ရွက်ရာတွင်လည်း သက်ဆိုင်ရာ လွှတ်တော်နည်းဥပဒေ ၈ (က) ပါ အသေးစိတ်ပြဋ္ဌာန်းချက်များဖြစ်သည့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံး၊ သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲနှင့် သက်ဆိုင်ရာမြို့နယ်ရှိ နိုင်ငံရေးပါတီများမှကိုယ်စားလှယ်တို့ဖြင့် မဲစာရင်းများပြည့်စုံမှန်ကန်ရေးစိစစ်ရမည့်ပြဋ္ဌာန်းချက်များအတိုင်း စိစစ်ဆောင်ရွက်နိုင်ရန်ကပ်ထားကြေညာခဲ့ပြီးဖြစ်သည်။ ထို့ပြင် ပြည်တွင်းရှိမဲစာရင်းပါရှိသည့် သက်ဆိုင်ရာမြို့နယ် ပြင်ပရောက်မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးခြင်း၊ ပြည်ပရောက်မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးခြင်းတို့ကိုလည်း ကြေညာခဲ့ပြီးဖြစ်ရာ မဲပေးပိုင်ခွင့်ရှိသူမဲဆန္ဒရှင်များ ဆန္ဒမဲပေးခွင့် နစ်နာဆုံးရှုံးမှုမရှိစေရန်အတွက် ယာယီနေရပ်စွန့်ခွာနေရသူများ ရွေးကောက်ပွဲတွင် ကြိုတင်မဲပေးနိုင်ရန် ပုံစံ(၁၅)များကို မိမိတို့ရောက်ရှိရာဒေသ မြို့နယ်ကော်မရှင်အဖွဲ့ခွဲတွင် အခမဲ့ရယူလျှောက်ထားနိုင်ကြောင်း ကြေညာချက်ထုတ်ပြန်၍ ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိသည်ကိုတွေ့ရှိရသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၅ ခုနှစ် စက်တင်ဘာလ ၃၀ ရက်မှစတင်၍ မဲစာရင်းများကို ရွေးကောက်ပွဲကျင်းပမည့် မြို့နယ်အသီးသီးရှိ မဲရုံများတွင် ကပ်ထားကြေညာခဲ့ပြီး မဲဆန္ဒရှင်ပြည်သူများသို့ မေတ္တာရပ်ခံချက်ကိုပါ တစ်ပါတည်းထုတ်ပြန်ကြေညာထားရှိသည် -

(က) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်ကျင်းပမည့် အထွေထွေရွေးကောက်ပွဲအတွက် မဲစာရင်းများကို ၃၀ - ၉ - ၂၀၂၅ ရက်မှ ၁၃ - ၁၀ - ၂၀၂၅ ရက်အထိ ၁၄ ရက်ကြာ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးများနှင့် ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများတွင် ပထမအကြိမ်အဖြစ် ကပ်ထားကြေညာမည်ဖြစ်ပါသည်။ အကြောင်းအမျိုးမျိုးကြောင့် ရပ်ကွက်နှင့်ကျေးရွာအုပ်စုများတွင်ကပ်ထားကြေညာနိုင်ခြင်းမရှိပါက သက်ဆိုင်ရာမြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံးများတွင်မဲစာရင်းကြည့်ရှုနိုင်ရေးဆောင်ရွက်ထားမည်ဖြစ်ပါသည်။ မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာစဉ် မဲဆန္ဒရှင်များက မဲစာရင်းလာရောက်ကြည့်ရှုမှသာ ပြည့်စုံမှန်ကန်သော မဲစာရင်းရရှိနိုင်မည်ဖြစ်ပါသည်။

(ခ) မဲဆန္ဒရှင်များအနေဖြင့် မဲစာရင်းကို လာရောက်ကြည့်ရှုပြီး မိမိအမည် မဲစာရင်းတွင်မပါဝင်ပါက ပုံစံ (၃) ဖြင့် မဲစာရင်းတွင် အမည်ထည့်သွင်းပေးရန်တောင်းဆိုခြင်း၊ မပါဝင်သင့်သူများပါဝင်နေပါက ပုံစံ (၄) ဖြင့် ကန့်ကွက်ခြင်း၊ မဲစာရင်းပါအချက်အလက်များမှားယွင်းနေပါက ပုံစံ (၄-က) ဖြင့်ပြင်ဆင်လွှာတင်သွင်းခြင်းတို့ကို ဆောင်ရွက်စေလိုပါသည်။ လိုအပ်သော ပုံစံများကိုလည်း ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးများတွင် အခမဲ့ **(အခမဲ့)** ရယူနိုင်ပါသည်။ ထိုသို့ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းတို့ဆောင်ရွက်ပြီးပါက အထွေထွေရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်စာရင်းကို ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလအတွင်းတွင် နောက်ဆုံးအကြိမ်အဖြစ် ထပ်မံကပ်ထားကြေညာမည်ဖြစ်ပါသည်။ မဲဆန္ဒရှင်များအနေဖြင့်လည်း လိုအပ်သောတောင်းဆိုမှု၊ ပြင်ဆင်မှု၊ ကန့်ကွက်မှုများ ထပ်မံဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

(ဂ) သို့ဖြစ်ပါ၍ ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်းရရှိရန်အတွက် မဲဆန္ဒရှင်ပြည်သူများအနေဖြင့် အိမ်ထောင်စုတစ်စုလျှင် အနည်းဆုံးတစ်ဦး (မပျက်မကွက်) လာရောက်ကြည့်ရှုခြင်းဖြင့် ပူးပေါင်းကူညီဆောင်ရွက်ပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်ဟု ဖော်ပြထားပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအသီးသီးတို့သည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ မဲစာရင်းပြုစုရာတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအရာရှိက ရေးသွင်းဆောင်ရွက်ရမည့် Admin/ Data Entry Officer Software နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စီမံခန့်ခွဲမည့် Central Voter List Management System (CVLMS) Software များဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စု မဲရုံများအလိုက် စိစစ်ရေးသွင်းထားရှိသဖြင့် မဲစာရင်းများမှာ ယခင်ကဲ့သို့ နှစ်ကြိမ်၊ သုံးကြိမ်အထပ်များနှင့် မှတ်ပုံတင်မပါရှိသူ၊ အချက်အလက်မပြည့်စုံသူများ ပါဝင်တော့မည် မဟုတ်တော့သဖြင့် ကျစ်လျစ်မှန်ကန်သော မဲစာရင်းများရရှိနိုင်မည်ဖြစ်သည်။ မြေပြင်တွင် ရွှေ့ပြောင်းသွားလာသူများရှိနေသေးသဖြင့် မဲစာရင်းပြုစုသည့်အချိန်တွင်ဆောင်ရွက်ရမည့် ပုံစံ (၆၆/၆) တွင် ပါဝင်နိုင်ခြင်းမရှိသေးသူများအတွက် သက်ဆိုင်ရာလူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် သေဆုံး၊ ပျောက်ဆုံးသူများအတွက် မြေပြင်တွင် စာရင်းကောက်ယူဆောင်ရွက်ရသည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ စာရင်းများမှန်ကန်ရေးအတွက်လည်း စိစစ်ဆောင်ရွက်ပေးလျက်ရှိသည်။ ယင်းသို့ ဆောင်ရွက်ပေးလျက်ရှိသော်လည်း အကြောင်းကြောင်းကြောင့် ကျန်ရစ်သူများမရှိစေရေးအတွက် ပထမအကြိမ် မဲစာရင်းကပ်ထားကြေညာပြီးနောက် သက်ဆိုင်ရာမဲဆန္ဒရှင်များက ကြည့်ရှုစစ်ဆေး၍ ထုတ်ပြန်ကြေညာထားသည့် ဆောင်ရွက်ရမည့်နည်းလမ်းများအတိုင်း ဥပဒေနှင့်အညီ ဆောင်ရွက်ပေးနိုင်ရန် မဲဆန္ဒရှင်တစ်ဦးချင်းတိုင်းက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြပါရန် တိုက်တွန်းထားသည်။

**မဲပေးစက်ကိုအသုံးပြု၍ မဲပေးဆောင်ရွက်ခြင်းဖြင့် မဲဆန္ဒရှင်ပြည်သူများမဲပေးရာတွင် အခက်အခဲမရှိလွယ်ကူလျင်မြန်ခြင်း၊ မဲရလဒ်များတိတိကျကျရရှိခြင်းနှင့်ပယ်မဲလုံးဝမရှိခြင်းတို့ကြောင့် မဲလက်မှတ်များရေတွက်ရာတွင်ဖြစ်ပွားခဲ့သည့် အငြင်းပွားမှုမရှိတော့ခြင်း၊ မဲပေးရာတွင် မဲရုံဝန်ထမ်း၊ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ၊ မဲရုံကိုယ်စားလှယ်များ၊ ရပ်မိရပ်ဖများ၏ရှေ့မှောက်တွင် ပွင့်လင်းမြင်သာစွာမဲပေးဆောင်ရွက်နိုင်ခြင်း အကျိုးကျေးဇူးများရရှိမည့်အပြင် မဲပေးစက်၏ တိကျမှန်ကန်မှုနှင့်နည်းပညာအရ အာမခံမှုများရရှိနိုင်ရန် မဲဆန္ဒရှင်ပြည်သူများကို တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိ မြို့နယ်များ၏ ရပ်ကွက်၊ ကျေးရွာများသို့ လိုက်လံပြသ စမ်းသပ်မဲပေးခြင်းများဆောင်ရွက်ခဲ့ရာ မဲဆန္ဒရှင်ပြည်သူ ၃ ဒသမ ၅ သန်းကို စမ်းသပ်မဲပေးဆောင်ရွက်ခဲ့သည်။**

**Myanmar Electronic Voting Machine (MEVM) မဲပေးစက်ဖြင့် ဆန္ဒမဲပေးခြင်း**

ဆန္ဒမဲပေးရာတွင် တိုင်းရင်းသားမဲဆန္ဒနယ်များ အပါအဝင် လွှတ်တော်အားလုံး တစ်နိုင်ငံလုံး၌ Myanmar Electronic Voting Machine (MEVM) မဲပေးစက်ဖြင့် မဲပေးနိုင်ရေးစီစဉ်ဆောင်ရွက်ထားရှိသည်ကိုတွေ့ရှိရသည်။ မဲပေးစက်ကိုအသုံးပြု၍ မဲပေးဆောင်ရွက်ခြင်းဖြင့် မဲဆန္ဒရှင်ပြည်သူများမဲပေးရာတွင် အခက်အခဲမရှိ လွယ်ကူလျင်မြန်ခြင်း၊ မဲရလဒ်များတိတိကျကျရရှိခြင်းနှင့် ပယ်မဲလုံးဝမရှိခြင်းတို့ကြောင့် မဲလက်မှတ်များရေတွက်ရာတွင်ဖြစ်ပွားခဲ့သည့် အငြင်းပွားမှုမရှိတော့ခြင်း၊ မဲပေးရာတွင် မဲရုံဝန်ထမ်း၊ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ၊ မဲရုံကိုယ်စားလှယ်များ၊ ရပ်မိရပ်ဖများ၏ရှေ့မှောက်တွင် ပွင့်လင်းမြင်သာစွာမဲပေးဆောင်ရွက်နိုင်ခြင်း အကျိုးကျေးဇူးများရရှိမည့်အပြင် မဲပေးစက်၏ တိကျမှန်ကန်မှုနှင့်နည်းပညာအရ အာမခံမှုများရရှိနိုင်ရန် မဲဆန္ဒရှင်ပြည်သူများကို တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိ မြို့နယ်များ၏ ရပ်ကွက်၊ ကျေးရွာများသို့ လိုက်လံပြသစမ်းသပ်မဲပေးခြင်းများဆောင်ရွက်ခဲ့ရာ မဲဆန္ဒရှင်ပြည်သူ ၃ ဒသမ ၅ သန်းကို စမ်းသပ်မဲပေးဆောင်ရွက်ခဲ့သည်။ Myanmar Electronic Voting Machine (MEVM) မဲပေးစက်သည်မြန်မာအင်ဂျင်နီယာပညာရှင်များက အစိုးရဝန်ကြီးဌာန၏စက်ရုံများ၌ ထုတ်လုပ်ထားသဖြင့် နည်းပညာဆိုင်ရာလုံခြုံစိတ်ချရမှုအပြည့်အဝရှိပြီး မည်သည့် Internet၊ Cellular၊ Wifi ၊ Bluetooth စသည့် ဆက်သွယ်ရေးကွန်ရက်များကိုမျှ ချိတ်ဆက်နိုင်ခြင်းမရှိသည့်အပြင် ဝိုင်ယာကြိုးများနှင့်ဆက်သွယ်ထားခြင်းမရှိသဖြင့် မဲရလဒ်များအပေါ် ပြင်ပမှနှောင့်ယှက်ဖျက်ဆီးခြင်း၊ ပြင်ဆင်ခြင်းမပြုလုပ်နိုင်ဘဲ ဓာတ်ပုံကင်မရာ၊ Scanner များပါရှိခြင်းမရှိသဖြင့် မဲဆန္ဒရှင်များ၏ လျှို့ဝှက်မဲပေးခြင်းကို အာမခံချက်အပြည့်ရှိကြောင်း မဲပေးစက်များအား လိုက်လံရှင်းလင်းပြသမှုများအရ သိရသည်။ မဲပေးစက်များကို ရွေးကောက်ပွဲတွင်အသုံးပြုရာ၌ Myanmar Electronic Voting Machine (MEVM) မဲပေးစက်၏စံချိန်စံညွှန်းကို မြန်မာနိုင်ငံစံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာ ၂၀၁၄ ခုနှစ်နှင့်အညီ အမျိုးသားအဆင့်ထောက်ခံအသိအမှတ်ပြုလွှာရရှိရေးအတွက် အမျိုးသားစံချိန်စံညွှန်းကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် ၀၇၅/၂၀၂၅ နှင့် မြန်မာအီလက်ထရောနစ်မဲပေးစနစ်ဆိုင်ရာစံချိန်စံနှုန်းများကို မြန်မာနိုင်ငံစံချိန်စံညွှန်းအဖြစ် အတည်ပြုသတ်မှတ်ပြီးဖြစ်ကြောင်းသိရသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်တွင်းပြည်ပကြိုတင်ဆန္ဒမဲပေးခြင်းနှင့် စပ်လျဉ်း၍ မဲဆန္ဒရှင်များအား သိရှိဆောင်ရွက်နိုင်ရန် ၂၀၂၅ ခုနှစ် စက်တင်ဘာလ ၁၅ ရက်တွင် အသေးစိတ်ထုတ်ပြန်ထားကြောင်းတွေ့ရှိရသည်။ ကြိုတင်မဲများရေတွက်ခြင်းနှင့်စပ်လျဉ်း၍လည်း ရွေးကောက်ပွဲနည်းဥပဒေ အခန်း(၁၄)၊ ဆန္ဒမဲရေတွက်ခြင်း၊ ရွေးကောက်ပွဲရလဒ်ကြေညာခြင်း အခန်းပါ ပြဋ္ဌာန်းချက်များအတိုင်း

**စာမျက်နှာ ၁၄ သို့ ●**

# ကော့ကရိတ်မြို့နယ်၌ နိုင်ငံသားအခွင့်အရေးမဆုံးရှုံးဖို့မဲပေးစို့ ဆိုင်းဘုတ်စိုက်ထူ



ကော့ကရိတ် အောက်တိုဘာ ၈

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ“နိုင်ငံသားအခွင့်အရေးမဆုံးရှုံးဖို့ မဲပေးကြပါစို့” ဆိုင်းဘုတ်စိုက်ထူပွဲအခမ်းအနားကို ကော့ကရိတ်မြို့ အမှတ်(၆) ရပ်ကွက် ဗိုလ်ချုပ်လမ်း မြို့အဝင်ကြာပန်းအဝိုင်းလမ်းဆုံ၌ အောက်တိုဘာလ ၈ ရက်တွင် ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်ထွန်းနှင့် တာဝန်ရှိသူများက ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးမြေစိုက်ဘုတ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အလားတူ ဆိုင်းဘုတ်စိုက်ထူခြင်းအခမ်းအနားကို ကော့ကရိတ်မြို့နယ် ကျုံဒိုးမြို့ အမှတ်(၂) ရပ်ကွက် ဆေးရုံအရှေ့၌ကျင်းပပြီး ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ “နိုင်ငံသားအခွင့်အရေးမဆုံးရှုံးဖို့မဲပေးစို့” ဆိုင်းဘုတ်အား ကော့ကရိတ်မြို့ အမှတ်(၆)ရပ်ကွက် မြို့အဝင်ကြာပန်းအဝိုင်းလမ်းဆုံ၌တစ်ခု၊ အမှတ်(၃)ရပ်ကွက် မြို့မဈေးအရှေ့၌တစ်ခု၊ ကျုံဒိုးမြို့ အမှတ်(၂)ရပ်ကွက် ဆေးရုံရှေ့၌တစ်ခု စုစုပေါင်း သုံးခု စိုက်ထူထားကြောင်း သိရသည်။ (၄၀၆)

---

● စာမျက်နှာ ၁၃ မှအဆက်

ရွေးကောက်ပွဲမကျင်းပမီ နှစ်ရက်ကြိုတင်၍ ကြိုတင်ဆန္ဒမဲလက်မှတ်များကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ သို့မဟုတ် ယင်းတို့၏ရွေးကောက်ပွဲကိုယ်စားလှယ်များ၊ အသိသက်သေများနှင့် အများပြည်သူရှေ့မှောက်၌ရေတွက်၍ ရလဒ်များကို ပွင့်လင်းမြင်သာစွာ ကပ်ထားကြေညာမည်ဖြစ်ကြောင်းသိရှိရသည်။ ယင်းသို့ဆောင်ရွက်ခြင်းဖြင့် ကြိုတင်မဲများကြောင့်မဲမသမာမှုဖြစ်ခြင်းကို ကာကွယ်တားဆီးနိုင်မည်ဖြစ်သည်။

**လွတ်လပ်ပြီးတရားမျှတသော မဲဆွယ်စည်းရုံးခြင်း**

နိုင်ငံရေးပါတီများ လွတ်လပ်ပြီးတရားမျှတစွာ ဥပဒေနှင့်အညီ မဲဆွယ်စည်းရုံးဆောင်ရွက်နိုင်ရန်အတွက် အသစ်ပြင်ဆင်ပြဋ္ဌာန်းခဲ့သော လွှတ်တော်နည်းဥပဒေများတွင် ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခြင်း အခန်း(၁၀)ကို ထည့်သွင်းပြဋ္ဌာန်းထားကြောင်းတွေ့ရှိရသည်။ ယခင်ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးမှု အတွေ့အကြုံများအရ နိုင်ငံရေးပါတီများသည် မဲဆွယ်စည်းရုံးဆောင်ရွက်ရာတွင် ဥပဒေနှင့်အညီ မျှမျှတတမဲဆွယ်ဆောင်ရွက်ကြရန်ဖြစ်သော်လည်း မီဒီယာအားကိုအသုံးပြု၍ အမုန်းစကားများဖြင့် ပါတီအချင်းချင်း တိုက်ခိုက်မဲဆွယ်ခြင်း၊ အချို့နိုင်ငံရေးပါတီကြီးများသည် မိမိပါတီအနိုင်ရရေးအတွက် နည်းလမ်းမမှန်သောစည်းရုံးရေးနည်းများဖြင့် မဲဆွယ်ခြင်း၊ မဲဆွယ်စည်းရုံးရာတွင် လိုက်ပါဆောင်ရွက်သူများကို ဝန်းရံသူများအဖြစ် အခကြေးငွေပေး၍ စည်းရုံးလှုံ့ဆော်မှုများရှိခဲ့သည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ရွေးကောက်ပွဲဆိုင်ရာ ပါတီစည်းရုံးရေးလုပ်ငန်းများ၊ နယ်မြေစည်းရုံးရေးလုပ်ငန်းများ စုဝေးဟောပြောခြင်း၊ မဲဆွယ်စည်းရုံးခြင်းများနှင့်စပ်လျဉ်း၍ ပြဋ္ဌာန်းဥပဒေများနှင့်အညီဆောင်ရွက်နိုင်ရန် အသိပေးထုတ်ပြန်ကြေညာခြင်းကို ၂၀၂၅ ခုနှစ် ဩဂုတ်လ ၂၁ ရက်တွင်လည်းကောင်း၊ နိုင်ငံရေးပါတီများ ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောခြင်းနှင့်စပ်လျဉ်း၍ဆောင်ရွက်ရမည်များကို ၂၀၂၅ ခုနှစ် စက်တင်ဘာလ ၂၅ ရက်တွင်လည်းကောင်း အသီးသီးထုတ်ပြန်ကြေညာထားကြောင်းသိရှိရသည်။ ရွေးကောက်ပွဲနည်းဥပဒေ ၅၀ တွင်လည်း ရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးရာတွင် ပြဋ္ဌာန်းထားသော ဥပဒေတစ်ရပ်ရပ်ကိုဖြစ်စေ၊ ထုတ်ပြန်ထားသော ဒေသန္တရအမိန့်၊ ညွှန်ကြားချက်၊ စည်းကမ်းချက်များကိုဖြစ်စေ၊ ခွင့်ပြုချက်ပါ သတ်မှတ်ချက်များကိုဖြစ်စေ ဖောက်ဖျက်ကျူးလွန်ပါက သက်ဆိုင်ရာဥပဒေများအရ အရေးယူခံရမည်ဖြစ်ကြောင်း တစ်ပြေးညီပြဋ္ဌာန်းထားရှိသည်ကိုလည်း တွေ့ရှိရသည်။ သို့ဖြစ်၍ နိုင်ငံရေးပါတီများအနေဖြင့် ကျင်းပမည့်ရွေးကောက်ပွဲတွင် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ သာတူညီမျှ မျှမျှတတ မဲဆွယ်နိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိသည်ကိုလည်း တွေ့ရှိရသည်။

**ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများနှင့် သတင်းမီဒီယာများအား လေ့လာခွင့်ပြုမည်**

ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် နိုင်ငံတကာရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများကိုဖိတ်ကြား၍လေ့လာခွင့်ပြုမည်ဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အသိပေးကြေညာထားပြီးဖြစ်သည်။ ပြည်တွင်းရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များနှင့် ကျင့်ဝတ်များကို ၂၀၂၅ ခုနှစ် စက်တင်ဘာလ ၁၆ ရက်က ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်သည်။ မြန်မာနိုင်ငံသတင်းမီဒီယာများအတွက် ၂၀၂၅ ခုနှစ် အထွေထွေရွေးကောက်ပွဲလမ်းညွှန်ကိုလည်း မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီမှ ထုတ်ပြန်ကြေညာပေးမည်ဖြစ်ကြောင်း သိရသည်။ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပွင့်လင်းမြင်သာမှုနှင့် လွတ်လပ်၍တရားမျှတမှုရှိကြောင်းကို နိုင်ငံတကာနှင့် ပြည်တွင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့များမှ လေ့လာစောင့်ကြည့်နိုင်ကြမည်ဖြစ်သည်။

**ရွေးကောက်ပွဲလုံခြုံရေးနှင့် အကြမ်းဖက်မှု၊ ခြိမ်းခြောက်မှုများ မဖြစ်စေရေး**

**ရွေးကောက်ပွဲလုံခြုံရေးနှင့် အကြမ်းဖက်မှု၊ ခြယ်လှယ်မှုများ မဖြစ်စေရေး**

ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ မဲဆန္ဒရှင်ပြည်သူများနှင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်မှဝန်ထမ်းများ၊ ရွေးကောက်ပွဲတွင်ပါဝင်ဆောင်ရွက်နေသူများလုံခြုံရေးအတွက် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်သည် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ အကာအကွယ်ပေးရေးဥပဒေကိုပြဋ္ဌာန်းပြီး အကောင်အထည်ဖော်ဆောင်ရွက်ရမည့်ဝန်ကြီးဌာန၊ အဖွဲ့အစည်းများက အပြည့်အဝဆောင်ရွက်ပေးလျက်ရှိကြောင်းကိုလည်း တွေ့ရှိရသည်။

**နိုင်ငံရေးပါတီ ၅၇ ပါတီ ဝင်ရောက်ယှဉ်ပြိုင်မည်**

၂၀၂၅ ခုနှစ်တွင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီ ၅၇ ပါတီနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်း ၅၀၂၃ ဦး ဝင်ရောက်ယှဉ်ပြိုင်ရန် အမည်စာရင်းတင်သွင်းထားပြီး စိစစ်လျက်ရှိကြောင်းသိရသည်။ တိုင်းရင်းသားပါတီများ ပါဝင်ဆောင်ရွက်ခွင့်ရရှိနိုင်ရန်အတွက် ရွေးကောက်ပွဲစနစ်များကို အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်များအတွက် ရောနှောထားသော ကိုယ်စားလှယ်အချိုးကျစနစ် (MMP) ကို ကျင့်သုံးဆောင်ရွက်ခြင်းဖြင့် ဝင်ရောက်ယှဉ်ပြိုင်သော နိုင်ငံရေးပါတီများအနေဖြင့် ပြည်သူလူထု၏ထောက်ခံဆန္ဒမဲများအရ ကိုယ်စားလှယ်နေရာများ ရရှိနိုင်ကြမည်ဖြစ်သည်။ လွှတ်တော်အတွင်း တိုင်းရင်းသားပါတီများ၏ ကိုယ်စားလှယ်များပါဝင်လာခြင်းဖြင့် ဒေသဆိုင်ရာကိုယ်စားပြုမှု တိုးမြှင့်ရရှိလာမည်ဖြစ်ပြီး တိုင်းရင်းသားများဆန္ဒကို ပိုမိုညီညွတ်စွာ ဆောင်ရွက်နိုင်မည်ဖြစ်သည်။ MMP စနစ်သည် တရားမျှတမှုမြင့်မားသော ဆန္ဒမဲခွဲဝေမှုနှင့် ပေါင်းစပ်တည်ငြိမ်မှုကောင်းသောအစိုးရအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်နိုင်မည်ဖြစ်သည်။

၂၀၂၅ ခုနှစ် ဒီဇင်ဘာလတွင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲအတွက် မဲမသမာမှုဖြစ်စဉ်များမဖြစ်စေရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဆောင်ရွက်ချက်များက သက်သေခံလျက်ရှိသည်။ **ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသော၊ ဂုဏ်သိက္ခာရှိသော အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးအတွက် ရွေးကောက်ပွဲလုပ်ငန်းစဉ်များအား ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပွင့်လင်းမြင်သာစွာကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။** မဲဆန္ဒရှင်ပြည်သူများအနေဖြင့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူများလိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းနိုင်ရေး ပူးပေါင်းပါဝင်ကြပါရန် တိုက်တွန်းလိုက်ရပါသည်။ ။

---

## ယဉ်ကျေးမှုအမွေ ထိန်းကြစို့လေ

❖ အဆိုအကရယ်နဲ့
အရေးကလည်း ကျစ်လျစ်စွာ။
တီးသံသာ နားဝင်ငြိမ့်လို့
ရင်သိမ့်ခုန်လာ။
ယဉ်ကျေးမှု မြန်မာ့ရိုးရာ
နှစ်စဉ်မှာ ယှဉ်ပြိုင်ကြ။
လူငယ်တွေ အနုပညာချစ်
အနှစ်သာရ။

❖ မြတ်နိုးဖွယ် မဟာဂီတ
တေးအစ ထံတျာ။
ကာလပေါ်ခေတ်ဟောင်းသီချင်း
မူရင်းသေချာ။
စည်းဝါးကျန အသံသာ
ဟန်ပါပါသီဆိုမှု။
ကြားရသူ နားအာဟာရ
ရသတွေစု။

❖ အကမှာခေါင်းခါးခြေလက်
သွက်လက်လို့မာန်ပါပါ
ကခုန်ကြတာ။
အတီးက ပိုင်နိုင်စွာ
ကူညီကာ ဖြည့်ဆည်းကြ။
အားလုံးညီ စုကာပေါင်းတယ်
ငြိမ့်ညောင်းလှပ။

❖ လူငယ်တွေမျိုးဆက်သစ်
ထိန်းသိမ်းရစ် သည်အမွေ
မြတ်နိုးကြစေ။
လက်ဆင့်ကမ်း ပေးဝေနေ
နှစ်ကြာရှည် မကွယ်ပျောက်ရေး။
အမျိုးဂုဏ် ဇာတိဂုဏ်နှင့်
ပြည့်စုံအောင် ဂုဏ်ရှိန်တင့်တယ်
ဂုဏ်မြင့်ပြီလေး။ ။

**မန္တလာကိုကိုဝင်း**

---

### သဇင်(FM)အသံလွှင့်အစီအစဉ်

၉-၁၀-၂၀၂၅(ကြာသပတေးနေ့)

| | | |
|---|---|---|
| ၁။ | ၀၆:၃၀ | ခံစားနားဆင် မြန်မာသံစဉ် |
| ၂။ | ၁၀:၀၀ | Internet Pages |
| ၃။ | ၁၄:၃၀ | Live For You |
| ၄။ | ၁၇:၀၀ | အနုပညာခရီးလမ်း |
| ၅။ | ၁၈:၂၀ | Thazin Request Song |
| ၆။ | ၂၁:၂၀ | လွမ်းသံဇာလွှာ |

# ရန်ကုန်တိုင်းဒေသကြီး၌ (ဂိုဏ်းပေါင်းစုံ) သံဃနာယကနှင့် ဝိနည်းဓိုရ်သင်တန်းဖွင့်ပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၈

ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့က ကြီးမှူးကျင်းပသည့် (ဂိုဏ်းပေါင်းစုံ) သံဃနာယကနှင့်ဝိနည်းဓိုရ်သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ရွှေတိဂုံစေတီတော် တောင်ဘက်မုခ်အနီးရှိ တပ်မတော်ဓမ္မာရုံ၌ ကျင်းပသည်။



ဖွင့်ပွဲသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော် ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသည့် သံဃနာယကနှင့် ဝိနည်းဓိုရ်သင်တန်း ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ တိုင်းဒေသကြီး သံဃနာယက ဆရာတော်ကြီးများ၊ မြို့နယ်များမှ သံဃနာယကဆရာတော်များနှင့် သင်တန်းသားဆရာတော်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ သန်လျင်မင်းကျောင်းဆရာတော်ကြီး ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသထံမှ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ထို့နောက်ဆရာတော်ကြီးအမှူးပြုသော ဆရာတော်၊ သံဃာတော်များကို တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တာဝန်ရှိသူများနှင့် အလှူရှင်များက လှူဖွယ်ဝတ္ထုပစ္စည်း၊ သင်တန်းဆိုင်ရာသံဃအဖွဲ့အစည်းလုပ်ထုံးလုပ်နည်းစာအုပ်များကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ တိပိဋကာလင်္ကာရစာသင်တိုက်ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တအဂ္ဂသာမိက သင်တန်းဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းလျှောက်ထားပြီး နိဂုံးချုပ်ဩဝါဒကထာမိန့်ကြားသည်။

အဆိုပါသင်တန်းသို့ သင်တန်းသားဆရာတော် အပါး ၃၃၀ တက်ရောက်တော်မူကြပြီး သင်တန်းကာလကို အောက်တိုဘာလ ၁၂ ရက်အထိ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကာ သင်တန်းဆင်းအောင်ပွဲအဖြစ် အောက်တိုဘာလ ၁၂ ရက် ညနေ ၃ နာရီခွဲတွင် ဆရာတော်ကြီးများနှင့် သင်တန်းသားဆရာတော်များကို ဆွမ်းဆန်စိမ်းလောင်းလှူသွားမည်ဖြစ်သည့်အတွက် လှူဒါန်းလိုသည့် အလှူရှင်များအနေဖြင့် လာရောက်လှူဒါန်းနိုင်ကြောင်း သိရသည်။ **မြဝတီ**

## ၈-၁၀-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၅,၉၉၀,၀၀၀) ကျပ်ဖြစ်**သည်။

**ဓာတ်သတ္တု(ရွှေ)**
**ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

နေပြည်တော် အောက်တိုဘာ ၈

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားနည်းနေပါသည်။ **(မိုး/ဇလ)**

# စွမ်းအင်ဝန်ကြီးဌာန ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများ ဂုဏ်ပြုဆုချီးမြှင့်

နေပြည်တော် အောက်တိုဘာ ၈

၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်မြင်ခဲ့သည့် စွမ်းအင်ဝန်ကြီးဌာနမှ ဝန်ထမ်းများ၏ သားသမီး ကျောင်းသား၊ ကျောင်းသူများ ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန ရတနာခန်းမ၌ကျင်းပသည်။



အခမ်းအနားသို့ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်၊ ဒုတိယဝန်ကြီး၊ ပြည်ထောင်စုဝန်ကြီးရုံးနှင့် ဦးစီးဌာနနှင့်လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ဂုဏ်ထူးရကျောင်းသား၊ ကျောင်းသူများနှင့် ၎င်းတို့၏မိဘများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုနှုတ်ခွန်းဆက်စကားပြောကြားရာတွင်ယနေ့ ထူးချွန်ဆုရရှိသည့်ကျောင်းသား၊ကျောင်းသူများသည် KG မှစ၍ အခြေခံပညာတန်းစဉ်များတွင် ကြိုးစားအားထုတ်ခဲ့မှုများ၏ အသီးအပွင့်များကို ခံစားကြရခြင်းပင်ဖြစ်ကြောင်း၊ ယခုကဲ့သို့ ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများနှင့် သင်ကြားပြသသွန်သင်ပံ့ပိုးပေးခဲ့ကြသည့် ဆရာ၊ ဆရာမများ၊ မိဘများနှင့်ဝန်ကြီးဌာနမှ တာဝန်ရှိသူများကို အသိအမှတ်ပြုချီးကျူးကြောင်း၊ "ယနေ့လူငယ် နောင်ဝယ်လူကြီး" ဟူသည့် ဆိုရိုးအတိုင်း ယနေ့ ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူ မျိုးဆက်သစ် လူငယ်များသည် အနာဂတ်တွင် နိုင်ငံတော်၏ တာဝန်များကို ပခုံးပြောင်းတာဝန်ယူကြရမည်ဖြစ်သဖြင့် မိမိတို့သင်ကြားတတ်မြောက်လာသည့်အသိပညာ၊ အတတ်ပညာများဖြင့် နိုင်ငံ့အကျိုး၊ လောကအကျိုး၊ ဘာသာသာသနာအကျိုးကိုသယ်ပိုးနိုင်သည့် သားကောင်းရတနာ၊ သမီးကောင်းရတနာများဖြစ်အောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့သည့် ဂုဏ်ထူးရှင်များကို ဂုဏ်ပြုချီးမြှင့်ငွေ၊ ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ကျောင်းသား၊ကျောင်းသူများကိုယ်စား ၆ ဘာသာဂုဏ်ထူးရှင် လူရည်ချွန် မောင်ဘုန်းကျော်မြတ်က ကျေးဇူးတင်စကားပြောကြားပြီး ဂုဏ်ထူးရကျောင်းသား၊ ကျောင်းသူများက မြန်မာ့ကျောင်းသားသီချင်းဖြင့် ဂုဏ်ပြုသီဆိုသည်။

စွမ်းအင်ဝန်ကြီးဌာန ဝန်ထမ်းများ၏ သားသမီးများအနက် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ၆ ဘာသာဂုဏ်ထူးဖြင့် တစ်ဦး၊ ၅ ဘာသာဂုဏ်ထူးဖြင့် နှစ်ဦး၊ ၄ ဘာသာဂုဏ်ထူးဖြင့် လေးဦး၊ ၃ ဘာသာဂုဏ်ထူးဖြင့် ၁၀ ဦး၊ ၂ ဘာသာဂုဏ်ထူးဖြင့် ၁၆ ဦး၊ ၁ ဘာသာဂုဏ်ထူးဖြင့် ၂၃ ဦးနှင့် ရိုးရိုး ၁၄၄ ဦး စုစုပေါင်း ၂၀၀ အောင်မြင်ခဲ့ရာ အဆိုပါကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ငွေ၊ ဂုဏ်ပြုဆုတံဆိပ်များနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။ **မြဝတီ**

# (၄၈)ကြိမ်မြောက် ဗုဒ္ဓဟူးနေ့စကားဝိုင်းဆွေးနွေးပွဲကို "မွေးမြူရေး ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ရမည့်မဟာဗျူဟာ"ခေါင်းစဉ်ဖြင့်ကျင်းပ

နေပြည်တော် အောက်တိုဘာ ၈

(၄၈)ကြိမ်မြောက် ဗုဒ္ဓဟူးနေ့စကားဝိုင်းဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် ရုံးအမှတ်(၁၅)စုဝေးဆောင်ခန်းမ၌ကျင်းပရာ သက်ဆိုင်ရာပညာရှင်များက "မွေးမြူရေးဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ရမည့်မဟာဗျူဟာ" ခေါင်းစဉ်ဖြင့် ဆွေးနွေးကြသည်။

အခမ်းအနားတွင်စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက မိမိတို့ဝန်ကြီးဌာနအနေဖြင့် စားရေရိက္ခာဖူလုံရေးနှင့် ပြည်သူများ အာဟာရပြည့်ဝရေး စီမံဆောင်ရွက်ရာတွင် မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို ဘက်စုံကဏ္ဍစုံမှအားပေးမြှင့်တင်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် သားငါးမွေးမြူရေးလုပ်ငန်းများနှင့် ဆက်စပ်သည့်ဌာနများ၊ သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများမှ သုတေသီများ၊ ပညာရှင်များအနေဖြင့် မိမိတို့နိုင်ငံ၏ ရေသယံဇာတ၊ မြေသယံဇာတ သဘာဝအရင်းအမြစ်များကို အသုံးပြု၍ အားလုံးအတွက် အကျိုးဖြစ်ထွန်းပြီး ရေရှည်တည်တံ့ခိုင်မြဲသည့် မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ပြီး ကြိုးပမ်းအကောင်အထည်ဖော်ကြရန်ဖြစ်ကြောင်း၊ ယနေ့ကျင်းပသည့် (၄၈)ကြိမ်မြောက် ဗုဒ္ဓဟူးနေ့စကားဝိုင်းဆွေးနွေးပွဲတွင် ဦးစီးဌာနများ၊ တက္ကသိုလ်များအကြား အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်ရေး၊ စိုက်ပျိုးမွေးမြူရေး ကွင်းဆက်တစ်လျှောက်ကြုံတွေ့နေရသည့် အခက်အခဲများကို ဆိုင်ရာကဏ္ဍများက ဝိုင်းဝန်းဆွေးနွေးအဖြေရှာပြီး အခွင့်အလမ်းများ ဖော်ထုတ်အသုံးပြုနိုင်ရေးအတွက် ကြိုးပမ်းသွားကြရန် တိုက်တွန်းကြောင်း ပြောကြားသည်။

ထို့နောက် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ မွေးမြူရေးသုတေသနဦးစီးဌာနတို့မှ ပညာရှင်များနှင့် သုတေသီများက "မွေးမြူရေးဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ရမည့်မဟာဗျူဟာ"ခေါင်းစဉ်ဖြင့် ဆွေးနွေးကြရာ အခမ်းအနားသို့တက်ရောက်လာကြသော ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ အမှုထမ်း အရာထမ်းများ၊ Online မှ ပါဝင်တက်ရောက်လာကြသည့် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူများက သိရှိလိုသည်များ မေးမြန်းဆွေးနွေးခြင်း၊ သုံးသပ်အကြံပြုဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**မြဝတီ**












■ ရှေ့ဖုံးမှအဆက်

**အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲ**တွင် မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက **“ဇမ္ဗူရောင်ကွန့် (ဘွဲ့)” သီချင်းဖြင့်**လည်းကောင်း သီဆိုယှဉ်ပြိုင်ကြသည်။

**“ခေတ်ဟောင်း/ကာလပေါ်”တေးသီချင်းအဆိုပြိုင်ပွဲ**ကို အမျိုးသားစာကြည့်တိုက် (နေပြည်တော်) ရှိ ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပရာ **အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင်** ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက **“အတုအယောင်”သီချင်းဖြင့်** လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ အတွင်း) အမျိုးသားပြိုင်ပွဲ**တွင် ချင်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက **“ကောက်ရိတ်ချိန်” သီချင်းဖြင့်**လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲ**တွင် ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက **“မမေ့သောအညာ” သီချင်းဖြင့်**လည်းကောင်း သီဆိုယှဉ်ပြိုင်ကြသည်။

ထို့ပြင် **အကပြိုင်ပွဲ**ကို ဆင်ဖြူရှင်ခန်းမ၌ ကျင်းပရာ **အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ အတွင်း) အမျိုးသမီးပြိုင်ပွဲ**တွင် ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း၊ **အဆင့်မြင့်ပညာအဆင့်အမျိုးသားပြိုင်ပွဲ**တွင် ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲ**တွင် ချင်းပြည်နယ်၊ ကချင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့်



ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း ကကြိုးကကွက် စုံလင်စွာ ယှဉ်ပြိုင်ကြသည်။

ထို့အတူ **ဒုံမင်းအတီးပြိုင်ပွဲ**ကို သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပရာ **အဆင့်မြင့်ပညာအဆင့်အမျိုးသားပြိုင်ပွဲ**တွင် ရခိုင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက **“ မြိုင်ကြီးဟေမာ (ယိုးဒယား)” သီချင်းဖြင့်**လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၀နှစ်မှ ၁၅ နှစ်အတွင်း)အမျိုးသမီးပြိုင်ပွဲ**တွင် ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက **“မဟာဇနက (ကာလပေါ်)” သီချင်းဖြင့်** လည်းကောင်း၊ **အခြေခံပညာအဆင့်(အသက် ၁၀နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲ**တွင် ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက **“ မြိုင်ဟေမာ (ယိုးဒယား)” သီချင်းဖြင့်**လည်းကောင်း၊ **အဆင့်မြင့်ပညာအဆင့်အမျိုးသမီးပြိုင်ပွဲ**တွင် မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက **“မြိုင်ကြီးဟေမာ(ယိုးဒယား) ”သီချင်းဖြင့်**လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ အတွင်း) အမျိုးသားပြိုင်ပွဲ**တွင် ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက **“အနန္တငါးဖြာ(ကာလပေါ်)” သီချင်းဖြင့်**လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ အတွင်း) အမျိုးသမီးပြိုင်ပွဲ**တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက **“ ဆန်းဆန်းသစ္စာ ကြာညောင် (ယိုးဒယား)” သီချင်းဖြင့်** လည်းကောင်း တီးခတ်ယှဉ်ပြိုင်ကြသည်။

အလားတူ **တယောအတီးပြိုင်ပွဲ**ကို သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနရှိ လေ့ကျင့်ရေးဇာတ်ရုံ၌ ကျင်းပရာ **အခြေခံပညာအဆင့်(အသက် ၁၅ နှစ်မှ ၂၀ အတွင်း) အမျိုးသားပြိုင်ပွဲ**တွင် ကချင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက **“နှစ်ကိုယ်သစ္စာ(ပတ်ပျိုး)”သီချင်းဖြင့်** လည်းကောင်း၊ **အဆင့်မြင့်ပညာအဆင့်အမျိုးသားပြိုင်ပွဲ**တွင် ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက **“မြိုင်ကြီးဟေမာ(ယိုးဒယား)”သီချင်းဖြင့်**လည်းကောင်း၊ **အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲ**တွင် ကယားပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက **“မြိုင်ကြီးဟေမာ(ယိုးဒယား)” သီချင်းဖြင့်**လည်းကောင်း သာယာငြိမ့်ညောင်းစွာ တီးခတ်ယှဉ်ပြိုင်ကြသည်။

ထို့အတူ **ဆိုင်းတစ်ဦးချင်းအတီးပြိုင်ပွဲ**ကို ပုဗ္ဗသီရိခန်းမ၌ ကျင်းပရာ **အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ အတွင်း) အမျိုးသားပြိုင်ပွဲ**တွင် ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက **“ယမုံနာ(ပတ်ပျိုး)” သီချင်းဖြင့်**လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၅နှစ်မှ ၂၀အတွင်း) အမျိုးသမီးပြိုင်ပွဲ**တွင် မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက **“မင်းလမ်းစပ်ကာ(ကြိုး) သီချင်းဖြင့်**လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၀နှစ်မှ ၁၅ နှစ်အတွင်း)အမျိုးသမီးပြိုင်ပွဲ**တွင် ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက **“စိမ်းလဲ့လဲ့ညိုပြာ(ကြိုး)” သီချင်းဖြင့်**လည်းကောင်း မြိုင်မြိုင်ဆိုင်ဆိုင် တီးခတ်ယှဉ်ပြိုင်ကြသည်။

ယနေ့ ပြိုင်ပွဲ ဒုတိယနေ့၌ သတ်မှတ်နေရာများတွင် ပြိုင်ပွဲဝင်များ၏ ယှဉ်ပြိုင်နေမှုများကို ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် မြန်မာနိုင်ငံတွင်ရောက်ရှိနေသည့် ဘယ်လာရုစ်တေးဂီတအဖွဲ့တို့က လာရောက်ကြည့်ရှုအားပေးကြသည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲ ကျင်းပရာတွင် ပြည်နယ်နှင့် တိုင်းဒေသကြီးများ၏ ရိုးရာအကများကို နှစ်စဉ် မဲနှိုက်ရွေးချယ်၍ ယှဉ်ပြိုင်ရသည့် အစီအစဉ်ကို နှစ်စဉ်ထည့်သွင်းကျင်းပလေ့ရှိပြီး ယခုနှစ်တွင် တနင်္သာရီတိုင်းဒေသကြီး၏ ထားဝယ်ရိုးရာ “ယန်းအက” ကို ပြိုင်ပွဲ တတိယနေ့တွင် ပြိုင်ပွဲဝင်များက ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် ယှဉ်ပြိုင်ကြရမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

# ဘယ်လာရုစ်နိုင်ငံမှ ဖျော်ဖြေရေးအဖွဲ့ ၂၀၂၅ ခုနှစ် (၂၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲကျင်းပနေမှု သွားရောက်လေ့လာ







နေပြည်တော် အောက်တိုဘာ ၈

မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံချစ်ကြည်ရေး တိုးမြှင့်နိုင်ရန်အတွက် မြန်မာနိုင်ငံ၌ ရောက်ရှိနေသည့် ဘယ်လာရုစ်နိုင်ငံမှ ဖျော်ဖြေရေးအဖွဲ့သည် ယနေ့တွင် ၂၀၂၅ ခုနှစ် (၂၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲကျင်းပနေမှုကို သွားရောက်ကြည့်ရှုလေ့လာကြသည်။

ဦးစွာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ယဉ်ကျေးမှုရတနာခန်းမ၌ ပြိုင်ပွဲဝင်များ၏ ဒုံမင်းအတီးပြိုင်ပွဲ တီးခတ်ယှဉ်ပြိုင်နေမှုကိုလည်းကောင်း၊ အမျိုးသားပြတိုက်၌ "မဟာဂီတ" တေးသီချင်းအဆိုပြိုင်ပွဲ သီဆိုယှဉ်ပြိုင်နေမှုကိုလည်းကောင်း ကြည့်ရှုအားပေးကြပြီး မြန်မာ့ရိုးရာ တူရိယာများ သရုပ်ပြတီးခတ်ပြသမှုကိုစိတ်ဝင်တစားကြည့်ရှုလေ့လာကြသည်။

ညနေပိုင်းတွင် ဘယ်လာရုစ်နိုင်ငံမှ ဖျော်ဖြေရေးအဖွဲ့သည် အကပြိုင်ပွဲနှင့် ဆိုင်းအတီးပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးနှင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတို့ကို သွားရောက်ကြည်ညိုလေ့လာကြသည်။

အဆိုပါဖျော်ဖြေရေးအဖွဲ့သည် မန္တလေးမြို့နှင့် ပြင်ဦးလွင်မြို့တို့တွင် ဖျော်ဖြေရေးအစီအစဉ်များဆောင်ရွက်ခဲ့ကြပြီး ရန်ကုန်မြို့နှင့် နေပြည်တော်တို့တွင် မြန်မာ-ရုရှား-ဘယ်လာရုစ်သုံးနိုင်ငံဖျော်ဖြေပွဲ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

❍ ကျောဖုံးမှအဆက်

၄၀ မဂ္ဂါဝပ်ထုတ်လုပ်နိုင်ပြီးတော့ မဟာခေတ်အားလိုင်းထဲကိုပို့လွှတ်ပေးနေပါတယ်။ ရေလှောင်တမံကို ရေကင်းတွေက အမြဲစောင့်ကြည့်နေပြီး လက်တံမြောင်းကြီးတွေကနေ ချောင်းထဲကို ရေတွေထုတ်နေပါတယ်။ ဒီဇင်ဘာလကုန်တာနဲ့ လက်ဝဲ၊ လက်ယာမြောင်းတွေကနေ ဖြူးမြို့က နွေစပါးစိုက်ခင်းတွေအတွက် ရေပို့လွှတ်သွားမှာဖြစ်ပါတယ်" ဟု ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဖြူးရေလှောင်တမံတာဝန်ခံကပြောသည်။

ဖြူးချောင်းရေလှောင်တမံအတွင်းသို့ ပဲခူးရိုးမအနောက်ခြမ်း တောင်တန်းများ၊ ပဲခူးရိုးမဘေးမဲ့တောနှင့် စိမ့်စမ်းများမှ ရေစီးဝင်မှုကို ထိန်းသိမ်းသိုလှောင်ထားပြီး ရေလှောင်တမံမှ သိုလှောင်ရေကို ဖြူးမြို့နှင့် ဇေယျဝတီမြို့နယ်တို့မှ တောင်သူများ၏ စိုက်ခင်းများသို့ ပေးဝေလျက်ရှိကြောင်း သိရသည်။

ညိမ်းသူ(သတင်းစဉ်)

ဓာတ်ပုံ-ဖြူးချောင်းရေလှောင်တမံ

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့်CRPH၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၉-၁၀-၂၀၂၅

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၈၃၀ | ၂၉၄၀ | ၂၉၁၀ | ၂၈၄၀ | ၂၉၅၀ | ၂၉၆၅ | ၂၉၈၀ | ၂၉၀၀ | ၄၅၀၅ | ၃၁၉၀ | ၂၉၁၅ | ၂၉၂၀ | ၂၉၈၅ | ၂၉၅၀ | ၂၉၇၅ | ၃၂၃၀ |
| 95 Ron | ၂၈၉၅ | ၃၀၁၀ | ၂၉၇၅ | ၂၉၁၀ | ၃၀၁၅ | ၃၀၃၀ | ၃၀၅၀ | ၂၉၆၅ | ၄၅၆၀ | ၃၂၆၀ | ၂၉၈၅ | ၂၉၈၅ | ၃၀၅၅ | ၃၀၂၀ | ၃၀၄၀ | ၃၃၀၀ |
| HSD (500 ppm) | ၂၅၄၅ | ၂၆၅၅ | ၂၆၂၅ | ၂၅၆၀ | ၂၆၆၅ | ၂၆၈၀ | ၂၆၉၅ | ၂၆၁၅ | - | ၂၉၁၀ | ၂၆၃၀ | ၂၆၃၅ | ၂၇၀၅ | ၂၆၇၀ | ၂၆၉၀ | ၂၉၄၅ |
| HSD (50 ppm) | ၃၁၁၅ | ၃၂၃၀ | ၃၁၉၅ | ၃၁၃၀ | ၃၂၃၅ | ၃၂၅၀ | ၃၂၆၅ | ၃၁၈၅ | ၄၈၃၀ | ၃၄၈၀ | ၃၂၀၀ | ၃၂၀၅ | ၃၂၇၅ | ၃၂၄၀ | ၃၂၆၀ | ၃၅၂၀ |
| HSD (10 ppm) | ၃၁၁၅ | ၃၂၃၀ | ၃၁၉၅ | ၃၁၃၀ | ၃၂၃၅ | ၃၂၅၀ | ၃၂၆၅ | ၃၁၈၅ | - | ၃၄၈၀ | ၃၂၀၀ | ၃၂၀၅ | ၃၂၇၅ | ၃၂၄၀ | ၃၂၆၀ | ၃၅၂၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၆၆၄ | ၂၇၅၁ |
| 95 Ron | ၂၇၃၀ | ၂၈၁၈ |
| HSD (500 ppm) | ၂၃၈၈ | ၂၄၆၅ |
| HSD (50 ppm) | ၂၉၄၂ | ၃၀၃၀ |
| HSD (10 ppm) | ၂၉၄၂ | ၃၀၃၀ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Sown acreage of maize and sweet corns expanded in Kalewa Township

KALEWA October 8

Local farmers have expanded sown acreage of maize and sweet corns in Kalewa Township of Sagaing Region, according to the township Agriculture Department.

For the 2025–2026 monsoon crop season, a plan was set to cultivate 2,638 acres of maize in Kalewa Township—217 acres of maize and 2,421 acres of sweet corn. Planting began in June this year, and as of today, 2,683 acres—228 acres of maize and 2,455 acres of sweet corn—have already been cultivated, exceeding the planned acreage, according to reports.

"This year, the plan was to grow 2,638 acres of maize and sweet corn in Kalewa Township. So far, 2,683 acres have been planted, which is above the target. To ensure successful and healthy maize cultivation, awareness is being provided to farmers, including guidance on preventing pests and diseases," said U Myo Naing, Head of the Kalewa Township Agriculture Department.

This year, the township agriculture department has been conducting training sessions, field demonstrations, and awareness programmes for maize farmers. Preventive measures against the fall armyworm are being promoted, along with the use of integrated pest management methods such as neem-based pesticides and ginger and chili extracts.



In Kalewa Township, seed maize cultivation yields more than 50 baskets per acre, with a cultivation cost of around Ks-500,000 per acre. Sweet corn yields about 15,000 cobs per acre, with cultivation costs exceeding Ks-500,000 per acre, according to reports. **SK**

# YeU District to grow 2,600 acres of onion as cold season crops



YEU October 8

A plan is underway to grow 2,600 acres of onion as cold season crops in YeU District of Sagaing Region this year, according to the district Agriculture Department.

In 2025-2026 cold season crop cultivation period, YeU Township earmarked 1,721 acres of onion, Taze Township 440 acres and Dabayin Township 439 acres, totalling 2,600 acres.

"This year, over 2,000 acres of onion are planned for cultivation during the winter crop season in YeU District," said U Zaw Myint Tun, Head of the District Agriculture Department. "Efforts will be made to fully meet the target acreage. Onion cultivation is proceeding as usual, and arrangements are also being made to help farmers secure good market prices."

In YeU District, the relevant township agriculture departments are assisting onion farmers by linking them to markets for better prices, providing techniques to extend storage life, encouraging cultivation under GAP (Good Agricultural Practices), and supporting the production of high-quality onions.

Farmers in the district spend around Ks-1.8 million per acre on onion cultivation, with an average yield of about 5,000 viss per acre.

In Sagaing Region, onions are widely cultivated, with the townships of Monywa, Yinmabin, ChaungU, Shwebo, and Myinmu having the largest cultivation areas. **SMK**

# Sagaing Township to grow more than 40,000 acres of winter sesame this year

SAGAING October 8

Agriculture Department of Sagaing Township stated that local authorities will set a plan to grow more than 40,000 acres of winter sesame in Sagaing Township of Sagaing Region in coming cold season.

For the 2025–2026 winter crop season, a plan was set to cultivate 40,351 acres of winter sesame in Sagaing Township. Planting will take place from October to December this year, according to reports.

"In the coming winter crop season, the plan is to grow over 40,000 acres of sesame in Sagaing Township. Efforts will be made to meet the target acreage. Sesame cultivation has been improving year by year. Farmers mainly grow sesame in the winter rather than the monsoon season. As an oil crop, it is in a favorable condition," said U Myo Thant Aung, Head of the Sagaing Township Agriculture Department.

This year, the township agriculture department will provide awareness and guidance to monsoon sesame farmers so they can expand cultivation of winter sesame, adopt proper cultivation practices, use GAP methods, and grow quality seed varieties with higher yields.

Crops produced under the GAP system are of better quality compared to those grown with conventional methods, command higher prices, and can be marketed not only domestically but also for export. As a result, farmers who cultivate under GAP are expected to gain greater economic benefits and see improvements in their socio-economic livelihoods, according to reports. **SK**

# Plan underway to grow more than 17,000 acres of groundnut in Katha Township

KATHA October 8

Agricultural data of Katha Township Agriculture department indicated that local authorities will earmark cultivation of 17,000 acres of groundnut in Katha Township of Sagaing Region in coming cold season.

For the 2025–2026 winter crop season, a plan was set to cultivate 17,237 acres of groundnut in Katha Township. Planting will take place from October to December this year, according to reports.

"This coming winter crop season, the plan is to grow over 17,000 acres of groundnut in Katha Township. Efforts will be made to achieve the target acreage. Groundnut cultivation has been successful and continues to thrive. As an oil crop, it is in a favorable condition, and production has been improving year by year," said U Ko Lay, Head of the Katha Township Agriculture Department.

In Katha Township, groundnut cultivation requires about one and a half baskets of seed per acre. The cost of cultivation, including seed, labour charge, fertilizer, and pesticides, is over Ks-200,000 per acre, and the yield is reported to be more than 50 baskets per acre.

This year, in order to ensure successful groundnut cultivation, prevent pest and disease outbreaks, and maintain weed-free fields, staff from the township agriculture department will conduct field inspections and keep monitoring records, according to reports. **SMK**

## Local farmers to plant 2,200 acres of green gram in Kawlin District this year

KAWLIN October 8

Statistics of Kawlin District Agriculture Department stated that local authorities set a plan to grow 2,200 acres of green gram as cold season crops in Kawlin District of Sagaing Region this year.

In 2025-2026 winter crops cultivation season, Kawlin Township will grow 1,235 acres of green gra, Wuntho Township 161 acres and Pinlebu Township 804 acres, totalling 2,200 acres.

"In the coming winter crop season, 2,200 acres of green gram are planned for cultivation in Kawlin District. Efforts will be made to fully meet the target acreage. Regarding green gram cultivation, awareness will be provided on expanding cultivation and using quality, pure seeds to achieve good yields," said U Win Thein, Head of the Kawlin District Agriculture Department.

This year, the relevant township agriculture departments in Kawlin District will educate farmers on using quality and locally suitable seeds, ensuring seed purity, applying correct cultivation practices, preventing pest infestations, properly using fertilizers, and improving yields.

During this year's monsoon crop season, in cultivating various pulses, the department has been cooperating with farmers by providing quality and pure seeds, necessary inputs, and post-harvest technologies to help achieve good yields and quality. **SMK**

## Plan underway to cultivate more than 3,000 acres of lablab bean in Sagaing Township this year

SAGAING October 8

According to Sagaing Township Agriculture Department, local authorities earmarked cultivation of more than 3,000 acres of lablab bean in coming cold season in Sagaing Township of Sagaing Region.

In the 2025–2026 winter crop season, 3,530 acres of lablab bean are planned for cultivation in Sagaing Township, with planting scheduled from October to December this year. Preparations are being made to ensure successful cultivation.



"This year, over 3,000 acres of lablab bean are planned for cultivation during the winter crop season in Sagaing Township. Efforts will be made to fully meet the target acreage. To achieve good yields and quality, we will cooperate with farmers by providing quality and pure seeds, necessary inputs, and post-harvest technologies," said U Myo Thant Aung, Head of the Township Agriculture Department.

It is learned that in Sagaing Township, the Agriculture Department will continue to educate farmers on expanding lablab bean cultivation, improving yields, adopting GAP (Good Agricultural Practices), using quality and pure seeds, and promoting high-yield varieties.

Crops grown under GAP are of higher quality than those grown with other methods, fetch better market prices, and are not only competitive in the domestic market but can also be exported. Therefore, farmers who adopt GAP can expect greater profitability. **SK**

## More than 4,000 acres of rainfed paddy planted in Kyaukmyaung Sub-Township

KYAUKMYAUNG October 8

Statistics of Kyaukmyaung Sub-Township Agriculture Department mentioned that a total of 4,068 acres of rainfed paddy was planted in Kyaukmyaung Sub-Township of Sagaing Region this year.

In the 2025–2026 monsoon crop season, 4,000 acres of rainfed paddy are planned for cultivation in Kyaukmyaung Sub-Township. Planting began in July this year, and as of today, 4,068 acres have already been cultivated exceeding the target cultivation.

"This year, 4,000 acres of rainfed paddy were planned for cultivation in Kyaukmyaung Sub-Township. To date, 4,068 acres have been planted. We are providing farmers with the necessary technologies and seeds, and field visits are being conducted to ensure timely planting," said Daw Khin Win, Head of the Kyaukmyaung Sub-Township Agriculture Department.

It is learned that during this year's monsoon crop season, the township agriculture department and local farmers have been cooperating to ensure systematic cultivation of rainfed paddy without difficulties.

In Kyaukmyaung Sub-Township, paddy farmers are being trained in cultivation techniques, pest prevention, crop loss reduction, and proper post-harvest handling to ensure timely storage under cover.


This year's cultivated rainfed paddy fields in Kyaukmyaung Sub-Township are reported to be thriving. To secure good yields, township agriculture staff are conducting field activities such as promoting the use of quality and pure seeds, preventing pest infestations, weeding, thinning, and applying fertilizers systematically. **SMK**

## Indaw Township to cultivate more than 10,000 acres of winter sunflower this year

INDAW October 8

Local authorities have earmarked cultivation of 10,965 acres of winter sunflower in coming cold season in Indaw Township of Sagaing Region, according to the township Agriculture Department.

In the 2025–2026 winter crop season, 10,965 acres of sunflower are planned for cultivation in Indaw Township, with planting to take place from the first week of October through December this year.



"This year, over 10,000 acres of sunflower are planned for cultivation in Indaw Township during the winter crop season. Efforts will be made to fully meet the target acreage. To help reduce reliance on imported palm oil, sunflower, an oil crop, will be expanded. Compared to groundnut and sesame, sunflower yields more oil per acre. Sunflower is cultivated only in the winter season," said U Thein Khine, Head of the Indaw Township Agriculture Department.

To expand sunflower cultivation in Indaw Township, the Township Agriculture Department will intensify training programmes to raise awareness and improve the capacity of both staff and farmers.

This year, sunflower farmers in Indaw Township will also be supported with seed distribution, access to fertilizers at affordable prices, and the sharing of improved seed varieties among farmers through farmer-to-farmer exchange systems. **SK**

# Putin arrives to Tajikistan for three-day visit

DUSHANBE October 8

Russian President Vladimir Putin arrived in Tajikistan for a three-day state visit from October 8-10, a Sputnik correspondent reported on Wednesday.

Putin's work program in Dushanbe will include events within the framework of the state visit, as well as participation in the second Central Asia-Russia summit and a meeting of the CIS Council of Heads of State.

Vladimir Putin and Tajik President Emomali Rahmon will discuss a wide range of bilateral issues in Tajikistan, Kremlin aide Yury Ushakov said on Tuesday.

Putin will hold bilateral meetings with leaders on sidelines of his visit to Tajikistan, Yury Ushakov said, adding that the Kremlin is not ruling out a possibility of meeting with Azerbaijani President Ilham Aliyev on the sidelines of events in Dushanbe.



Putin will also talk to journalists following the results of his program in Tajikistan. **Sputnik**

# Iraq signs preliminary deal with ExxonMobil on developing energy sector

BAGHDAD October 8

The Iraqi Oil Ministry on Wednesday signed a Heads of Agreement with U.S. energy company ExxonMobil to develop Iraq's energy sector.

According to a statement by the media office of Iraqi Prime Minister Mohammed Shia' al-Sudani, the agreement represents an understanding paving the way for ExxonMobil to operate in key fields, with Majnoon likely being the most prominent or primary target.

Al-Sudani expressed his government's commitment to cooperating with major oil companies to operate in key oil fields, including the Majnoon field in Basra, and attracting investments in the energy sector, especially in gas development projects.

"Iraq's doors are open to all major international companies wishing to contribute to the development of the oil sector," he said.

For his part, Exxon Mobil's senior vice president Peter Larden expressed gratitude for Iraq's efforts to strengthen bilateral cooperation and praised the progress across various sectors in Iraq, the statement added.

Iraq's economy depends heavily on crude oil exports, which make up roughly 90 percent of the country's revenues. **Xinhua**

# Six killed, 8 injured in explosion at firecracker factory in India

NEW DELHI October 8

At least six workers were killed and eight others injured Wednesday in an explosion that triggered a massive fire inside a firecracker factory in the southern Indian state of Andhra Pradesh, police said.

The incident took place in Rayavaram area of Konaseema District, about 214 km northeast of Amaravati, the capital city of Andhra Pradesh.

Police said the incident occurred while workers were engaged in the manufacture of firecrackers at the unit.

Preliminary investigation showed that the fire started in the explosive storage unit, reportedly due to some mishandling, according to police. **Xinhua**

# Death toll hits 51 in Nepal's rain-induced disasters



KATHMANDU October 8

The death toll from rain-sparked disasters in Nepal has reached 51, a government agency said on Tuesday.

Among the dead, 38 were killed in landslides, 10 in floods and three in lightning strikes, the National Disaster Risk Reduction and Management Authority said in a statement.

Six people, including five hit by floods, are still missing, and 47 others were injured, the statement said.

The security agencies led by Nepal Army have rescued 1,337 people in 15 districts, the army said.

Infrastructure in Nepal, including highways and hydropower stations, was also damaged in disasters sparked by incessant rainfall from Friday evening. **Xinhua**

# India and Brazil look to boost trade amid US tariffs

NEW DELHI October 8

India and Brazil have held discussions in New Delhi about ways to boost economic cooperation and bilateral investment.

The BRICS members, who have both been slapped with 50 percent tariffs by Washington, held the seventh meeting of the India-Brazil Trade Monitoring Mechanism (TMM) on Tuesday. The mechanism provides a platform for the two sides to discuss trade-related issues, identify areas of cooperation, and resolve trade concerns.

The talks marked a significant step towards strengthening trade relations between the two nations, officials said. Indian Commerce Secretary Rajesh Agrawal and Brazilian Secretary of Foreign Trade Tatiana Lacerda Prazeres led the discussions.

The meeting focused on expanding the preferential trade agreement between India and the South American trading bloc MERCOSUR, according to an official statement. The sides also explored ways to enhance collaboration in key sectors such as pharmaceuticals, chemicals, micro, small, and medium enterprises, and finance. In July, Indian Prime Minister Narendra Modi met with Brazilian President Luiz Inacio Lula da Silva after the BRICS summit in Rio de Janeiro and set a target to increase bilateral trade to US$-20 billion over the next five years. The two leaders also reaffirmed the importance of "defending multilateralism and the need to confront current global challenges," while exploring deeper integration between the two nations.

Both India and Brazil have faced constant economic pressure from the administration of US President Donald Trump.

In August, the US slapped 50 percent tariffs on imports from Brazil, in part because of Brasilia's prosecution of former President Jair Bolsonaro, which Trump called a "witch-hunt." Last month, Bolsonaro was sentenced to 27 years and three months in prison after being found guilty of plotting a military coup.

Washington also imposed 50 percent tariffs on India in August, 25 percent of which constituted a punitive levy for its continuing to purchase Russian oil. New Delhi has called the tariffs for buying crude from Russia "unfair, unjustified and unreasonable."

Last month, US Commerce Secretary Howard Lutnick said Washington needs to "fix" countries such as India and Brazil so that they open their markets and do not act against American interests.

**RT**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Bottled water contains dangerous levels of microplastics that lodge in vital organs and raise cancer risk', scientists warn



Experts say you can cut your exposure to microplastics by swapping out plastics in your home for natural materials, metal and glass.

Bottled water may contain dangerous levels of microplastics that can slip through the body's defences and lodge in vital organs—potentially increasing the risk of cancer, new research suggests.

The study, led by Sara Sajedi, a leading environmental management expert at Concordia University, found that people who regularly drink bottled water consume around 90,000 more microplastic particles each year than those who drink tap water.

The potential health effects of ingesting these microscopic fragments have been increasingly documented, with research linking them to chronic inflammation, oxidative stress, hormonal disruption, infertility, neurological damage and cancer.


Experts today, who labelled the findings 'significant', said it was the first human study showing microplastics may alter the human gut microbiome.

Sajedi described the health risks posed by single-use plastic bottles as 'serious', and called for greater awareness of what she described as a 'pressing issue.'

Education is the most important action we can take,' she said. 'Drinking water from plastic bottles is fine in an emergency, but it is not something that should be used in daily life.

People need to understand that the issue is not acute toxicity—it is chronic toxicity.'

Despite growing evidence of harm, scientists say the long-term effects of microplastic exposure are still poorly understood, largely due to a lack of standardised testing and global monitoring.

Microplastics are tiny plastic fragments measuring as little as two micrometres—about two-thousandths of a millimetre.

They make their way into food, water and even the air as plastic products degrade over time.

In bottled water, they form during manufacturing, storage and transport—meaning drinkers ingest them directly from the source, rather than through the food chain.

Recent studies have found microplastics in human lung tissue, placentas, breast milk and even blood, raising concern over how deeply they can penetrate the body.

A growing body of evidence has linked them to neurotoxicity, chronic inflammation and disruption of hormones and metabolism.

Writing in the Journal of Hazardous Materials, Sajedi said: 'They can also contribute to intestinal dysbiosis, disrupt the balance of gut bacteria, and may lead to respiratory diseases when inhaled.

'These wide-ranging chronic health risks highlight the importance of recognising and addressing the impact of nano- and microplastics to safeguard human health.'

It comes after shocking new research earlier this week suggested that microplastics used in food packaging may be damaging the gut—raising the risk of bowel cancer and depression.

The discovery was made by Australian researchers who examined stool samples from healthy volunteers and found that microplastic particles could alter microbial activity in the gut.

Some of the changes mirrored patterns previously linked to depression and bowel cancer, suggesting the tiny fragments may disrupt the body's internal balance in ways that affect both physical and mental health.

Experts called the findings 'significant', saying it was the first human study to show microplastics can alter the gut microbiome.

While scientists cannot yet say exactly why this happens, several theories are emerging.

One is that microplastics may carry chemical substances that interfere with bacterial metabolism, leading to changes in acid production in the gut.

Another is that harmful biofilms could form on the surface of microplastics, creating new 'niches' where certain microbes thrive, explained Mr Pacher-Deutsch, a microplastics researcher and lead author of the study.

However, researchers cautioned that further investigation is vital to understand precisely how microplastics cause such damage.

Meanwhile, Sajedi is calling for a stronger regulatory approach to single-use plastic bottles. She says health authorities must 'review relevant laws, policies and initiatives' governing the production, distribution, use and disposal of disposable plastic products.

She also wants mandatory labelling to inform consumers about the presence of microplastics and their potential health effects and to hold manufacturers accountable for the entire lifecycle of their products.

'Regulatory measures must be implemented to address environmental and health risks,' she said, 'ensuring a more sustainable and resilient future for water access.'

**Mail Online**

# လမ်းကြမ်းမောင်းသူများကိုစောင့်ကြည့်မယ့် တိုယိုတာရဲ့အစောင့်လိုက်ဒရုန်းများ




ဒရုန်းတွေကို ကုန်ပစ္စည်းများသယ်ယူပို့ဆောင်ရာမှာသာ အသုံးပြုနိုင်တော့မှာမဟုတ်ပါဘူး။ သွားလာရခက်ခဲတဲ့မြေနေရာတွေမှာလည်း လမ်းညွှန်ပြသပေးနိုင်စေမယ့် မရှိမဖြစ်အရာများဖြစ်လာတော့မှာဖြစ်ပါတယ်။

တိုယိုတာကုမ္ပဏီက လမ်းကြမ်းမောင်းသူများကိုစောင့်ကြည့်ပေးမယ့် အစောင့်လိုက်ဒရုန်းစနစ်တစ်ခုကို အသုံးပြုနိုင်စေဖို့အတွက် တာဝန်ရှိသူတွေဆီတင်ပြထားပါတယ်။ အဓိကကတော့ လမ်းကြမ်းမှာမောင်းနှင်နေသူတွေအနေနဲ့ လမ်းကြောင်းတွေကို ကြိုတင်ကြည့်ရှုရာမှာ အကူအညီဖြစ်စေဖို့အတွက် ဝေဟင်ထက်မှတွဲဖက်ယာဉ်မောင်းတစ်ဦးကို ဖန်တီးပေးလိုတဲ့သဘောပါပဲ။

အခုဆိုရင် တိုယိုတာကုမ္ပဏီရဲ့တင်ပြချက်က မော်တော်ကားထုတ်လုပ်နေတဲ့ကုမ္ပဏီတွေအတွက် လမ်းညွှန်ချက်အသစ်ဖြစ်လာစေနိုင်ပါတယ်။ တိုယိုတာရဲ့တင်ပြချက်အရဆိုရင် သူတို့ရဲ့စိတ်ကူးက ဒရုန်းများကို ယာဉ်တွေရဲ့ရှေ့ကနေ ကြိုတင်ပျံသန်းစေပြီး မြေပြင်အခြေအနေတွေကို အချိန်နဲ့တစ်ပြေးညီကြည့်ရှုနိုင်စေမှာဖြစ်ပါတယ်။ ဒါ့အပြင် လမ်းကြမ်းမောင်းသူတွေအနေနဲ့ ပတ်ဝန်းကျင်အခြေအနေကိုသိရှိနိုင်မှုလည်းတိုးလာမှာပါ။ **Ref: IE**

**ကိုထက်**


# နျူကလီးယားဓာတ်ပေါင်းဖိုများအတွက် မဖျက်ဆီးနိုင်တဲ့ သတ္တုတစ်မျိုးကိုတီထွင်

ကွန်ပို့စစ်သတ္တုရေမြှုပ်(CMF)လို့အမည်ပေးထားတဲ့သတ္တုတစ်မျိုးဟာ မော်တော်ယာဉ်စက်မှုလုပ်ငန်းနဲ့ နျူကလီးယားစွမ်းအင်လုပ်ငန်းများကို ပိုမိုအဆင့်မြင့်မားစေမယ့် သတ္တုဖြစ်လာပါတယ်။ ဒါပေမဲ့ သူနဲ့ပတ်သက်ပြီး စိတ်ဝင်စားဖို့ကောင်းတာတစ်ခုက အဲဒီသတ္တုဟာ ပေါ့ပါးပြီး ခိုင်ခံ့မှုရှိတာဖြစ်ပါတယ်။ တစ်နည်းပြောရရင် သူ့ကိုဖျက်ဆီးဖို့ဆိုတာ တော်ရုံမဖြစ်နိုင်ဘူးလို့ဆိုရမှာပါ။ ဒါကြောင့် အဲဒီသတ္တုက အလွန်တရာမြင့်မားလှတဲ့အပူချိန်မှာ ကြီးမားတဲ့ဝန်ကို အကြိမ်ကြိမ်ထမ်းနိုင်စွမ်းရှိပါတယ်။

အခုလိုမျိုး ပေါ့ပါးခိုင်ခံ့မာကျောလှတဲ့သတ္တုတစ်မျိုးကိုဖန်တီးတီထွင်လိုက်သူများက မြောက်ကာရိုလိုင်းနားပြည်နယ်တက္ကသိုလ်မှ သုတေသနပညာရှင်များဖြစ်ပါတယ်။ အဲဒီသတ္တုကိုစမ်းသပ်မှုလုပ်တဲ့အခါ အပူချိန် ၆၀၀ ဒီဂရီစင်တီဂရိတ်ရှိတဲ့ပတ်ဝန်းကျင်မှာ သူ့ကိုဖိသိပ်မှုအကြိမ်ရေသန်းနဲ့ချီတဲ့အထိကို ခံနိုင်ရည်ရှိတာတွေ့ရပါတယ်။

ဒါကြောင့် မော်တော်ကားအင်ဂျင်တွေထုတ်လုပ်မှုမှသည် လေယာဉ်အင်ဂျင်တွေထုတ်လုပ်မှုသာမက နျူကလီးယားဓာတ်ပေါင်းဖိုတွေအထိမှာပါအဲဒီသတ္တုကိုကောင်းစွာအသုံးပြုနိုင်မှာဖြစ်တယ်လို့ သုတေသနပညာရှင်များကပြောပါတယ်။ CMF ကိုဖန်တီးခြင်းက အခံသတ္တုသားအတွင်းမှာ အခေါင်းပေါက်ပါတဲ့သံမဏိတွေကို ထည့်သွင်းထားတာဖြစ်ပါတယ်။ **Ref: IE**


**ကိုထက်**



# ၁၄၃၃ တန်အလေးချိန်ရှိ ကမ္ဘာ့ပထမဆုံးရေအောက်ဒေတာစင်တာ စတင်အသက်ဝင်လာ

တရုတ်နိုင်ငံက ကြီးမားလှတဲ့ဒေတာစင်တာကြီးတစ်ခုကို ရေအောက်ထဲမှာချထားပါတယ်။ အခုဆိုရင် ဒီဒေတာစင်တာကြီးက စတင်အသက်ဝင်နေပါပြီ။ ဒါဟာ တရုတ်နိုင်ငံအနေနဲ့ ပင်လယ်ပြင်အတွင်းစီးပွားရေးကိုတိုးချဲ့နိုင်တဲ့ ပထမဆုံးသောခြေလှမ်းဖြစ်ပါတယ်။

အခုရေအောက်ထဲမှာရောက်ရှိနေတဲ့ဒေတာစင်တာကြီးက အလေးချိန်အားဖြင့်တန်ချိန် ၁၄၃၃ တန်ရှိပါတယ်။ ဒီအလေးချိန်က ပျမ်းမျှအားဖြင့်ခရီးသည်တင်ကားအစီးရေ ၁၀၀၀ နဲ့ညီမျှပါတယ်။ အဲဒီထဲမှာဒေတာဆာဗာအမြောက်အမြားကိုထည့်သွင်းထားတာပါ။ အခုဆိုရင် အဲဒီဒေတာစင်တာကြီးက စားသောက်ဆိုင်များနဲ့ပတ်သက်ပြီး အကြံပြုမှုများမှသည် ခရီးသွားလာမှုဆိုင်ရာ လျှောက်ထားချက်များပေးနိုင်တဲ့အထိ လုပ်ငန်းများကိုဆောင်ရွက်နိုင်နေပါပြီ။



တရုတ်နိုင်ငံက အခုလိုမျိုး ဒေတာစင်တာကို ရေအောက်ထဲမှာထားနိုင်ခြင်းက ကမ္ဘာ့ပထမဆုံးဖြစ်ပါတယ်။ မြေပြင်ပေါ်မှာ ဒေတာစင်တာတွေကိုထားရင် သူတို့ကိုအအေးပေးနိုင်ဖို့အတွက် စွမ်းအင်များစွာအသုံးပြုရတာကြောင့် သူတို့ကိုရေထဲမှာချထားလိုက်တာဖြစ်ပါတယ်။ **Ref: IE**

**ကိုထက်**

# လေယာဉ်အစိတ်အပိုင်းများကိုပေါ့ပါးစေမယ့် ပရင့်ထုတ်နိုင်တဲ့ အလူမီနီယံသတ္တုစပ်



မက်ဆာချူးဆက်တက္ကသိုလ်မှ သုတေသနပညာရှင်များက ပရင့်ထုတ်နိုင်တဲ့အလူမီနီယံသတ္တုစပ်တစ်မျိုးကို ဖန်တီးထုတ်လုပ်လိုက်ပါတယ်။ အဲဒီသတ္တုစပ်က သမားရိုးကျနည်းနဲ့ထုတ်လုပ်ထားတဲ့ အလူမီနီယံထက် ငါးဆလောက်ပိုပြီးခိုင်ခံ့မှုရှိပါတယ်။ ဒါ့အပြင် အပူချိန်မြင့်မားမှုကိုလည်း ခံနိုင်ရည်ရှိတယ်လို့ သုတေသနပညာရှင်များကဆိုပါတယ်။

သမားရိုးကျအားဖြင့်ဆိုရင် အခုလိုမျိုးခိုင်ခံ့မှုရှိတဲ့သတ္တုစပ်ကိုရရှိဖို့အတွက် ဖြစ်နိုင်ခြေရှိတဲ့သတ္တုပေါင်းစပ်မှုအကြိမ်ရေတစ်သန်းကျော်ကို စမ်းသပ်မှုတွေလုပ်ရမှာဖြစ်ပါတယ်။ ဒါပေမဲ့ ဉာဏ်ရည်တု(AI)နည်းပညာကိုအသုံးပြုထားတဲ့ အခုနည်းလမ်းက ခိုင်ခံ့မှုမြင့်မားပြီး ပရင့်ထုတ်နိုင်တဲ့အလူမီနီယံသတ္တုစပ်ကိုရရှိဖို့အတွက် အကြိမ်ရေ ၄၀ သာစမ်းသပ်လိုက်ရတယ်လို့ ပညာရှင်များကပြောပါတယ်။

အခုလိုမျိုး အလေးချိန်အားဖြင့်ပေါ့ပါးတယ်။ ကြံ့ခိုင်မှုအပိုင်းမှာလည်း သာလွန်မှုရှိတယ်ဆိုရင် လိုအပ်တဲ့လေယာဉ်အစိတ်အပိုင်းများအတွက် ဒီသတ္တုစပ်ကို ပရင့်ထုတ်ပြီး အသုံးပြုပေးနိုင်စေမှာဖြစ်တယ်လို့သိရပါတယ်။ **Ref: IE**

**ကိုထက်**

# အမေရိကန်ရဲ့ အမြန်သွားတိုက်ခိုက်ရေးရေယာဉ်စုနဲ့ပူးပေါင်းမယ့် အဆင့်မြင့်တိုက်ခိုက်ရေးရေငုပ်သင်္ဘော

အမေရိကန်ရေတပ်ရဲ့ အမြန်သွားတိုက်ခိုက်ရေးရေယာဉ်စုနဲ့ မကြာခင်မှာပူးပေါင်းတော့မယ့် အဆင့်မြင့်တိုက်ခိုက်ရေးရေငုပ်သင်္ဘောတစ်စင်းက အခုဆိုရင်ပင်လယ်ပြင်လက်တွေ့စမ်းသပ်ခုတ်မောင်းမှုတွေကို အောင်မြင်စွာလုပ်ဆောင်ထားနိုင်ပါပြီ။

အဲဒီရေငုပ်သင်္ဘောက နျူကလီးယားစွမ်းအင်သုံးတိုက်ခိုက်ရေးရေငုပ်သင်္ဘောဖြစ်တဲ့ Virginia အတန်းအစားဖြစ်ပါတယ်။ သူ့ရဲ့နာမည်ကတော့ မက်ဆာချူးဆက်ပါ။ မက်ဆာချူးဆက်ဟာ Virginia အတန်းအစားရေငုပ်သင်္ဘောတွေထဲမှာ ၂၅ စင်းမြောက်ရေငုပ်သင်္ဘောဖြစ်ပါတယ်။




ဒီရေငုပ်သင်္ဘောတွေက ရေငုပ်သင်္ဘောတိုက်ဖျက်ရေး၊ ရေပြင်သွားရေယာဉ်တိုက်ဖျက်ရေး၊ တိုမာဟော့ဒုံးကျည်များကိုပစ်လွှတ်တိုက်ခိုက်ရေး၊ ထောက်လှမ်းရေးသတင်းစုဆောင်းရေး၊ မိုင်းစစ်ဆင်ရေးဆောင်ရွက်ရေး၊ အထူးတပ်ဖွဲ့များကိုဖြန့်ကြက်နေရာချထားရေး အစရှိတဲ့စစ်ဆင်ရေးအမျိုးအစားပေါင်းများစွာကို ဆင်နွှဲနိုင်စွမ်းရှိပါတယ်။

ဒီလိုမျိုးစစ်ဆင်နိုင်စွမ်းရှိစေဖို့အတွက် သူဟာ အသံတိတ်လုံခြုံမှုရှိတယ်။ လိုအပ်သလိုရွှေ့လျားသွားလာနိုင်တယ်။ ရေထဲမှာလပေါင်းများစွာကြာ ငုပ်လျှိုးနေနိုင်စွမ်းတို့ရှိပါတယ်။ အခုရေငုပ်သင်္ဘောက တန်ချိန် ၁၀၂၀၀ ရှိပါတယ်။ **Ref: IE**

**ကိုထက်**

# အမေရိကန်က ယူကရိန်းသို့ တိုမာဟော့ဒုံးကျည်များထောက်ပံ့လျှင် ရုရှား-အမေရိကန် ဆက်ဆံရေးပျက်စီးစေမည်




မော်စကို၊ ချစ်ကြည်ရေး

အမေရိကန်နိုင်ငံက ယူကရိန်းနိုင်ငံသို့ တိုမာဟော့ဒုံးကျည်များကို ထောက်ပံ့ပေးမည်ဆိုပါက ရုရှားနိုင်ငံနှင့်အမေရိကန်နိုင်ငံတို့ကြားဆက်ဆံရေးကို ပြန်လည်ပြင်ဆင်မရနိုင်သော ပျက်စီးမှုကြီးဖြစ်ပေါ်စေမည်ဖြစ်ကြောင်း ရုရှားသမ္မတဗလာဒီမာပူတင်က ရှင်းရှင်းလင်းလင်းပြောထားသည်ဟု ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ မာရီယာဇာခါရိုဗာက အောက်တိုဘာလ ၈ ရက်တွင်ပြောသည်။

"ရုရှားသမ္မတကိုယ်တိုင်ကလည်း အတိအလင်းပြောပြီးဖြစ်သလို ကျွန်မအနေနဲ့လည်းထပ်ပြောလိုတဲ့အချက်ကဘာလဲဆိုရင်အမေရိကန်က ယူကရိန်းကို တိုမာဟော့ဒုံးကျည်တွေထောက်ပံ့ပေးသွားဖို့ ဆုံးဖြတ်လိုက်တယ်ဆိုရင် ဒီဆုံးဖြတ်ချက်က ထိပ်တိုက်တွေ့ဆုံမှုအခြေအနေကို ပိုဆိုးစေရုံသာမကဘဲ ပြန်လည်နွေးထွေးလာခါစသာရှိသေးတဲ့ နှစ်နိုင်ငံကြားဆက်ဆံရေးကိုပါ ပြန်ပြင်လို့မရအောင် ပျက်စီးသွားစေမှာဖြစ်ပါတယ်"ဟု မာရီယာဇာခါရိုဗာက ပြောထားသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ယူကရိန်းနိုင်ငံသို့ရောက်ရှိမည့် တိုမာဟော့ဒုံးကျည်များကို ဥရောပနိုင်ငံများသို့ရောင်းချမှုနှင့်ပတ်သက်၍ ဆုံးဖြတ်ချက်ချရာတွင် ဘက်ပေါင်းစုံမှ ထည့်သွင်းစဉ်းစားထားကြောင်းထုတ်ပြန်ထားသည်။ ရုရှားနိုင်ငံအတွင်းပိုင်းအထိပစ်ခတ်နိုင်သည့် တိုမာဟော့ဒုံးကျည်များကို ယူကရိန်းက အမေရိကန်မှ တောင်းဆိုထားခြင်းဖြစ်ကြောင်း သိရသည်။ **Ref: Sputnik**

# ဂျကာတာမြို့အနီးရှိ စက်မှုဇုန်တွင် ရေဒီယိုသတ္တိကြွ ညစ်ညမ်းမှုတွေ့ရှိ

ဂျကာတာ၊ ပတ်ဝန်းကျင်

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့အနီးရှိ စက်မှုဇုန်၌ ရေဒီယိုသတ္တိကြွညစ်ညမ်းမှုကိုတွေ့ရှိထားသည်ဟု တာဝန်ရှိသူများက အောက်တိုဘာလ ၈ ရက်တွင် ထုတ်ပြန်သည်။

ပြည်တွင်းကုမ္ပဏီတစ်ခုက အမေရိကန်ပြည်ထောင်စုသို့ဩဂုတ်လတွင်တင်ပို့သောပုစွန်များတွင် ဆီးဇီယံ-၁၃၇ အမျိုးအစား ရေဒီယိုသတ္တိကြွညစ်ညမ်းမှုကို စတင်တွေ့ရှိခြင်းဖြစ်သည်။ ထို့နောက် ရေဒီယိုသတ္တိကြွညစ်ညမ်းမှုဆိုင်ရာ အထူးလုပ်ငန်းအဖွဲ့က နောက်ကြောင်းပြန် ခြေရာခံလိုက်ရာ ဂျကာတာမြို့အနီး စက်မှုဇုန်ရှိစက်ရုံ ၂၂ ရုံ၌ ထိုကဲ့သို့ ရေဒီယိုသတ္တိကြွညစ်ညမ်းမှုများဖြစ်ပေါ်နေသည်ကို တွေ့ရှိရခြင်းဖြစ်ကြောင်း၊ အထူးသဖြင့် ပုစွန်ထုတ်လုပ်ရေးစက်ရုံဖြစ်သော BMS ၌ ထိုညစ်ညမ်းမှုကို တွေ့ရှိခြင်းဖြစ်ကြောင်း၊ အခြားစက်ရုံ ၂၁ ရုံ၏အမည်ကိုမူ တာဝန်ရှိသူများကထုတ်ဖော်ပြောထားခြင်းမရှိကြောင်း သိရသည်။ **Ref: ST**

# မော်လီကျူး၏ တည်ဆောက်ပုံအသစ် ဖန်တီးနိုင်သူသုံးဦး ဓာတုဗေဒဆိုင်ရာ နိုဘယ်ဆုရရှိ

စတော့ဟုမ်း၊ နိုဘယ်ဆု

သိပ္ပံပညာရှင်များဖြစ်သည့် ဆုဆုမူကီတာဂါဝါ၊ ရစ်ချတ်ရော့ဆန်နှင့် အိုမာယာဂီတို့သည် ရာသီဥတုပြောင်းလဲမှုနှင့် ရေချိုရှားပါးမှုတို့ကဲ့သို့ စိန်ခေါ်မှုများကိုကိုင်တွယ်ဖြေရှင်းနိုင်စေမည့် ကုန်ကြမ်းပစ္စည်းများထွက်ပေါ်စေသော မော်လီကျူး၏ တည်ဆောက်မှုပုံစံအသစ်ကို ဖန်တီးနိုင်ခဲ့သောကြောင့် ၂၀၂၅ ခုနှစ်အတွက် ဓာတုဗေဒဆိုင်ရာ နိုဘယ်ဆုကိုရရှိကြောင်း ဆုရွေးချယ်ရေးအဖွဲ့က အောက်တိုဘာလ ၈ ရက်တွင်ထုတ်ပြန်ထားသည်။

အဆိုပါသိပ္ပံပညာရှင်များသည် ဓာတ်ငွေ့များနှင့် အခြားဓာတုပစ္စည်းများဖြစ်တည်သန်းစီးဆင်းနိုင်သည့် နေရာအများအပြားပါဝင်သော မော်လီကျူးပုံစံအသစ်ကို တည်ဆောက်လိုက်နိုင်ခြင်းဖြစ်သည်။ ထိုမော်လီကျူးများကိုအသုံးပြုခြင်းဖြင့် ကန္တာရလေထုမှရေကိုထုတ်လုပ်နိုင်ခြင်း၊ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ကို ဖမ်းယူနိုင်ခြင်းတို့လုပ်ဆောင်နိုင်ကြောင်းသိရသည်။ **Ref: ST**

# အိန္ဒိယနိုင်ငံ၌ ဘတ်စကားပေါ်သို့ မြေပြိုကျမှုဖြစ်ပွား အနည်းဆုံး လူ ၁၅ ဦးသေဆုံး


နယူးဒေလီ၊ မတော်တဆမှု

အိန္ဒိယနိုင်ငံမြောက်ပိုင်းရှိ တောင်တန်းဒေသတစ်ခုဖြစ်သော ဟီမာချယ်ပရာဒေ့ရှ်ပြည်နယ်၌ အောက်တိုဘာလ ၇ ရက်တွင် ခရီးသည်တင် ဘတ်စကားတစ်စီးပေါ်သို့ မြေပြိုကျမှုဖြစ်ပွားသောကြောင့် အနည်းဆုံးလူ ၁၅ ဦးသေဆုံးပြီး အများအပြားမှာ ဒဏ်ရာရရှိသွားကြောင်း ဒေသတွင်း ရဲတပ်ဖွဲ့ကပြောသည်။

ဘတ်စကားပေါ် မြေပြိုကျသည့်အရှိန်ကြောင့် ဘတ်စကားသည် အလွန်နက်သောချောက်ထဲသို့ ပြုတ်ကျသွားကြောင်းနှင့် သေဆုံးသူများတွင် အမျိုးသမီးနှင့်ကလေးငယ်အနည်းငယ်ပါဝင်ကြောင်း ရဲတပ်ဖွဲ့၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အဆိုပါဘတ်စကားတွင် လူအယောက် ၃၀ ဝန်းကျင်လိုက်ပါသွားပြီး အခင်းဖြစ်ရာနေရာသို့ ကယ်ဆယ်ရေးအဖွဲ့ကရောက်ရှိကာ ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်နေကြောင်း၊ လူ ၁၈ ဦးကိုအသက်ရှင်လျက်ကယ်ထုတ်နိုင်ခဲ့ကြောင်းနှင့် ဒဏ်ရာရရှိသူများကို ဆေးရုံတင်ထားကြောင်း သိရသည်။ **Ref: Xinhua**

# ဒေါ်နယ်ထရမ့်က အခြေအနေတစ်ခုအတွက်သာ အာဆီယံထိပ်သီးညီလာခံသို့တက်မည်ဟုဆို



ဝါရှင်တန်၊ နိုင်ငံရေး

အမေရိကန်သမ္မတဒေါ်နယ်ထရမ့်သည် မလေးရှားနိုင်ငံ၌ကျင်းပမည့် အာဆီယံထိပ်သီးညီလာခံသို့ အခြေအနေတစ်ခုအတွက်သာ တက်သွားမည်ဖြစ်ကြောင်း သတင်းဌာနများကဖော်ပြထားသည်။ ထိုအခြေအနေမှာ ထိုင်းနိုင်ငံနှင့်ကမ္ဘောဒီးယားနိုင်ငံတို့ကြားငြိမ်းချမ်းရေးသဘောတူညီချက်လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ကြီးမှူးခွင့်ရှိမည့်အခြေအနေဖြစ်ကြောင်း ထရမ့်၏ခရီးစဉ်အခြေအနေနှင့်ပတ်သက်၍ သိရှိထားသူများကပြောသည်။

ဒေါ်နယ်ထရမ့်သည် ထိုင်းနှင့်ကမ္ဘောဒီးယားတို့ကြားဖြစ်ပွားသည့် ငါးရက်ကြာစစ်ပွဲကိုအဆုံးသတ်စေရေးအတွက် စွမ်းဆောင်ပေးခဲ့သည်ဟု အခိုင်အမာပြောထားသည်။ လက်ရှိတွင် ထိုင်းနိုင်ငံနှင့်ကမ္ဘောဒီးယားနိုင်ငံတို့ကြား ငြိမ်းချမ်းရေးသဘောတူညီချက်ရရှိစေရေးအတွက် ထရမ့်က ဆွေးနွေးမှုများ လုပ်ဆောင်နေကြောင်း အစိုးရအဖွဲ့သတင်းအရင်းအမြစ်များက ပြောထားသည်။

သို့သော် နှစ်နိုင်ငံကြားငြိမ်းချမ်းရေးရရှိစေရန် ကမ္ဘောဒီးယားနိုင်ငံ၏လုပ်ဆောင်မှုကသာအရေးကြီးကြောင်း၊ ကမ္ဘောဒီးယားနိုင်ငံကသာ ငြိမ်းချမ်းရေးကိုအမှန်တကယ်လိုလားပါက ကြားဝင်စေ့စပ်ညှိနှိုင်းပေးသူပင် ရှိလာစရာမလိုကြောင်း ထိုင်းဝန်ကြီးချုပ်ကပြောထားသည်။ **Ref: NT**

# တရုတ်တပ်မတော်နှင့် မလေးရှားတပ်မတော် ပူးတွဲစစ်ရေးလေ့ကျင့်မှုလုပ်မည်

ပေကျင်း၊ စစ်ရေး

တရုတ်တပ်မတော်နှင့် မလေးရှားတပ်မတော်တို့က မလေးရှားနိုင်ငံအတွင်းနှင့် အနီးရှိရေပြင်တို့၌ ပူးတွဲစစ်ရေးလေ့ကျင့်မှုလုပ်ဆောင်မည်ဖြစ်ကြောင်း တရုတ်အမျိုးသားကာကွယ်ရေးဝန်ကြီးဌာနက အောက်တိုဘာလ ၈ ရက်တွင်ထုတ်ပြန်ထားသည်။

Peace and Friendship 2025 ဟုအမည်ပေးထားသည့် ထိုပူးတွဲစစ်ရေးလေ့ကျင့်ခန်းကို အောက်တိုဘာလလယ်မှ အောက်တိုဘာလနှောင်းပိုင်းအထိလုပ်ဆောင်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြထားသည်။

ယခုကဲ့သို့ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်ကြား ပူးတွဲလုပ်ဆောင်သည့် စစ်ရေးလေ့ကျင့်ခန်းသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကူညီထောက်ပံ့မှုနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာကူညီကယ်ဆယ်ရေးတို့အတွက် အဓိကရည်မှန်းထားခြင်းဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြထားသည်။

အဆိုပါပူးတွဲစစ်ရေးလေ့ကျင့်ခန်းတွင် နှစ်နိုင်ငံတပ်မတော်များမှ တပ်ဖွဲ့ပေါင်းစုံပါဝင်သွားမည်ဖြစ်ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ လေ့လာသူများကိုလည်း ဖိတ်ကြားသွားမည်ဖြစ်ကြောင်းနှင့် ယခုစစ်ရေးလေ့ကျင့်မှုသည် နှစ်နိုင်ငံကြား လက်တွေ့ပူးပေါင်းဆောင်ရွက်မှုကို အကောင်အထည်ဖော်ခြင်းဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ **Ref: Xinhua**



# မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်း(ဗဟို)က ဝန်ကြီးဌာနများမှ ဝန်ထမ်းမိသားစုများအတွက် အိမ်သုံးဆိုလာပစ္စည်းများနှင့်ခြင်ထောင်များ လာရောက်လှူဒါန်း



**နေပြည်တော် အောက်တိုဘာ ၈**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ Blue Sky Rescue Team က မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်း(ဗဟို) မှတစ်ဆင့် နေပြည်တော်ရှိဝန်ကြီးဌာနများမှဝန်ထမ်းမိသားစုများအတွက် အိမ်သုံးဆိုလာပစ္စည်းများနှင့် ခြင်ထောင်များကို ယနေ့တွင် သက်ဆိုင်ရာဝန်ကြီးဌာနများသို့ လာရောက်ပေးအပ်လှူဒါန်းသည်။

နံနက်ပိုင်းတွင် မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်း(ဗဟို)ဥက္ကဋ္ဌ ဦးတင်ဦးသည် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများအတွက် အိမ်သုံးဆိုလာပစ္စည်းအစုံ ၁၀၀ နှင့် ခြင်ထောင်အလုံး ၄၀၀ တို့ကို နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာနသို့ လာရောက်ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့အတူ မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်း(ဗဟို)ဥက္ကဋ္ဌသည်သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများအတွက် အိမ်သုံးဆိုလာပစ္စည်းအစုံ ၁၀၀ ကို အဆိုပါဝန်ကြီးဌာနသို့ လာရောက်ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်က လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့ပြင် မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်း(ဗဟို)ဥက္ကဋ္ဌသည် ကျန်းမာရေးဝန်ကြီးဌာနရှိ ကျေးလက်ကျန်းမာရေးဌာနများ၊ ကျေးလက်ကျန်းမာရေးဌာနခွဲများနှင့် ဆေးပေးခန်းများတွင် အသုံးပြုရန်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Blue Sky Rescue Team က မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း(ဗဟို)မှတစ်ဆင့် ပေးပို့လှူဒါန်းသည့် အိမ်သုံးဆိုလာပစ္စည်းအစုံ ၁၀၀ ကို ကျန်းမာရေးဝန်ကြီးဌာနသို့ လာရောက်ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းနှင့် တာဝန်ရှိသူများက လက်ခံရယူကြပြီး ပြည်ထောင်စုဝန်ကြီးက ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။ **မြဝတီ**

# ဘားအံမြို့၌ (၆)ကြိမ်မြောက် အာဆီယံပတ်ဝန်းကျင်ဆိုင်ရာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးသောမြို့ကြီးများဆု လွှဲပြောင်းပေးအပ်ပွဲနှင့် ရွေးကောက်ပွဲနှိုးဆော် အသိပညာပေးခြင်းဆိုင်ရာ မြေစိုက်ပိုစတာစိုက်ထူပွဲကျင်းပ

**ဘားအံ အောက်တိုဘာ ၈**

အာဆီယံပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ရေရှည်တည်တံ့သောမြို့ကြီးများလုပ်ငန်းအဖွဲ့က (ASEAN Working Group on Environmentally Sustainable Cities- AWGESC) သုံးနှစ်လျှင်တစ်ကြိမ် စိစစ်ရွေးချယ်လျက်ရှိသည့် ၂၀၂၅ ခုနှစ်အတွက် (၆)ကြိမ်မြောက် အာဆီယံပတ်ဝန်းကျင်ဆိုင်ရာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးသောမြို့ကြီးများဆု လွှဲပြောင်းပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ကျင်းပသည်။



အခမ်းအနားသို့ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဟိုတယ်လုပ်ငန်းရှင်များ၊ ခရီးစဉ်ဒေသစီမံခန့်ခွဲမှုအဖွဲ့များနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

ထို့နောက် ပြည်နယ်သယံဇာတရေးရာဝန်ကြီးက ပြည်နယ်ဝန်ကြီးချုပ်ထံ (၆)ကြိမ်မြောက် အာဆီယံပတ်ဝန်းကျင်ဆိုင်ရာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးသော မြို့ကြီးများဆုကို အပ်နှင်းပြီး ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးက (၆)ကြိမ်မြောက် အာဆီယံပတ်ဝန်းကျင်ဆိုင်ရာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးသော မြို့ကြီးများဆုတံဆိပ်နှင့် ပတ်သက်၍ရှင်းလင်းတင်ပြကာ ဆုရဗီဒီယိုကို ပြသသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် ဘားအံမြို့ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းမြတ်ပညာခန်းမ၌ ကျင်းပသည့် အခြေခံပညာကျောင်းသား၊ ကျောင်းသူများအတွက် ကြက်ခြေနီရှေးဦးပြုစုခြင်း အခြေခံသင်တန်းဖွင့်ပွဲသို့ တက်ရောက်အမှာစကားပြောကြားပြီး သင်တန်းအတွက် ငွေကျပ် ၈၆၂၅၀၀၀ ပေးအပ်ချီးမြှင့်သည်။

အဆိုပါသင်တန်းသို့ အခြေခံပညာအထက်တန်းအဆင့်ကျောင်းများမှ ကျောင်းသား၊ ကျောင်းသူ ၁၅၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ အောက်တိုဘာလ ၈ ရက်မှ ၁၂ ရက်အထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် တာဝန်ရှိသူများနှင့်အတူ ဘားအံမြို့ အဝင်ဖားစည်အဝိုင်း၌ကျင်းပသည့် ရွေးကောက်ပွဲနှိုးဆော်အသိပညာပေး မြေစိုက်ပိုစတာစိုက်ထူပွဲသို့ တက်ရောက်သည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများနှင့်အတူ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ "နိုင်ငံသားအခွင့်အရေး မဆုံးရှုံးဖို့ မဲပေးကြပါစို့ " ဆောင်ပုဒ်ပါ မြေစိုက်ပိုစတာကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး၍ မြေစိုက်ပိုစတာစိုက်ထူပွဲတွင် ပါဝင်အားဖြည့်ကူညီပေးကြသော ဘင်ခရာအဖွဲ့၊ ပန်းဖွားအဖွဲ့နှင့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။

**ခရိုင်(ပြန်/ဆက်)**

# ထားဝယ်မြို့၌ ရွေးကောက်ပွဲနှိုးဆော်အသိပညာပေးခြင်းဆိုင်ရာ မြေစိုက်ပိုစတာများစိုက်ထူ

**ထားဝယ် အောက်တိုဘာ ၈**

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအထောက်အကူဖြစ်စေရန် ပြည်သူလူထုအတွက် ရွေးကောက်ပွဲနှိုးဆော်အသိပညာပေးမြေစိုက်ပိုစတာများ စိုက်ထူဖွင့်လှစ်ပွဲကို ယနေ့နံနက်ပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ အာဇာနည်လမ်း မြင်းစီးကြေးရုပ်အနီး၌ ကျင်းပသည်။



အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ကော်မရှင်အရာရှိများ၊ လူမှုရေးအဖွဲ့များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်နှင့်တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌတို့က ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲအတွက် "နိုင်ငံသားအခွင့်အရေးမဆုံးရှုံးဖို့ မဲပေးကြပါစို့" အသိပညာပေး မြေစိုက်ပိုစတာကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပန်းဖွားအဖွဲ့နှင့်ဘင်ခရာအဖွဲ့အား ဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအထောက်အကူဖြစ်စေရန်ပြည်သူလူထုအတွက် ရွေးကောက်ပွဲနှိုးဆော်အသိပညာပေးခြင်းဆိုင်ရာ မြေစိုက်ပိုစတာများကို ခရီးသွားလာသူများ၊ ဒေသခံပြည်သူများနှင့် အများပြည်သူမြင်သာသည့်နေရာများဖြစ်သည့် အာဇာနည်လမ်း မြင်းစီးကြေးရုပ်အနီး၊ အဝေးပြေးကားလမ်း အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်းအနီး၊ ကမြောကင်းလမ်းဆန်းချီလမ်းဆုံ၊ အာဇာနည်လမ်းနှင့် ဦးကျော်ရင်လမ်းထောင့်၊ စည်ပင်သာယာဈေးကြီးအနီးတို့တွင် စိုက်ထူခဲ့သည့်အပြင် သက်ဆိုင်ရာခရိုင်၊ မြို့နယ်များရှိ အများပြည်သူမြင်သာသည့်နေရာများတွင်လည်း ရွေးကောက်ပွဲနှိုးဆော်အသိပညာပေးခြင်းဆိုင်ရာ မြေစိုက်ပိုစတာများစိုက်ထူပေးခဲ့ကြောင်း သတင်းရရှိသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၅˚C | / | ၃၂˚C |
| ရန်ကုန် | ၂၄˚C | / | ၃၄˚C |
| မန္တလေး | ၂၆˚C | / | ၃၅˚C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

**နေပြည်တော် အောက်တိုဘာ ၈**

ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းမှုအားကောင်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **(မိုး/ဇလ)**

# တိုးချဲ့စိုက်ပျိုးသင့်သော ဈေးကွက်ဝင်ဒန့်သလွန်ပင် အပိုင်း(၃)

မူမူ(မလှိုင်)





Fig. 1. Identification of morphological parts of the Moringa oleifera tree and description of its traditional and industrial uses.

**ဒန့်သလွန်သီးနှံ စူးစမ်းလေ့လာမှုများ**

ဒန့်သလွန်ပင်အများဆုံးစိုက်ပျိုးသည့် ဒေသများမှာ မွန်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့်အညာဒေသများတွင်အများဆုံးစိုက်ပျိုးပြီး တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ဧက ၅၀၀ မှ ၁၀၀၀ ခန့်ရှိကြောင်းသိရသည်။ ယခုအခါ ဒန့်သလွန်ဆီ၊ ဒန့်သလွန်ဆေးတောင့်၊ ဒန့်သလွန်ကြိတ်ဖတ်နှင့် အခြားသောအဆင့်မြင့်ထုတ်ကုန်များကိုလည်း တိုးချဲ့ထုတ်လုပ်လျက်ရှိပြီး ဈေးကွက်အနေအထားမှာလည်း ကောင်းမွန်ကြောင်းသိရသည်။ ဒန့်သလွန်ပင်ကို ကြားသီးနှံအဖြစ် ကြက်မောက်၊ ဒူးရင်း၊ ပိန္နဲပင်များနှင့်လည်း ရောနှောစိုက်ပျိုးမှုကို မွန်ပြည်နယ် သထုံမြို့ဘက်တွင် စိုက်ပျိုးလေ့ရှိသည်။

ညောင်ဦးမြို့နယ်သစ်ထောင့်ကျွန်းကျေးရွာတောင်သူများ အိန္ဒိယဒန့်သလွန်မျိုး စီးပွားဖြစ်စိုက်ပျိုးမှုများလာကြောင်းသိရသည်။ အိန္ဒိယဒန့်သလွန်မျိုး MPK1 ကို ရန်ကုန်၊ မန္တလေးမြို့ကြီးတို့တွင် ဒန့်သလွန်ရောင်းချမှုဈေးကွက်ရှိနေပြီဖြစ်ကြောင်း သိရသည်။ အိန္ဒိယဒန့်သလွန်မျိုးကို ပျိုးထောင်ချိန် ၁၅ ရက်ရှိလျှင် စိုက်မည့်မြေနေရာသို့ ရွှေ့စိုက်၍ရပြီး ခြောက်လရှိလျှင် အပွင့်စတင်ပွင့်ကာ အသီးသီးကြောင်း၊ စိုက်ပျိုးရာတွင် ၉ ပေပတ်လည်စိုက်ပြီး ဖြစ်ထွန်းလာသည့် ဒန့်သလွန်ပင်မြင့်ပြီး ရှည်မျောမသွားစေရန် ခေါင်ကိုင်းဖြတ်ဖြတ်ပေးမှသာ အပင်မမြင့်တော့ဘဲ အခက်အလက်ဖြာထွက်ကာ ပင်စည်တုတ်လာကြောင်း သိရသည်။

ဒန့်သလွန်ရွက်ပင်မှထွက်ရှိသည့် အသီး၊ အရွက်ကုန်ကြမ်းများမှအဆင့်မြင့်ကုန်ချောထုတ်လုပ်ကာပြည်ပနိုင်ငံများဖြစ်သည့်ဂျပန်၊ စင်ကာပူ၊ အိန္ဒိယနိုင်ငံတို့မှဝယ်လိုအားများလာကြောင်းသိရသည်။ ဒန့်သလွန်စိုက်ပျိုးရာတွင် ရေပေးရန် ရေမြောင်းလုပ်ထားရကြောင်း ရေကြိုက်သော်လည်း ရေဝပ်လျှင် အပင်မဖြစ်ထွန်းကြောင်း၊ ရေဝပ်တာမကြိုက်နှစ်သက်ကြောင်းနှင့် တစ်နှစ်လျှင် သုံးကြိမ်သီးပြီး အပင်ကိုင်းများခုတ်ဖြတ်ပစ်ရကြောင်း၊ ဒေသမျိုးရင်း ဒန့်သလွန်ပင်များအား အိမ်ခြံစည်းရိုးနှင့် ယာခင်းစပ်များတွင် ဟင်းချက်စားသုံးရန်သာ စိုက်ပျိုးကြကာ ယခုအခါ အိန္ဒိယဒန့်သလွန်မျိုးများစီးပွားဖြစ်စိုက်ပျိုးသူများလာနေပြီဖြစ်ကြောင်း ကျောက်ပန်းတောင်း၊ မြင်းခြံ၊ ပခုက္ကူမြို့ (မြစ်ခြေ)၊ ရေစကြိုနှင့် ဝမ်းတွင်းမြို့နယ်တို့တွင် စီးပွားဖြစ်စိုက်ပျိုးမှုများနေပြီဖြစ်ကာ အိန္ဒိယဒန့်သလွန်မျိုး PMK 1 မျိုးသာ အများဆုံးစိုက်ပျိုးကြပြီး ဒေသမျိုးရင်း ဒန့်သလွန်လည်း စိုက်ပျိုးမှုများလာနေပြီဖြစ်ကာ ဒန့်သလွန် သက်တမ်းနှစ်နှစ်ဆယ်ထိရှည်ကြာကြောင်းသိရသည်။

မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ်ဘက်တွင်လည်း အိန္ဒိယ PMK1 မျိုးကို တောင်သူတစ်ဦးလျှင် ၃ ဧကခန့်အထိ စိုက်ပျိုးကြောင်းသိရသည်။ ဒန့်သလွန်ပင်သည် တစ်နှစ်တွင် နှစ်ကြိမ်ခူးဆွတ်ရပြီး ဒန့်သလွန်တစ်ဧက ၄၃၅ ပင်အား တစ်နှစ်ခြံအပြတ်စနစ်ဖြင့် ရောင်းချကြောင်းသိရသည်။ ထွက်ရှိသော ဒန့်သလွန်သီးများကို မန္တလေး၊ တောင်ကြီး၊ နေပြည်တော်၊ ရန်ကုန်၊ မြဝတီဈေးကွက်တို့သို့ တင်ပို့ရောင်းချကြောင်း လေ့လာသိရှိရသည်။ ဒန့်သလွန်သီးပင်သည် ယခုအချိန်တွင် ဈေးကွက်ရောင်းဝယ်အားကောင်းပြီး စိုက်ပျိုးသူတောင်သူများအနေဖြင့် အကျိုးစီးပွားဖြစ်ထွန်းသော သီးနှံတစ်မျိုးဖြစ်၍ ပိုမိုစိုက်ပျိုးသင့်သောသီးနှံဖြစ်ကြောင်း တွေ့ရသည်။

"ဆေးလည်းအစာ၊ အစာလည်းဆေး" အဖြစ်အသုံးဝင်သော ဒန့်သလွန်ပင်ကို မိသားစုတိုင်း တစ်ပင်တော့ပိုင်ဆိုင်စိုက်ပျိုးထားသင့်သည်။ အာဖရိကတွင် "Tree of Life" ဟုခေါ်ဆိုကြပြီး အနောက်တိုင်းသားများက "Miracle Tree" ဟုခေါ်ဆိုကြောင်းသိရသည်။ အာဖရိကတောင်ပိုင်း၊ လင်ပိုပို(Limpopo)ပြည်နယ်ရှိ တူးဆန် (Tooseng) ရွာတွင် မိုးခေါင်ရေရှားစားစရာရှားပါး၍အာဟာရချို့တဲ့ကြသည်။ ကလေးငယ်နှင့် သက်ကြီးရွယ်အိုများမှာ အာဟာရမပြည့်ဝမှုဒဏ်ပိုမိုခံစားရပြီး မိခင်များအတွက် အခက်အခဲကြုံတွေ့ခဲ့ကြရာမှ ၂၀၀၅ ခုနှစ်တွင်စတင်၍ မစ်မက်သဘတ်သာ(Miss Mathabatha) မှ စည်းရုံးလှုံ့ဆော်ကာ အပင် ၁၅၀၀ ခန့် စတင်စိုက်ပျိုးခဲ့ကြောင်း၊ တစ်လခန့် အကြာတွင်အရွက် စတင်ဖွံ့ဖြိုးပြီး ခြောက်လအတွင်း ခူးယူစားသုံးနိုင်ခဲ့ကြကြောင်းသိရသည်။ အရွက်ခူးအခြောက်လှန်းအမှုန့်ကြိတ်ပြီး ကလေးများအတွက် အဓိကအစားအစာအဖြစ်ထည့်၍ကျွေးမွေးခဲ့ရာမှ အာဟာရချို့တဲ့ခြင်းကိုဖြေရှင်းပေးနိုင်ခဲ့ကြောင်း၊ အသားအရေစိုပြည်ကာ ကျန်းမာသန်စွမ်းစေကြောင်း သိရသည်။ ထိုအောင်မြင်မှုကြောင့် ၂၀၁၀ ပြည့်နှစ်တွင် မစ်မက်သဘတ်သာသည်တောင်အာဖရိက အစိုးရမှပေးအပ်သည့် " Female Entre-preneur of the Year" ကိုရရှိခဲ့သည်။ ထိုသို့ ဒန့်သလွန်ပင်စိုက်ပျိုး၍ အာဖရိကမှ ကလေးများ၏ အာဟာရချို့တဲ့မှုကို ဖြေရှင်းပေးနိုင်ခဲ့သည့်နောက် All-women Organization အဖွဲ့တည်ထောင်ကာ ဒန့်သလွန်ပင် အများအပြားစိုက်ပျိုးပြီး အသားမစားနိုင်၊ ဟင်းသီးဟင်းရွက်မဝယ်နိုင်သူများကို ဒန့်သလွန်ရွက်နှင့် အသီးစားစေခဲ့သည်။ နောက်ပိုင်းတွင် ဒန့်သလွန်ရွက်အမှုန့်ကိုရောင်းစားခွင့်ပြုလုပ်ခဲ့ကြကြောင်းသိရသည်။ ယခင်က ဒန့်သလွန်ရွက်ခြောက်ကိုဆုံဖြင့်ထောင်းရာမှ ယခုဆို



အမှုန့်ကြိတ်စက်ရုံပါ တည်ထောင်၍ လုပ်ငန်းချဲ့ထွင်လာကြောင်း၊ ၂၀၁၁ ခုနှစ်တွင် All-women Organization က ဒန့်သလွန်ရွက်ရောင်းချပြီး ဆင်းရဲသားမိသားစုပေါင်း ၃၀၀ ကျော်နှင့် မိဘမဲ့ကလေးပေါင်း ၃၅၀ ကျော်ကိုထောက်ပံ့ပေးနိုင်ခဲ့ကြောင်း၊ ဤအကြောင်းအရာကိုအခြေခံ၍ University of Fort Hare မှပညာရှင်များက ဒန့်သလွန်ပင်သုတေသနများကို များစွာစိတ်ဝင်စားလာခဲ့ကြောင်း မှတ်သားရသည်။ ထို့ပြင် ဒန့်သလွန်ပင်ကို "Superfood Tree" ဟုလည်းသတ်မှတ်ခဲ့ကြောင်းသိရသည်။

ကမ္ဘာကြီးပူနွေးလာမှု၊ အပူချိန်မြင့်တက်လာမှုများအကြား ရာသီဥတုနှင့် လိုက်လျောညီထွေ စိုက်ပျိုးရေး၊ စိုက်ပျိုးမှုသဟဇာတဖြစ်စေရေးနှင့် သီးနှံသစ်တောရောနှောစိုက်ခင်းများတွင် ဒန့်သလွန်ပင်သည်လည်း အရေးပါသော အပင်အမျိုးအစားဖြစ်သည်။ တချို့ပညာရှင်များက ဒန့်သလွန်ပင်ကို စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်ဝင်သီးနှံပင်အဖြစ်ပင် တင်စားသတ်မှတ်ထားကြသည်။ Zero hunger (SDG 2)၊ Good health and well-being (SDG 3)၊ Clean water and sanitation (SDG 6)၊ Decent work and economic growth (SDG 8)၊ Sustainable cities and communities (SDG 11)၊ Responsible consumption and production (SDG 12)၊ Climate action (SDG 13)အစရှိသော ပန်းတိုင်များနှင့် ညီညွတ်မျှတနေသော အပင်အဖြစ် အာရုံစိုက်ကာ တွေ့မြင်လာကြသည်။ မြေဆီလွှာပြုပြင်ရေး၊ သီးနှံသစ်တောရောနှောစိုက်ခင်းများတွင် ထည့်သွင်းစိုက်ပျိုးနိုင်ပြီး အပူပြင်းဒေသ (ဥပမာ-အာဖရိကတိုက် စားနပ်ရိက္ခာချို့တဲ့ဒေသများ)တွင် အာဟာရချို့တဲ့မှုဖြည့်တင်းရေးအတွက် အဓိကသီးနှံအဖြစ်ပါဝင်နေခြင်း၊ ကူးစက်ရောဂါများကာကွယ်ရေးတွင်အထောက်အကူများစွာရသော သီးနှံပင်ဖြစ်ခြင်း၊ သောက်သုံးရေသန့်ရရှိရန် ခက်ခဲသောဒေသများတွင် ရေသန့်စင်ရေးအတွက် ဒန့်သလွန်စေ့ကိုအသုံးပြုနိုင်ခြင်းအစရှိသော အကျိုးကျေးဇူးများစွာကိုရရှိစေသဖြင့်ကိုဗစ်-၁၉ ရောဂါပြန့်ပွားမှုဖြစ်ပေါ်ခဲ့ပြီးနောက်ပိုင်းကာလများတွင် ဒန့်သလွန်ပင်သည် ကမ္ဘာအနှံ့အာရုံပြုစိတ်ဝင်စားလာသော သီးနှံပင်ဖြစ်သည်။ အသက်ရှူလမ်းကြောင်းဆိုင်ရာနှင့် အစာလမ်းကြောင်းပြဿနာများအတွက် ဆေးဝါးထုတ်လုပ်ရန်ဂရုပြုလေ့လာနေကြသည်ကိုလည်းစာစောင်များစွာတွင်ဖတ်ရှုမှတ်သားရသည်။

သုတေသနလေ့လာချက်များအရ ဒန့်သလွန်အစေ့အမှုန့်သည် ရေထဲမှ အနည်အမှုန်များနှင့် ဗက်တီးရီးယားပိုးတို့ကို လျော့ကျစေနိုင်ကြောင်း၊ ကျေးလက်ဒေသများတွင် ရေဋ္ဌအဆိပ်ရှိခတ်ကြွင်းဖြစ်ပေါ်မှုကိုလျှော့ချရာတွင် အသုံးပြုကြောင်း၊ ဤသို့ရေသန့်စင်ပစ္စည်းအဖြစ်အသုံးပြုခြင်းမှ နှစ်ပေါင်းရာချီကြာမြင့်ခဲ့ပြီဖြစ်ကြောင်း၊ အဓိကအားဖြင့် ဆူဒန်နိုင်ငံ၌ နိုင်းမြစ်ရေကို အနည်အနှစ်သန့်စင်စေအောင်ပြုလုပ်ရာမှာသုံးစွဲလေ့ရှိသော အိမ်တွင်းသုံးစွဲနေမြဲ ဓလေ့တစ်ခုဖြစ်ခဲ့ကြောင်းသိရှိရသည်။ ရေထဲမှ အနည်အမှုန်များကို ၉၇ ရာခိုင်နှုန်းမှ ၉၉ ရာခိုင်နှုန်းအထိလျှော့ကျအောင်စွမ်းဆောင်နိုင်သည်။

ဒန့်သလွန်အရွက်ကို အမှုန့်ပြုလုပ်ရာတွင် အာဟာရဓာတ်များနှင့် ဆေးဖက်ဝင်အာနိသင်များကိုထိခိုက်မှုမရှိအောင် ထိထိရောက်ရောက်ထုတ်လုပ်နိုင်ရန် သတိပြုရမည့်အချက်များ အတော်များသည်။

**အရွက်ရွေးချယ်ခြင်း**

အသစ်စက်စက် လတ်လတ်ဆတ်ဆတ် အစိမ်းရောင်ပြည့်သောအရွက်များကိုသာ ရွေးချယ်ပါ။ ပိုးမွှား၊ မှို၊ အညစ်အကြေးပါဝင်သောအရွက်များကို ရှောင်ကြဉ်ပါ။

**သန့်ရှင်းရေးလုပ်ငန်းစဉ်**

ရေဖြင့် သေချာစွာဆေးကြောပြီး မိနစ်အနည်းငယ် ဆားရည်ထဲစိမ်ထားခြင်းက ပိုးသတ်နိုင်သည်။ ဆေးကြောပြီးနောက် ရေစိုမှုမကျန်အောင်လေဖြင့်အခြောက်ခံပါ။

**ခြောက်သွေ့စေခြင်း**

အနိမ့်အပူချိန်ဖြင့် ခြောက်သွေ့စေခြင်း (ဥပမာ – ခပ်ထန့်ထန့် ခြောက်ခြင်း၊ လေခြောက်စက်) အပူအလွန်မမြင့်စေရ။ ဗီတာမင်များပျက်စီးနိုင်သည်။ နေဖြင့်ခြောက်ခြင်းကိုရှောင်ကြဉ်ပါ။ အာဟာရဓာတ်များပျက်စီးနိုင်ပြီး မှိုပိုးကူးစက်နိုင်သည်။

**ကြိတ်မှုန့်လုပ်ခြင်း**

သန့်ရှင်းသောကြိတ်စက်အသုံးပြုပါ။ အမှုန့်သည်သေးငယ်ညီညာဖြစ်အောင်ကြိတ်ပါ။ ကြိတ်ပြီးနောက် စစ်ထုတ်ခြင်းဖြင့် အမှုန့်အကြီးများကို ခွဲထုတ်နိုင်သည်။

**ထုပ်ပိုးခြင်းနှင့်သိုလှောင်ခြင်း**

အလင်းမဝင်သောပလတ်စတစ်ဘူးသို့မဟုတ်ဖန်ဘူးများတွင်ထုပ်ပိုးပါ။ စိုထိုင်းမှုနည်းသောနေရာတွင် သိုလှောင်ပါ။ အပူချိန်မပြောင်းလဲသော နေရာတွင်ထားခြင်းက သိုလှောင်ကာလတိုးစေနိုင်သည်။

**အရည်အသွေးထိန်းသိမ်းမှု**

အနံ့၊ အရသာ၊ အရောင်ပြောင်းလဲလာပါက အသုံးမပြုသင့်ပါ။ သက်တမ်း (shelf life) ကို မှတ်တမ်းတင်ထားပါ။ ခြောက်လမှ ၁ နှစ်အထိအသုံးပြုနိုင်သည်။

ဒန့်သလွန်အရွက်အမှုန့်သည် ဟင်းချက်၊ အဖျော်ယမကာ၊ ဆေးဖက်ဝင်အသုံးပြုမှုအတွက် အလွန်အသုံးဝင်သောထုတ်ကုန်ဖြစ်၍ စီးပွားရေးအနေနှင့် ထုတ်လုပ်မှုစနစ်ကို GMP (Good Manufacturing Practice) စံနှုန်းနှင့်ကိုက်ညီအောင်ပြင်ဆင်ရန်အရေးကြီးသည်။ စနစ်တကျလုပ်ဆောင်နိုင်လျှင်ဒန့်သလွန်အမှုန့်အခြေခံထုတ်ကုန်များသည် ကျန်းမာရေးနှင့် အလှအပနစ်မျိုးစလုံးအတွက် အထူးအသုံးဝင်သော စီးပွားရေးအခွင့်အလမ်းဖြစ်လာနိုင်သည်။ စိုက်ပျိုးမှုကနေစပြီး ဈေးကွက်ထိုးဖောက်မှုအထိ စနစ်တကျလုပ်ဆောင်နိုင်လျှင် ဒန့်သလွန်အပင်ကနေ စီးပွားရေးအခွင့်အလမ်းတစ်ခုအဖြစ် ပြောင်းလဲနိုင်သည်။

အိန္ဒိယနိုင်ငံတွင် အရွက်အမှုန့်ကိုအသုံးပြုကြသဖြင့် အခင်းလိုက်စိုက်ပျိုးပြီး ၃၅ ရက်ခြားတစ်ကြိမ် ရိတ်သိမ်း၍ တစ်နှစ် ၁၀ ကြိမ်ခန့်ရိတ်ယူကြသည်။ တစ်ဟက်တာလျှင် ခန့်မှန်းခြေ အခြောက်အလေးချိန်တန် ၁၂၀ အထိရရှိကြောင်း၊ အရွက်အစိုအနေနှင့်လည်း အသုံးပြုသကဲ့သို့ အခြောက်မှုန့်လည်းပြုလုပ်ကြကြောင်း၊ ဤသို့စိုက်ပျိုးခြင်းမှာ အစေ့ထုတ်ပြောင်း ၁၀ ကြိမ် စိုက်ပျိုးထုတ်လုပ်မှုနှင့်ညီမျှသော အကျိုးရလဒ်ရှိကြောင်း သို့ရာတွင် သိုလှောင်သိမ်းဆည်းရာတွင်အခက်အခဲရှိကြောင်းသိရသည်။ ။

# သံဃမဟာပဝါရဏာပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပ



သည့် ရဟန်း၊ သံဃာများအား ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် စေတနာရှင်၊ အလှူရှင်များက နဝကမ္မအလှူငွေများ၊ လှူဖွယ်ပစ္စည်းများနှင့် ဆွမ်းဆန်တော်များ လောင်းလှူကြကြောင်း သိရသည်။

(၄၀၁)၊တင်စိုး(ပဲခူး)

ပဲခူး အောက်တိုဘာ ၈

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ရွှေမော်ဓောဘုရားတောင်ဘက်မုခ်ရှိ မဟာသီဝလိသိမ်တော်၊ ကြခတ်ဝိုင်းကျောင်းတိုက်သိမ်တော်၊ မဟာကလျာဏီသိမ်တော်နှင့် ကမ္မဋ္ဌာန်းကျောင်းတိုက်သိမ်တော် စသည့်နေရာများ၌ အောက်တိုဘာလ ၆ ရက်တွင် သံဃဂိုဏ်းအလိုက်ကျင်းပကြောင်း သိရသည်။

သံဃမဟာပဝါရဏာပွဲတော်ကို ရွှေမော်ဓောဘုရား တောင်ဘက်မုခ်ရှိ မဟာသီဝလိသိမ်တော်ကြီး၌ ပဲခူးမြို့မစာသင်တိုက်ဆရာတော်ဦးဆောင်၍ သုဓမ္မာဂိုဏ်းဝင်ကျောင်းပေါင်း ၃၆၇ ကျောင်းမှသံဃာတော် ၂၉၅၁ ပါးတို့မှ (၁၀၃၄)ကြိမ်မြောက် ပဝါရဏာပြုပွဲကိုလည်းကောင်း၊ ကြခတ်ဝိုင်းကျောင်းတိုက် သိမ်တော်ကြီးတွင် ကြခတ်ဝိုင်းကျောင်းတိုက်ဆရာတော်ကြီး ဦးဆောင်၍ ရွှေကျင်ဂိုဏ်းဝင်ကျောင်းပေါင်း၂၄၃ ကျောင်းမှသံဃာတော်အပါး ၁၉၃၃ ပါးမှ (၁၆၂)ကြိမ်မြောက် ပဝါရဏာပြုပွဲကိုလည်းကောင်း၊ မဟာကလျာဏီသိမ်တော်ကြီးတွင် သာသနာ့မဏ္ဍိုင်ပါဠိတက္ကသိုလ်ကျောင်းတိုက်ဆရာတော်ကြီးမှ ဦးဆောင်၍ ရွှေကျင်ဂိုဏ်းဝင် ကျောင်းပေါင်း ၃၈ ကျောင်းမှ သံဃာတော် ၄၂၄ ပါးတို့မှ (၁၄၄)ကြိမ်မြောက် ပဝါရဏာပြုပွဲကိုလည်းကောင်း၊ ကမ္မဋ္ဌာန်းကျောင်းတိုက်သိမ်တော်ကြီးတွင် ကမ္မဋ္ဌာန်းကျောင်းတိုက်ဆရာတော်ကြီး ဦးဆောင်၍ မဟာဒွါရဂိုဏ်းဝင်ကျောင်းပေါင်း ၁၃ ကျောင်းမှ သံဃာတော် ၆၁ ပါးတို့မှ (၅)ကြိမ်မြောက် ပဝါရဏာပြုပွဲကို သက်ဆိုင်ရာဂိုဏ်းဝင်ဆရာတော်များကနေရာခွဲ၍ ပဝါရဏာပြုတော်မူကြသည်။

သံဃမဟာပဝါရဏာပြုတော်မူကြ

# ကျောက်ဆည်မြို့နယ် ကျီးအိပ်ကျေးရွာ၌စိုက်ပျိုးထားသော ငရုတ်စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း



ကျောက်ဆည် အောက်တိုဘာ ၈

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်၌ သီးနှံမျိုးစုံစိုက်ပျိုးထားရှိရာ ကျီးအိပ်ကျေးရွာမှ တောင်သူဦးဆန်းဝင်း စိုက်ပျိုးထားသော ငရုတ်သီးနှံစိုက်ခင်းများ မှာယခုအခါ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

ကျောက်ဆည်မြို့နယ်၌ တိုက်နယ် ၁၂ ခုရှိပြီး ကျီးအိပ်ကျေးရွာသည် တိုက်နယ် (၁)တွင်ပါဝင်ပြီး ငရုတ်သီးနှံဧက ၆၀ စိုက်ပျိုးထားကြောင်း၊ အခြားတိုက်နယ်ဝင် ကျေးရွာအုပ်စုများဖြစ်သည့် ပန်ခွာကျေးရွာအုပ်စု၌ ၅၉ ဧက၊ ကျီးပြကျေးရွာအုပ်စု၌ ၅၂ ဧက၊ သင်ပျိုကျေးရွာအုပ်စု၌ဧက ၅၀၊ ဒွေးလှကျေးရွာအုပ်စု၌ ဧက ၅၀၊ ငါးဆူးကျေးရွာအုပ်စု၌ ဧက ၄၀၊ ရှားပင်ကျေးရွာအုပ်စု၌ ဧက ၃၀ အသီးသီးစိုက်ပျိုးထားကြောင်း မြို့နယ်မြေစာရင်းဦးစီးဌာနမှ သိရသည်။

ကျောက်ဆည်မြို့နယ်၌ ငရုတ်သီးနှံများကို တော်သတင်းလလယ်လောက်မှစတင်ပြီး တပို့တွဲလကုန်အထိ တောင်သူအများစု စိုက်ပျိုးကြပြီး နေရာဒေသနှင့်မြေအမျိုးအစားအလိုက် အခြောက်စိုက်ပျိုးခြင်း (မြေပြင်ထားသည့်မြေကွက်၌ ပေါက်ပြားများဖြင့် ကျင်းဖော်၍ ရေလောင်းစိုက်ပျိုးခြင်း)၊ အစိုစိုက်ပျိုးခြင်း (မြေပြင်ထားသည့်မြေကွက်၌ မြေပေါင်များပြုလုပ်၍ ရေသွင်း၍ စိုက်ပျိုးခြင်း)၊ စိုက်ပျိုးနည်းစနစ်၊ ရာသီဥတုနှင့်အပင်အပြုအစုအပေါ်မူတည်၍ ငရုတ်တစ်ဧကတွင် နေလှန်းပြီးငရုတ်သီးအခြောက်တင်း ၃၀၀ မှ ၅၀၀ အထိ ရရှိကြောင်း၊ ယခုအခါ ငရုတ်စိုက်တောင်သူအချို့သည် ကုန်ကျစရိတ် သက်သာစေရန်နှင့် ဝင်ငွေအစောရရှိစေရန်အတွက် ငရုတ်သီးခြောက်အဆင့်အထိ မပြုလုပ်ကြဘဲ ငရုတ်သီးအစိမ်းများခူးဆွတ်၍ ကုန်စိမ်းပွဲရုံများ၌ ရောင်းချမှုများ ပြုလုပ်ကြကြောင်း ငရုတ်စိုက်တောင်သူများထံမှသိရသည်။

သက်မောင်(ကျောက်ဆည်)

## မြဝတီရုပ်မြင်သံကြားအစီအစဉ် ၉-၁၀-၂၀၂၅(ကြာသပတေးနေ့)

| | | |
|---|---|---|
| ၁။ | ၀၆:၀၀ | တရားတော် |
| ၂။ | ၀၈:၀၀ | မောင်မယ်လေးများသိစေချင် |
| ၃။ | ၀၉:၀၀ | ကျန်းမာသုတ |
| ၄။ | ၁၀:၀၀ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၅။ | ၁၁:၀၀ | ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ |
| ၆။ | ၁၂:၀၀ | ရှေးမြန်မာမင်းများ၏ခေါင်းဆောင်မှု |
| ၇။ | ၁၃:၀၀ | ဝေမျှဆွေးနွေး လူငယ့်အရေး |
| ၈။ | ၁၆:၀၀ | မျိုးချစ်တပ်မတော် |
| ၉။ | ၁၇:၀၀ | လူသားနှင့်ဆိုက်ဘာအန္တရာယ် |
| ၁၀။ | ၁၈:၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၁၁။ | ၁၈:၃၀ | ထုတ်လွှင့်ပြန်ကြားသတင်းမှန်များ |
| ၁၂။ | ၁၈:၄၀ | ပြည်သူ့ကြားကပြည်သူ့စကား |
| ၁၃။ | ၁၉:၀၀ | ရုပ်မြင်သံကြားဇာတ်လမ်း ကမ္ဘာတည်သရွေ့ရှိနေမည် ငါတို့ရဲ့အမွေ အပိုင်း(၁) သရုပ်ဆောင် - ဟိန်းကိုကိုကျော်၊ သင်ဇာမြင့်မိုရ် ဒါရိုက်တာ- ကျော်နှင်းဆီ |

## MWD Education, Knowledge & Sports Channel

၉-၁၀-၂၀၂၅(ကြာသပတေးနေ့)

| | | | |
|---|---|---|---|
| ၁။ | ၀၇:၀၀ - ၀၈:၃၅ | Grade – 8 | မြန်မာစာ၊ အင်္ဂလိပ်စာ |
| ၂။ | ၁၅:၃၀ - ၁၆:၁၅ | Grade – 8 | အင်္ဂလိပ်စာ၊ သင်္ချာ(၁)၊ သင်္ချာ(၂) |
| ၃။ | ၁၆:၁၅ - ၁၇:၄၅ | Grade – 8 | သမိုင်း၊ သိပ္ပံ |

## MWD Variety Channel ၉-၁၀-၂၀၂၅(ကြာသပတေးနေ့)

| | | |
|---|---|---|
| ၁။ | ၀၉:၄၀ | လောကကိုအလှဆင်ပန်းတို့ဥယျာဉ် |
| ၂။ | ၁၁:၃၀ | ကဗျာအလှ ရသလွှင်ပြင် |
| ၃။ | ၁၂:၅၀ | Variety Choice |
| ၄။ | ၂၁:၀၅ | မှတ်တမ်းအစီအစဉ် |

# စစ်ကိုင်းမြို့နယ်၌ မိုးသီးနှံများယခင်နှစ်ထက် ပိုမိုကျော်လွန်စိုက်ပျိုးနိုင်


စစ်ကိုင်း အောက်တိုဘာ ၈

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်၌ မိုးသီးနှံများဖြစ်သော မိုးစပါး၊ မိုးပဲတီစိမ်း၊ ပဲစင်းငုံ၊ မိုးမြေပဲ၊ မိုးနှမ်း၊ မိုးနေကြာ၊ ဝါသီးနှံတို့ကို ယခင်နှစ်ကထက် ပိုမိုကျော်လွန်အောင် စိုက်ပျိုးနိုင်ခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှသိရသည်။

ယခင်နှစ်တွင် မိုးစပါး၂၆၁၂၅ ဧက၊ မိုးပဲတီစိမ်း ၄၄၈၁၆ ဧက၊ ပဲစင်းငုံ ၁၉၇၅၂ ဧက၊ မိုးမြေပဲ ၉၄၂၇ ဧက၊ မိုးနှမ်း ၂၄၇၂၅ ဧက၊ မိုးနေကြာ ၁၂၂၄ ဧကနှင့် ဝါဧက ၁၅၆၃၀ စိုက်ပျိုးနိုင်ပြီး ယခုနှစ်တွင် မိုးစပါး ၂၆၁၂၆ ဧက၊ ပဲတီစိမ်း ၄၄၈၁၈ ဧက၊ ပဲစင်းငုံ ၁၉၇၅၇ ဧက၊ မိုးမြေပဲ ၉၄၂၉ ဧက၊ မိုးနေကြာ ၁၂၂၇ ဧကနှင့် မိုးနှမ်း ၂၄၇၂၇ ဧက စိုက်ပျိုးနိုင်ခဲ့၍ ယခင်နှစ်ထက် ပိုမိုစိုက်ပျိုးနိုင်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှသိရသည်။

စစ်ကိုင်းမြို့နယ်၌ အဓိကစိုက်ပျိုးသီးနှံများဖြစ်သော ပဲတီစိမ်း၊ မြေပဲ၊ နှမ်း၊ နေကြာ၊ ဝါသီးနှံများကို ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုး၊ မြေ၊ ရေ၊ နည်းစနစ်စသည့် နည်းလမ်းများဖြင့် ကွင်းဆင်းအသိပညာပေးဆောင်ရွက်လျက်ရှိပြီး စိုက်ပျိုးရာသီတွင် မျိုးစေ့များရရှိနိုင်ရေးနှင့် သွင်းအားစု ဓာတ်မြေဩဇာများကို စိုက်ပျိုးသည့်ကျေးရွာများအလိုက် ပံ့ပိုးပေးနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

နေလင်းအောင်(ပြန်/ဆက်)



# ဒဏ်ရာပြဿနာများကြောင့် ကစားသမားဘဝမှအနားယူရန်စဉ်းစားမိကြောင်း မန်စီးတီးအသင်းခံစစ်ကစားသမား ဂျွန်စတုန်းပြောကြား

မန်ချက်စတာ အောက်တိုဘာ ၈

မန်စီးတီးအသင်းခံစစ်ကစားသမား ဂျွန်စတုန်းက ဒဏ်ရာပြဿနာများကြောင့် ကစားသမားဘဝမှ အနားယူရန်စဉ်းစားမိကြောင်း ပြောကြားခဲ့သည်။



အသက် ၃၁ နှစ်အရွယ် မန်စီးတီးအသင်းနှင့် အင်္ဂလန်အသင်းခံစစ်ကစားသမား ဂျွန်စတုန်းသည် ၂၀၂၄-၂၀၂၅ ဘောလုံးရာသီက ခြေချောင်းနှင့် တံကောက်ကြောဒဏ်ရာများရရှိကာ ပရီးမီးယားလိဂ် ၁၁ ပွဲသာကစားခဲ့ရပြီး အင်္ဂလန်လက်ရွေးစင်အသင်း၏ပွဲစဉ်များကိုလည်း ၂၀၂၄ ခုနှစ် အောက်တိုဘာလကတည်းက ပါဝင်ကစားနိုင်ခြင်းမရှိကြောင်း သိရသည်။

ယခုအခါ အောက်တိုဘာလ ၁၀ ရက်တွင် အင်္ဂလန်အသင်းယှဉ်ပြိုင်ကစားမည့် ဝေးလ်အသင်းနှင့်ခြေစမ်းပွဲစဉ်၊ အောက်တိုဘာလ ၁၄ ရက် လတ်ဗီးယားအသင်းနှင့်ယှဉ်ပြိုင်ကစားမည့် ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ်များတွင် ပြန်လည်ပါဝင်လာပြီး မန်စီးတီးအသင်း၌လည်း ပွဲထွက်ကစားခွင့်ငါးပွဲရရှိထားသည်။

ဂျွန်စတုန်းက "ပြီးခဲ့တဲ့ဘောလုံးရာသီက ကျွန်တော့်အတွက် ခက်ခဲခဲ့ပါတယ်။ ဘောလုံးကစားတာကနေ အနားယူဖို့အထိပါ စဉ်းစားမိခဲ့ပါတယ်။ ကျွန်တော် ဒီလိုမလုပ်ချင်ခဲ့ပါဘူး။ ကျွန်တော့်အတွက် ပရော်ဖက်ရှင်နယ်ကစားသမားအဖြစ်နဲ့ အရာရာတိုင်းကို အစွမ်းကုန်ကြိုးစားချင်ပါတယ်။ အနားယူဖို့ စဉ်းစားမိတဲ့အချိန်တိုင်းက ရှင်သန်နေထိုင်ဖို့ ခက်ခဲတဲ့အချိန်တွေဖြစ်ခဲ့တာပါ" ဟု ပြောသည်။

ဂျွန်စတုန်းသည် ၂၀၁၆-၂၀၁၇ ဘောလုံးရာသီက အဲဗာတန်အသင်းမှ ပြောင်းရွှေ့လာပြီးနောက် မန်စီးတီးအသင်းအတွက် တစ်ရာသီလျှင် အနည်းဆုံး ပရီးမီးယားလိဂ်ပွဲပေါင်း ၃၀ ခန့် ပါဝင်ကစားခဲ့သူဖြစ်သည်။

မန်စီးတီးအသင်းသည် ယခုဘောလုံးရာသီတွင် ပရီးမီးယားလိဂ်ခုနစ်ပွဲကစားထားရာ လေးပွဲနိုင်၊ တစ်ပွဲသရေ၊ နှစ်ပွဲရှုံးရလဒ်ရရှိထားပြီး အမှတ်ပေးဇယားအဆင့်(၅)နေရာ၌ ရပ်တည်နေသည်။ မန်စီးတီးအသင်းသည် လာမည့်နိုင်ငံတကာပြိုင်ပွဲများအပြီး အောက်တိုဘာလ ၁၈ ရက်တွင် အဲဗာတန်အသင်းကို အိမ်ကွင်း၌ ပရီးမီးယားလိဂ်ပွဲစဉ်(၈)အဖြစ်လည်းကောင်း၊ အောက်တိုဘာလ ၂၂ ရက်တွင် ဗီလာရီးယဲလ်အသင်းကို အဝေးကွင်း၌ ချန်ပီယံလိဂ်ပွဲစဉ်(၃)အဖြစ်လည်းကောင်း ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

*Ref; Fabrizio Romano*

# ပရီးမီးယားလိဂ်၏ထုတ်ပယ်ခံရမည့် နည်းပြအဖြစ် ရေပန်းစားမှုတွင် ပိုစတီကိုဂလူး ထိပ်ဆုံးသို့ရောက်ရှိလာ

လန်ဒန် အောက်တိုဘာ ၈

ယခုဘောလုံးရာသီတွင် ပရီးမီးယားလိဂ်ခုနစ်ပွဲကစားအပြီး ထုတ်ပယ်ခံရမည့်နည်းပြအဖြစ် ရေပန်းစားမှုတွင် ပိုစတီကိုဂလူးက ထိပ်ဆုံးသို့ရောက်ရှိလာကြောင်း သိရသည်။

စပါးအသင်းနည်းပြဟောင်း ပိုစတီကိုဂလူးသည် ပြီးခဲ့သည့်ကာလက နော်တင်ဟမ်အသင်းနည်းပြအဖြစ် ခန့်အပ်ခံခဲ့ရခြင်းဖြစ်ကာ ၎င်းကိုင်တွယ်ခဲ့သည့်ပွဲစဉ်ခုနစ်ပွဲတွင် နှစ်ပွဲသရေကျပြီး ငါးပွဲရှုံးနိမ့်ကာ နိုင်ပွဲပျောက်ဆုံးခဲ့သည်အထိ ရလဒ်ပိုင်းဆိုးရွားခဲ့သည်။

ပရီးမီးယားလိဂ်၏ ထုတ်ပယ်ခံရမည့်နည်းပြရေပန်းစားမှုတွင် ပွဲစဉ်(၆)အပြီး၌ မန်ယူအသင်းနည်းပြအမိုရင်က ထိပ်ဆုံးသို့ရောက်ရှိလာခဲ့သော်လည်း ယခုအခါ ပိုစတီကိုဂလူးက ထိပ်ဆုံးသို့ရောက်ရှိလာခြင်းဖြစ်သည်။

နော်တင်ဟမ်အသင်းသည် လက်ရှိတွင် ရမှတ်ငါးမှတ်ဖြင့် ပရီးမီးယားလိဂ်အမှတ်ပေးဇယားအဆင့်(၁၇)နေရာ၌ ရပ်တည်နေသည်။

လက်ရှိတွင် နော်တင်ဟမ်အသင်းသည် နည်းပြပိုစတီကိုဂလူး၏နေရာ၌ ယူအီးအက်ဖ်အေနည်းစနစ်အကြံပေးအဖြစ် ဆောင်ရွက်နေသော လီဗာပူးအသင်းနည်းပြဟောင်း ဘင်နီတက်ဇ်နှင့် ဖူလ်ဟမ်အသင်းနည်းပြ မာကိုဆေးဗားတို့ကိုခေါ်ယူရန် စီစဉ်နေကြောင်း သတင်းများထွက်ပေါ်နေသည်။

*Ref; Fotmob*

# ထရယ်ဇွန်စပေါ်အသင်းက ဂိုးသမားအိုနာနာကို အငှားစာချုပ်သက်တမ်းကုန်ဆုံးချိန်တွင် အပြီးသတ်ခေါ်ယူနိုင်ရန်ကြိုးပမ်း




အစ္စတန်ဘူလ် အောက်တိုဘာ ၈

တူကီယဲကလပ် ထရယ်ဇွန်စပေါ်အသင်းသည် ဂိုးသမားအိုနာနာကို အငှားစာချုပ်သက်တမ်းကုန်ဆုံးချိန်တွင် အပြီးသတ်ခေါ်ယူနိုင်ရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

ဂိုးသမားအိုနာနာသည် မန်ယူအသင်းမှ ထရယ်ဇွန်စပေါ်အသင်းသို့ အငှားစာချုပ်ဖြင့် ပြောင်းရွှေ့လာပြီးနောက် လေးပွဲပါဝင်ကစားခဲ့ရာ ဂိုးမပေးရသည့်ပွဲနှစ်ပွဲပါဝင်ခဲ့ပြီး အကောင်းဆုံးလက်စွမ်းပြကစားလျက်ရှိသောကြောင့် ထရယ်ဇွန်စပေါ်အသင်းတာဝန်ရှိသူများက ၎င်းကို အပြီးသတ်ခေါ်ယူနိုင်ရန် ဆန္ဒရှိနေခြင်းဖြစ်သည်။

ထို့ပြင် ထရယ်ဇွန်စပေါ်အသင်းနည်းပြ ဖာတီတက်ကီသည် ဂိုးသမားအိုနာနာ၏စွမ်းရည်အပြင် အသင်းသစ်၌ လိုက်လျောညီထွေနေထိုင်နိုင်သည့်အတွက် ၎င်းကိုနှစ်သက်အားရပြီး အပြီးသတ်ခေါ်ယူနိုင်ရန် အသင်းတာဝန်ရှိသူများကို တိုက်တွန်းထားသည်။

သို့သော် မန်ယူအသင်းနှင့် ထရယ်ဇွန်စပေါ်အသင်းတို့ ချုပ်ဆိုထားသောစာချုပ်တွင် ဂိုးသမားအိုနာနာအား အပြီးသတ်ရောင်းချနိုင်ခွင့်အချက်ကိုထည့်သွင်းချုပ်ဆိုထားခြင်းမရှိသော်လည်း အငှားစာချုပ်သက်တမ်းကုန်ဆုံးချိန်တွင် အပြီးသတ်ခေါ်ယူနိုင်ရေး မန်ယူအသင်းနှင့်ဆွေးနွေးရန် အသင့်ရှိနေကြောင်း သိရသည်။

ဂိုးသမားအိုနာနာသည် ၂၀၂၃-၂၀၂၄ ဘောလုံးရာသီက အင်တာမီလန်အသင်းမှ ပေါင် ၄၇ သန်းဖြင့် မန်ယူအသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာပြီး ပြီးခဲ့သည့်အပြောင်းအရွှေ့ကာလက ထရယ်ဇွန်စပေါ်အသင်းထံ အငှားစာချုပ်ဖြင့် ပြောင်းရွှေ့ကစားခဲ့သည်။

ထရယ်ဇွန်စပေါ်အသင်းသည် ယခုဘောလုံးရာသီတွင် ပြည်တွင်းအမှတ်ပေးပွဲရှစ်ပွဲကစားထားပြီး ငါးပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံးရလဒ်ဖြင့် အဆင့်(၂)နေရာ၌ ရပ်တည်နေကြောင်း သိရသည်။

*Ref; Goal.com*

# ချန်ပီယံလိဂ်ပြိုင်ပွဲ ပုံစံပြောင်းလဲကျင်းပမည်ဆိုသည့်သတင်းများကို ဥရောပဘောလုံးအဖွဲ့ချုပ် (ယူအီးအက်ဖ်အေ) ငြင်းပယ်

မက်ဒရစ် အောက်တိုဘာ ၈

ဥရောပဘောလုံးအဖွဲ့ချုပ် (ယူအီးအက်ဖ်အေ)က ချန်ပီယံလိဂ်ပြိုင်ပွဲ ပုံစံပြောင်းလဲကျင်းပမည်ဆိုသည့် သတင်းများကို ငြင်းပယ်ခဲ့ကြောင်း သိရသည်။

ယူအီးအက်ဖ်အေသည် ပြီးခဲ့သည့်လပိုင်းက စူပါလိဂ်ပြိုင်ပွဲတာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ခဲ့သည်ဟု သတင်းများထွက်ပေါ်ခဲ့ပြီးနောက် ယခုကဲ့သို့ တုံ့ပြန်ပြောကြားခဲ့ခြင်းဖြစ်သည်။

စပိန်ဒေသတွင်းသတင်းများ၏ ဖော်ပြချက်အရ ယူအီးအက်ဖ်အေသည် ပြီးခဲ့သည့်လများက စူပါလိဂ်ပြိုင်ပွဲစီမံကိန်းကို အဓိကဖော်ဆောင်နေသော A22 ကုမ္ပဏီ၊ ရီးယဲလ်မက်ဒရစ်နှင့် ဘာစီလိုနာအသင်းတို့မှ ကိုယ်စားလှယ်များနှင့် အကြိမ်ကြိမ်တွေ့ဆုံဆွေးနွေးခဲ့ပြီး ချန်ပီယံလိဂ်ပြိုင်ပွဲကို ပြုပြင်ပြောင်းလဲရန် ဆွေးနွေးခဲ့ကြသော်လည်း သဘောတူညီမှုမရရှိခဲ့ကြောင်း ဖော်ပြခဲ့သည်။

ထို့နောက် ယူအီးအက်ဖ်အေက "ယူအီးအက်ဖ်အေအထွေထွေအတွင်းရေးမှူး သီယိုဒေါရီဒစ်နဲ့ A22 ပူးတွဲတည်ထောင်သူ မစ္စတာအာနက်စ်လာရာရီတို့ တွေ့ဆုံဆွေးနွေးခဲ့တယ်ဆိုတာကိုတော့ အတည်ပြုပါတယ်။ ဒါပေမဲ့ အဲဒီတွေ့ဆုံဆွေးနွေးမှုက ပွင့်လင်းမှုရှိခဲ့ပြီး လျှို့ဝှက်ထားခြင်းလည်း မရှိခဲ့ပါဘူး။ ဒီတွေ့ဆုံဆွေးနွေးမှုကနေလည်း တရားဝင်ရလဒ်တွေ မထွက်ခဲ့ပါဘူး။ ယူအီးအက်ဖ်အေအနေနဲ့ ချန်ပီယံလိဂ်ပြိုင်ပွဲပုံစံကို ပြောင်းလဲဖို့မရှိဘူးဆိုတာကို အတိအလင်းထပ်မံကြေညာသွားပါ့မယ်"ဟု ထုတ်ပြန်ခဲ့သည်။

လက်ရှိတွင် ယူအီးအက်ဖ်အေအနေဖြင့် ချန်ပီယံလိဂ်ပြိုင်ပွဲကို အသင်းပေါင်း ၃၆ သင်းဖြင့် အုပ်စုခွဲဝေမှုပုံစံအား လိဂ်အဆင့်လိုက်ယှဉ်ပြိုင်မှုပုံစံအဖြစ် ၂၀၂၄-၂၀၂၅ ဘောလုံးရာသီမှ စတင်ပြောင်းလဲကျင်းပနေပြီး ယခုဘောလုံးရာသီ ချန်ပီယံလိဂ်ပြိုင်ပွဲကို ပွဲစဉ်(၂)အထိ ယှဉ်ပြိုင်ကစားထားကာ နိုင်ငံတကာပြိုင်ပွဲများအပြီး အောက်တိုဘာလ ၂၁ ရက်တွင် ပွဲစဉ်(၃) ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သိရသည်။


*Ref; Goal.com*

# သန်လျင်မြို့နယ်၌ တက္ကစီယာဉ်မောင်းကို သတ်ဖြတ်၍ မော်တော်ယာဉ်အား လုယက်ယူဆောင်ခဲ့သူနှစ်ဦးအား သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၈**

၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်နေ့ ညနေ ၅ နာရီအချိန်တွင် သာကေတမြို့နယ်၊ အမှတ်(၃)ရန်ပြေရပ်ကွက်၊ ရန်ပြေ (၁၈)လမ်းနေ ဦးစံသိန်း (၅၆)နှစ်သည် ၎င်းမောင်းနှင်သည့် YGN-21 BB/8983 TOYOTA PROBOX အမျိုးအစား အဖြူရောင်(အငှား) ယာဉ်ဖြင့် ထွက်ခွာသွားပြီး ည ၉ နာရီအချိန်ထိ နေအိမ်သို့ပြန်လည်ရောက်ရှိလာခြင်း မရှိဘဲ ၎င်းကိုင်ဆောင်သည့်လက်ကိုင်ဖုန်းမှာလည်း စက်ပိတ်ထားသောကြောင့် ကူညီစုံစမ်းပေးပါရန် သာကေတမြို့မရဲစခန်းသို့ ဆက်သွယ် အကူအညီတောင်းခံလာသဖြင့် ရဲတပ်ဖွဲ့ဝင်များက ရဲစခန်းအချင်းချင်း ချိတ်ဆက်၍ စုံစမ်းရှာဖွေခြင်းများဆောင်ရွက်ခဲ့ရာ အောက်တိုဘာလ ၆ ရက်နေ့ နံနက် ၁၁ နာရီ ၄၅ မိနစ်အချိန်တွင် သန်လျင်မြို့နယ်၊ လက်ယက်စမ်းကျေးရွာအုပ်စု၊ အလယ်ရွာကျေးရွာ သီလဝါခြောက်လမ်းသွားကားလမ်း မိုင်တိုင်အမှတ် ၈ မိုင် ၇ ဖာလုံနှင့် ၉ မိုင်အကြား လမ်းဝဲဘက်ခြမ်းအမှိုက်ပုံ၌ ဦးစံသိန်းအား ထိုးသွင်းဒဏ်ရာ ၃၁ ချက်ဖြင့် သေဆုံးနေသည်ကို ပြန်လည်တွေ့ရှိခဲ့သောကြောင့် သန်လျင်မြို့မရဲစခန်း (ပ) ၃၅၅/၂၀၂၅၊ ရာဇသတ်ကြီးပုဒ်မ ၃၀၂/၃၉၂ ဖြင့် အမှုရေးဖွင့် စစ်ဆေးဆောင်ရွက်ခဲ့ပါသည်။

သန်လျင်မြို့နယ်၌ တက္ကစီယာဉ်မောင်းကိုသတ်ဖြတ်၍ မော်တော်ယာဉ်အား လုယက်ယူဆောင်ခဲ့သူနှစ်ဦးအား သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိမှုမှ မှတ်တမ်းဓာတ်ပုံများ။


ထက်ရှိုင်းဇော်



သက်ဝေဦး


ဖြစ်စဉ်မှ ပြန်လည်သိမ်းဆည်းရရှိသည့် သက်သေခံယာဉ်အား တွေ့ရစဉ်။



ပြစ်မှုကျူးလွန်သူနှစ်ဦးအား ၎င်းတို့စွန့်ပစ်ခဲ့သည့် သက်သေခံပစ္စည်းများနှင့်အတူတွေ့ရစဉ်။

ပြစ်မှုကျူးလွန်သူများအား ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြည်သူလူထုနှင့်ပူးပေါင်း၍ စုံစမ်းဖော်ထုတ်ခြင်းများ ဆောင်ရွက်ခဲ့ရာ ပြစ်မှုကျူးလွန်သူများမှာ သန်လျင်မြို့နယ်၊ စစ်ပင်ကွင်းကျေးရွာတောင်ဘက်ကွင်းနေ ထက်ရှိုင်းဇော်(၁၇)နှစ်နှင့် သုံးခွမြို့နယ်၊ ပုလဲစ်ပြကျေးရွာ အဆောင်နေ သက်ဝေဦး (၁၇)နှစ်တို့ဖြစ်ကြောင်း ဖော်ထုတ်သိရှိရသဖြင့် ဖမ်းဆီးရမိနိုင်ရေး ဆက်လက်ဆောင်ရွက်ခဲ့ရာ ထက်ရှိုင်းဇော်အား အောက်တိုဘာလ ၆ ရက်နေ့ ညနေ ၅ နာရီတွင် အမှုထမ်းရပ်ကွက်ရှိ ဓမ္မရောင်ခြည်ဘုန်းကြီးကျောင်းဝင်းအတွင်းမှ ဖြစ်စဉ်တွင် ပျောက်ဆုံးနေသည့် TOYOTA PROBOX မော်တော်ယာဉ်တစ်စီးနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး သက်ဝေဦးအား ယင်းနေ့ည ၈ နာရီ ၅၀ မိနစ်တွင် ၎င်းနေထိုင်သည့် အဆောင်မှ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူများ၏ထွက်ဆိုချက်အရ ၎င်းတို့နှစ်ဦးသည် အောက်တိုဘာလ ၅ ရက်နေ့ ည ၈ နာရီ ၁၀ မိနစ်အချိန်တွင် သန်လျင်မြို့နယ်၊ ကျိုက်ခေါက်ဘုရားပွဲ၌ အရက်သေစာသောက်စားမူးယစ်ပြီး ဦးစံသိန်း မောင်းနှင်သည့် အငှားယာဉ်အား စီးနင်းခဲ့ကြောင်း၊ သန်လျင် – ကျိုက်ခေါက် ဘုရားကားလမ်း ဆည်မြောင်းခုံးထိပ်အနီး အရောက် ယာဉ်မောင်းမှ ယာဉ်စီးခ တောင်းခံခြင်းနှင့်ပတ်သက်၍ စကားများပြီး ထက်ရှိုင်းဇော်မှ ယူဆောင်လာသည့် ကတ်ကြေးဖြင့်ထိုးရာ ယာဉ်မောင်းမှ ဝက်အူလှည့်ဖြင့် ပြန်လည်ခုခံတိုက်ခိုက်ခဲ့သဖြင့် သက်ဝေဦးမှ အဆိုပါဝက်အူလှည့်အားလုယူ၍ ပြန်လည်ထိုးခဲ့ကြောင်း။

ယာဉ်မောင်းသေဆုံးသွားသည့်အခါ ထက်ရှိုင်းဇော်မှအဆိုပါယာဉ်အား မောင်းနှင်လာခဲ့ပြီး သီလဝါခြောက်လမ်းသွားလမ်းပေါ်အရောက်၌ ယာဉ်မောင်း၏အလောင်းအားစွန့်ပစ်ခဲ့ပြီး ယာဉ်နံပါတ်ပြားများနှင့် အခြားဆက်စပ်ပစ္စည်းများအား စစ်ပင်ကွင်းကျေးရွာအနီး၌ စွန့်ပစ်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည့်အတွက် သိမ်းဆည်းနိုင်ရေး ဆောင်ရွက်ခဲ့ရာ စစ်ပင်ကွင်းကျေးရွာအနီး ချောင်းသစ်ကွင်းမှ မော်တော်ယာဉ်နံပါတ်ပြား ၂ ခု၊ အဆိုပါယာဉ်နှင့်ပတ်သက်သည့် ဆက်စပ်ပစ္စည်းများ၊ ဦးစံသိန်း ပိုင်ဆိုင်သည့် လက်ကိုင်ဖုန်းတစ်လုံးနှင့် အရိုးအသွား ၆ လက်မခွဲခန့်ရှိ ဦးချွန်ကတ်ကြေးတစ်ခုတို့အား ထပ်မံသိမ်းဆည်းရရှိခဲ့ပါသည်။

ထိုသို့ အငှားယာဉ်မောင်းအားသတ်ဖြတ်ကာ မော်တော်ယာဉ်အား လုယက်မှုကျူးလွန်ခဲ့သူ ထက်ရှိုင်းဇော်နှင့် သက်ဝေဦးတို့ကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သက်ဆိုင်ရာမှ သတင်းရရှိသည်။

(၁၀၀)


# ပန်းဘဲတန်းမြို့နယ်ရှိ 32nd Beauty Land Hotel ၌ အမျိုးသမီးငယ်တစ်ဦးအား ရက်စက်စွာသတ်ဖြတ်ခဲ့သူနှင့် ပူးပေါင်းပါဝင်သူတို့အား ဖော်ထုတ်ဖမ်းဆီး

ပန်းဘဲတန်းမြို့နယ်ရှိ 32nd Beauty Land Hotel ၌ အမျိုးသမီးတစ်ဦးအား ရက်စက်စွာ သတ်ဖြတ်မှုကျူးလွန်ခဲ့သူ အောင်ခန့်ကျော်ဇင်နှင့် အလောင်းဖျောက်ဖျက်ရာတွင် ပူးပေါင်းပါဝင်ခဲ့သူအေမွန်အောင်တို့၏ မှတ်တမ်းဓာတ်ပုံ။



အောင်ခန့်ကျော်ဇင်


အေမွန်အောင်


သိမ်းဆည်းရမိသည့် သက်သေခံပစ္စည်းများကိုတွေ့ရစဉ်။

နေပြည်တော် အောက်တိုဘာ ၈

၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၆ ရက်နေ့ နံနက် ၁၀ နာရီ ၂၀ မိနစ်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ်(၁၁)ရပ်ကွက်ရှိ 32nd Beauty Land Hotel၊ (၅)လွှာ၊ အခန်းအမှတ်(၅၀၂) ပြတင်းပေါက်အပြင်ဘက် Air Con Outdoor နှစ်ခုကြားရှိ အမှိုက်အိတ်အတွင်း၌ သေဆုံးနေသည့် အမျိုးသမီးတစ်ဦးတွေ့ရှိရကြောင်း သတင်းအရ ရဲတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ပလတ်စတစ်အမှိုက်အိတ်အတွင်း၌ သတ်ဖြတ်ခံထားရပြီး ဝမ်းတွင်းကလီစာများနှင့် ဝဲဘက်ပေါင်အသားများ လှီးဖြတ်ထုတ်ယူထားခြင်းခံထားရသည့် အသက်(၂၀)နှစ်ခန့် အမည်မသိအမျိုးသမီးတစ်ဦး၏အလောင်းအား တွေ့ရှိရသဖြင့် ပန်းဘဲတန်းမြို့မရဲစခန်း (ပ)၉၆/၂၀၂၅၊ ရာဇသတ်ကြီးပုဒ်မ-၃၀၂ ဖြင့် အမှုရေးဖွင့် စစ်ဆေးဆောင်ရွက်ခဲ့သည်။

ပြစ်မှုကျူးလွန်သူများကို ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်ခြင်းများဆောင်ရွက်ခဲ့ရာ သေဆုံးသူမှာ ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းမြို့နယ်နေ မစုမြတ်ဝင်း (၂၃)နှစ်ဖြစ်ကြောင်းနှင့် ပြစ်မှုကျူးလွန်သူများမှာ သာကေတမြို့နယ်၊ အမှတ်(၇)အရှေ့ရပ်ကွက်နေ အောင်ခန့်ကျော်ဇင်(၁၈)နှစ်နှင့် ၎င်း၏ရည်းစားဖြစ်သူ ဗဟန်းမြို့နယ်၊ အရှေ့ရွှေဂုံတိုင်ရပ်ကွက်၊ အောင်ချမ်းသာအိမ်ရာနေ အေမွန်အောင် (၁၈)နှစ်တို့ဖြစ်ကြောင်း စုံစမ်းဖော်ထုတ်သိရှိရသဖြင့် ဖမ်းဆီးရမိနိုင်ရေး ဆက်လက်ဆောင်ရွက်ခဲ့ရာ ၎င်းတို့နှစ်ဦးအား အောက်တိုဘာလ ၇ ရက်နေ့ နေ့လယ်ပိုင်းတွင်၎င်းတို့၏နေအိမ်အသီးသီး၌ ဖမ်းဆီးရမိခဲ့ပြီး အောင်ခန့်ကျော်ဇင်၏နေအိမ်မှ ပြစ်မှုကျူးလွန်စဉ် ၎င်းဝတ်ဆင်အသုံးပြုခဲ့သည့် အဝတ်အစားများ၊ စတီးဓား ၂ ချောင်း၊ သေဆုံးသူကိုင်ဆောင်သည့် လက်ကိုင်ဖုန်းတစ်လုံး အပါအဝင်လက်ကိုင်ဖုန်း ၃ လုံးနှင့်ဆက်စပ်ပစ္စည်းများအား သိမ်းဆည်းရရှိခဲ့သည်။

ပြစ်မှုကျူးလွန်သူတရားခံ အောင်ခန့်ကျော်ဇင်၏ထွက်ဆိုချက်အရ ၎င်းသည် ဂိမ်းအလွန်အကျွံကစားခြင်း၊ လူသတ်အလောင်းဖျောက်သည့်နိုင်ငံခြားဇာတ်လမ်းတွဲများအား အလွန်အကျွံကြည့်ရှုလေ့ရှိကြောင်း၊ အောက်တိုဘာလ ၅ ရက်နေ့တွင် LEADER အမည်ရှိ Telegram Channel မှတစ်ဆင့် မစုမြတ်ဝင်းအား ပျော်ပါးရန်အတွက် အခကြေးငွေဖြင့်ဆက်သွယ်ခေါ်ယူခဲ့ပြီး ပန်းဘဲတန်းမြို့နယ်ရှိ 32nd Beauty Land Hotel အခန်းအမှတ်(၅၀၂)၌ ပျော်ပါးနေစဉ် ၎င်းကြည့်ရှုခဲ့သည့် လူသတ်အလောင်းဖျောက် နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲများမှ ဇာတ်ဆောင်များအတိုင်း မစုမြတ်ဝင်းအား အသင့်ဆောင်ထားသည့် စတီးဓား ၂ ချောင်းဖြင့် ရက်စက်စွာသတ်ဖြတ်ပြီး ဝမ်းတွင်းကလီစာများနှင့် ဝဲဘက်ပေါင်အသားများအား လှီးဖြတ်ထုတ်ယူကာ စွန့်ပစ်ခြင်းများ ပြုလုပ်ခဲ့ကြောင်း။

ထို့နောက် ၎င်း၏ရည်းစားဖြစ်သူ အေမွန်အောင်အား အဆိုပါဟိုတယ်သို့ ခေါ်ဆောင်ကာ အခန်းအတွင်းပေကျံနေသည့်သွေးများအား သန့်ရှင်းရေးပြုလုပ်ခြင်း၊ မစုမြတ်ဝင်း၏ အလောင်းအား ဖျောက်ဖျက်ခြင်းတို့ ပြုလုပ်ခဲ့ကြောင်း ဖော်ထုတ်ရရှိခဲ့သည့်အတွက် အမျိုးသမီးတစ်ဦးအား ရက်စက်စွာသတ်ဖြတ်ခဲ့သည့် အောင်ခန့်ကျော်ဇင်နှင့် အလောင်းဖျောက်ဖျက်ရာတွင် ပူးပေါင်းပါဝင်ကျူးလွန်ခဲ့သူ အေမွန်အောင်တို့ကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ အခင်းဖြစ်ပွားခဲ့သည့် 32nd Beauty Land Hotel ကိုလည်း ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သက်ဆိုင်ရာမှသတင်းရရှိပါသည်။(၁၀၀)

# သီတင်းကျွတ်ဈေးရောင်းပွဲတော်နှင့်ဂီတဖျော်ဖြေပွဲ နောက်ဆုံးရက်တွင် ဈေးလာရောက်ဝယ်ယူသူပြည်သူများဖြင့်စည်ကား

**ရန်ကုန် အောက်တိုဘာ ၈**

ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်တွင် ကျင်းပလျက်ရှိသည့် ၂၀၂၅ ခုနှစ် သီတင်းကျွတ်ဈေးရောင်းပွဲတော်နှင့် ဂီတဖျော်ဖြေပွဲ နောက်ဆုံးရက် ယမန်နေ့က လာရောက်ဆင်နွှဲကြသော ရန်ကုန်မြို့နေအများပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

သီတင်းကျွတ် ဈေးရောင်းပွဲတော်နှင့် ဂီတဖျော်ဖြေပွဲ နောက်ဆုံးရက်ဖြစ်သည့်အတွက် နိုင်ငံကျော်တေးသံရှင်များက တေးသီချင်းများ၊ ဒီဂျေ(Dj)များဖြင့် ဖျော်ဖြေတင်ဆက်ကြရာ လူငယ်လူရွယ်အများအပြားက ကြည့်ရှုအားပေး၍ ပျော်ရွှင်စွာအတူလိုက်ပါသီဆို ကခုန်ခြင်းများဖြင့် ပျော်ရွှင်စွာဆင်နွှဲကြသည်။

ထို့ပြင် လူသုံးကုန်ပစ္စည်း၊ အလှကုန်ပစ္စည်းနှင့် အစားအသောက်စသည်တို့ကို ရောင်းချနေမှုများကိုလည်း ဝယ်ယူအားပေးကြသူများဖြင့် အထူးစည်ကားလျက်ရှိရာ ယမန်နေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများက လာရောက်ကြည့်ရှုအားပေးကြပြီး ဈေးရောင်းချနေမှုများနှင့် ဈေးဝယ်လာသူများ၊ ပွဲတော်သို့လာရောက်လည်ပတ်ကြသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး ကိုယ်တိုင်လည်း ဝယ်ယူအားပေးကြသည်။




ညပိုင်းတွင်လည်း နိုင်ငံကျော်တေးသံရှင်များက တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်နေမှုများကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်တာဝန်ရှိသူများက လာရောက်ကြည့်ရှုအားပေးပြီး ဈေးရောင်းချနေမှုများနှင့် ဈေးဝယ်လာသူများ၊ ပွဲတော်သို့လာရောက်လည်ပတ်ကြသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

အဆိုပါ ဈေးရောင်းပွဲတော်တွင် တိုင်းဒေသကြီး၊ ပြည်နယ်များမှ ဒေသထွက်ကုန်ပစ္စည်းများနှင့် အစားအစာအရောင်းဆိုင်ခန်းများ၊ နိုင်ငံကျော်တေးသံရှင်များက တေးသီချင်းများနှင့် ဒီဂျေ (Dj) များဖြင့် ဖျော်ဖြေတင်ဆက်မှုများ၊ အလှပန်းခင်းများ၊ အလှမီးများ၊ မီးပုံးပျံလွှတ်တင်ခြင်းနှင့် မီးရှူးမီးပန်းများပစ်ဖောက်ပြီး အောက်တိုဘာလ ၄ ရက်မှ ၇ ရက်အထိ အထူးစည်ကားသိုက်မြိုက်စွာကျင်းပနိုင်ခဲ့ကြောင်း သိရသည်။

ဝန်းရံ

# ရန်ကုန်မြို့၌ (၄၃)ကြိမ်မြောက် မျိုးဆက်သစ်လူငယ် ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၈**

မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ်၏ကြီးကြပ်မှုဖြင့် Junior Golf Myanmar (JGM) ၏ (၄၃) ကြိမ်မြောက် မျိုးဆက်သစ်လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲကို အောက်တိုဘာလ ၈ ရက်တွင် ရန်ကုန်မြို့ရှိ မြန်မာဂေါက်သီးရိုက်အသင်း (၉)မိုင်၌ ကျင်းပရာ မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ်နှင့် မြန်မာဂေါက်သီးရိုက်အသင်း၊ Junior Golf Myanmar (JGM) မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်ကစားသမားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



ရှေးဦးစွာ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်နာယက ဦးအောင်ကြည်၊ ဥက္ကဋ္ဌ ဦးကိုကိုအေး၊ မြန်မာဂေါက်သီးရိုက်အသင်းဥက္ကဋ္ဌ ဦးအေးကိုကိုစိုး၊ မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ် အတွင်းရေးမှူး ဒေါက်တာမြင့်ဦး၊ အဖွဲ့ချုပ်တွဲဖက်အထွေထွေ အတွင်းရေးမှူးနှင့် Junior Golf Myanmar (JGM) ဥက္ကဋ္ဌ ဦးမြင့်အောင်၊ အဖွဲ့ချုပ်ဗဟိုအလုပ်အမှုဆောင်နှင့် Junior Golf Myanmar (JGM) ဒုတိယဥက္ကဋ္ဌ ဦးအောင်ကိုဇော်တို့က အလှည့်ကျဂေါက်သီးရိုက်၍ ဖွင့်လှစ်ပေးပြီး ပထမနေ့ ၁၈ ကျင်းပြိုင်ပွဲကို စတင်ယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲတွင် အမျိုးသား ၁၂ နှစ်အောက်သက်တမ်း ၁၃ ဦး၊ ၁၄ နှစ်အောက်သက်တမ်းခုနစ်ဦး၊ ၁၈ နှစ်အောက်သက်တမ်း ၁၉ ဦး၊ အမျိုးသမီး ၁၈ နှစ်အောက်သက်တမ်းခုနစ်ဦး စုစုပေါင်း ၄၆ ဦး ပါဝင်ယှဉ်ပြိုင်ကြသည်။

ယခုပြိုင်ပွဲတွင် သက်တမ်းလေးခုစလုံးမှ ရိုက်ချက်အနည်းဆုံးသူတစ်ဦးကို ဒီဇင်ဘာလ ၁၂ ရက်မှ ၁၄ ရက်အထိ Al Ain Equestrian, Shooting & Golf Club Tawam St, Al Maqam, Rig Al Hassah, Al Ain, Abu Dhabi, UAE ၌ကျင်းပမည့် Emirates Golf Federation UAE Cup ဂေါက်သီးရိုက်ပြိုင်ပွဲသို့ စေလွှတ်မည်ဖြစ်ကြောင်းနှင့် အဆိုပါပြိုင်ပွဲကို အောက်တိုဘာလ ၈ ရက်မှ ၁၀ ရက်အထိ ကျင်းပလျက်ရှိကြောင်း သိရသည်။

မြဝတီ

# ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ငရုတ်သီးစိမ်း ပိဿာ ၇၀၀၀၀ ကျော်အထိ တင်ပို့ရောင်းချနိုင်

**ကျောင်းကုန်း အောက်တိုဘာ ၈**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ငရုတ်သီးစိမ်းပိဿာ ၇၀၀၀၀ ကျော်အထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျောင်းကုန်းမြို့နယ်မှ စားသောက်ကုန်ရောင်းဝယ်ရေးလုပ်ငန်း လုပ်ကိုင်သူ ဒေါ်အေးသူ၏ပြောကြားချက်အရ သိရသည်။

ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်းက ငရုတ်သီးစိမ်းပိဿာ ၅၀၀၀၀ ကျော်အထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာလ ၁ ရက်မှ ၃၀ ရက်အထိ တစ်လတာကာလအတွင်း ငရုတ်သီးစိမ်းပိဿာ ၇၀၀၀၀ ကျော်အထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့တစ်လအတွင်း ကျောင်းကုန်းမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ငရုတ်သီးစိမ်းပိဿာ ၇၀၀၀၀ ကျော်အထိ တင်ပို့ရောင်းချနိုင်ခဲ့ပါတယ်။ ဒေသထွက်ကုန်တွေကို ဧရာဝတီတိုင်းဒေသကြီးထဲက တခြားနယ်မြို့တွေအပြင် ရန်ကုန်ဈေးကွက်ကို အဓိကထား တင်ပို့ရောင်းချနေပါတယ်။ ကျောင်းကုန်းမြို့နယ်ကထွက်တဲ့ ငရုတ်သီးတွေက အရည်အသွေးကောင်းပါတယ်။ အရည်အသွေးကောင်းတော့ ဈေးကောင်းရရှိပါတယ်။ ရက်ရှည်အထားခံပြီး တစ်ဆင့်ပြန်လည်ရောင်းချရာမှာ အဆင်ပြေပါတယ်"ဟု ဒေါ်အေးသူကပြောသည်။

ကျောင်းကုန်းမြို့နယ်မှ တောင်သူများသည် စပါးစိုက်ပျိုးရေးလုပ်ငန်းနှင့် ယှဉ်တွဲပြီး ငရုတ်စိုက်ပျိုးသည့် လုပ်ငန်းကို လုပ်ကိုင်လျက်ရှိကြောင်း၊ အဆိုပါဒေသမှ ထွက်ရှိလာသော ငရုတ်သီးများသည် အရည်အသွေးကောင်းမွန်ကြောင်း၊ ထိုသို့ အရည်အသွေး ကောင်းမွန်ခြင်းကြောင့် ဝယ်လိုအားကောင်းမွန်ကာ တောင်သူများ၊ လုပ်သားများ၊ ကုန်သည်များနှင့် ပွဲရုံလုပ်ငန်းလုပ်ကိုင်သူများ အလုပ်အကိုင်အခွင့်အလမ်းကောင်းများ ရရှိနေကြောင်း သိရသည်။

သုတကျော်

# တရားမဝင် သစ်မျိုးစုံ၊ စက်သုံးဆီများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်နှင့် တရားမဝင်ကုန်ပစ္စည်းတင် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် အောက်တိုဘာ ၈

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **အောက်တိုဘာလ ၂ ရက်**တွင် ဘားအံမြို့နယ် ကော့ကဒါကျေးရွာ၌ တရားမဝင် စက်သုံးဆီ ဒီဇယ်ဆီ (၅၉၁) ဂါလန် **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၁၇၃၄၅၂)** ကို ဖမ်းဆီးရမိခဲ့ပြီး ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **အောက်တိုဘာလ ၆ ရက်**တွင် ပဲခူးမြို့ မြို့ရှောင်လမ်းအနီး၌ မော်တော်ယာဉ်(၂)စီးပေါ်မှတရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၁) မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၉၅၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Condor Truck (၁)စီး၊ Mitsubishi Fuso Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၇၉၅၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

ယင်းအပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **အောက်တိုဘာလ ၆ ရက်**တွင် ညောင်ခါးရှည် အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် တရားမဝင်ကျွန်းသစ် (သုည ဒသမ ၈၇၃)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၄၆၈၀၀)၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Shwe Thway Highway Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀၀)နှင့် လိုင်စင်မဲ့မော်တော်ယာဉ်(၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၁၇၄၆၈၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံး လုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

၂၀၂၅ ခုနှစ် **အောက်တိုဘာလ ၂ ရက်နှင့် ၆ ရက်**တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၉)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၆၈၇၀၂၅၂)**ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် အသေးစား၊ အငယ်စားနှင့်အလတ်စား ပြည်တွင်းစီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်သည့် ကုန်ပစ္စည်းများ ဈေးကွက်အတွင်း မျှတစွာယှဉ်ပြိုင်နိုင်မှုမရှိခြင်းနှင့် ဈေးကွက်ပျောက်ဆုံးခြင်းတို့ဖြစ်ပေါ်စေပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ကြီးမားသည့် ခြိမ်းခြောက်မှုများကို ဖြစ်ပေါ်စေပါသဖြင့် တရားမဝင်ကုန်သွယ်မှုများအား သက်ဆိုင်ရာ တာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

မြဝတီ


Smart®
GENTLEMEN FASHION
Ph : 033-60337~8 , 09-5022324
Fax : 033-60339
E-mail : mehlgarment.pol@gmail.com
Facebook : Smart Smart
Viber : +95-9777585772
Address : Pyin Oo Lwin


ကြံတောင်သူစီးပွား ၊ ပြည်တွင်းသကြား ၊
ဝယ်ယူအားပေးကြပါစို့။
FDA- ၈၅/ ၂၁၃၄၉/ ထလ
canesugarokt7 @gmail.com
အုတ်တွင်းသကြားစက်


THE BEST QUALITY TYRE
နိုင်ငံတကာ အဆင့်မီ ဒီဇိုင်းပုံစံဖြင့် သေသပ်လှပစွာ အထူးစီမံ ထုတ်လုပ်ထားပါသည်။
အရည်အသွေးမြင့်မား တာယာ မှာ
TRISTAR
TBB,TBR,PCR
တာယာအရွယ်အစားမျိုးစုံအပြင်
ဆိုင်ကယ်တာယာများကိုပါ
ထုတ်လုပ်ဖြန့်ဖြူး
ရောင်းချလျက်ရှိပါသည်။
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၂၅၄၂၇၂၈၄၃၊ ၀၉ ၄၅၃၂၅၅၅၄၅
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


""ဒေသမြကြည်လင် စိတ်ပျော်ရွှင် ကျန်းမာလန်းဆန်း နေပြည်တော်သောက်ရေသန့်အစွမ်း""
နေပြည်တော်သောက်ရေသန့်စက်ရုံ
ရာဇဌာနီလမ်းမကြီး၊ ပုဗ္ဗသီရိမြို့နယ်၊
ဖုန်း - ၀၉ ၆၇၀၇၀၀၀၀၁၊ ၀၉ ၆၆၆၁၁၈၆၄၆
STARMART Nay Pyi Taw
ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။
ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART nine mile Showroom
(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART
မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
NAY PYI TAW
STARMART MANDALAY Wholesale
၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။
ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

❖ ပို့ကုန်များတိုးမြှင့်ရရှိရေးအတွက် စိုက်ပျိုးရေးလုပ်ငန်းများ ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်ရန်လို . . .

❖ ပန်းတိုင်ရည်မှန်းချက်ပြည့်မီပြီး အထွက်နှုန်းကောင်းမွန်မှသာလျှင် ပြည်ပပို့ကုန်များလည်း တိုးတက်လာမည်ဖြစ် . . .

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ မတ်လ ၁၅ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်ရှိ Asia World Port Terminal- AWPT ဆိပ်ကမ်းလုပ်ငန်းကဏ္ဍ စွမ်းဆောင်နိုင်မှုအခြေအနေများနှင့် ကုန်သွယ်မှုဆိုင်ရာအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးစဉ် လမ်းညွှန်မှာကြားမှုမှကောက်နုတ်ချက်)

❖ နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။



# ပြန်လည်ထူထောင်ရေးနှင့်တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သော သံချောင်းလုံးများ အထူးကုန်ရထားဖြင့် မန္တလေးမြို့သို့ ဒုတိယအကြိမ် ပို့ဆောင်ရောက်ရှိ

နေပြည်တော် အောက်တိုဘာ ၈

ငလျင်ဘေးဒဏ်ခံခဲ့ရသောဒေသများရှိ ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်လျက်ရှိသည့်သံချောင်းလုံးများအား မြန်မာ့မီးရထားအထူးကုန်ရထားများဖြင့် ပို့ဆောင်ပေးလျက်ရှိရာ ယနေ့ နံနက်ပိုင်းတွင် HRB 500 အမျိုးအစား သံချောင်းလုံး ၄၉၀ ဒသမ ၅၃ တန် မန္တလေးမြို့သို့ ဒုတိယအကြိမ်အဖြစ် ပို့ဆောင်ရောက်ရှိခဲ့ကြောင်း သတင်းရရှိသည်။

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ငလျင်ဘေးဒဏ် ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်လျက်ရှိသော သံချောင်းလုံးများအား ရန်ကုန်မြို့မှ အထူးကုန်ရထားများဖြင့် ပို့ဆောင်ပေးလျက်ရှိရာ ဒုတိယအကြိမ်အဖြစ် HRB 500 အမျိုးအစား သံချောင်းလုံး စုစုပေါင်းတန်ချိန် ၄၉၀ ဒသမ ၅၃ တန် တင်ဆောင်လာသော အထူးကုန်ရထားသည် ယနေ့ နံနက်ပိုင်းတွင် မန္တလေးမြို့ မြို့ဟောင်းဘူတာသို့ ပို့ဆောင်ရောက်ရှိခဲ့ပြီး မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တာဝန်ရှိသူများက လာရောက်ကြည့်ရှုစစ်ဆေးခဲ့ကြကာ စာမျက်နှာ ၅ ကော်လံ ၁ ➢

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ငလျင်ဘေးဒဏ် ပြန်လည်ထူထောင်ရေးနှင့်တည်ဆောက်ရေး လုပ်ငန်းများအတွက် လိုအပ်သောသံချောင်းလုံးများ ရန်ကုန်မြို့မှ အထူးကုန်ရထားများဖြင့် မန္တလေးမြို့သို့ရောက်ရှိစဉ်။

## တရားမဝင် သစ်မျိုးစုံ၊ စက်သုံးဆီများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်နှင့် တရားမဝင်ကုန်ပစ္စည်းတင် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

စာ - ၃၀ သို့




အကောက်ခွန်ဦးစီးဌာနမှ ဖမ်းဆီးရမိမှု။

# ဖြူးချောင်းရေလှောင်တမံမှ မဟာဓာတ်အားလိုင်းသို့ တစ်ရက်လျှင် ၄၀ မဂ္ဂါဝပ် ပို့လွှတ်လျက်ရှိ

ရန်ကုန် အောက်တိုဘာ ၈

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်တွင်တည်ရှိသည့် ဖြူးချောင်းရေလှောင်တမံ ရေအားလျှပ်စစ်စက်ရုံမှ မဟာဓာတ်အားလိုင်းသို့ တစ်ရက်လျှင် လျှပ်စစ်ဓာတ်အား ၄၀ မဂ္ဂါဝပ် ထုတ်လုပ်ပို့လွှတ်လျက်ရှိကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

ဖြူးချောင်းရေလှောင်တမံသည် ကျောက်ဖြည့်တမံအမျိုးအစားဖြစ်ပြီး အမြင့် ၂၄၅ ပေ၊ အရှည်ပေ ၁၀၂၀ ရှည်လျားကာ ကန်ရေပြည့်ရေလှောင်ပမာဏ ၆၃၂၅၃၀ ဧကပေ သိုလှောင်နိုင်ပြီး လက်ရှိတွင် ရေလှောင်တမံသည် ကန်ရေပြည့်ရေလှောင်ပမာဏသို့ရောက်ရှိနေကာ ရေကင်းအဖွဲ့များဖြင့် အချိန်ပြည့် စောင့်ကြည့်လျက်ရှိ၍ တူးမြောင်းမကြီးနှစ်ခုမှ ၂၀ မဂ္ဂါဝပ် စက်နှစ်လုံးဖြင့် တစ်ရက်လျှင် ၄၀ မဂ္ဂါဝပ် လျှပ်စစ်ဓာတ်အားထုတ်လုပ်လျက်ရှိသည်။

"အခုလို မိုးကုန်ကာလဆိုရင် ရေလှောင်တမံရေပြည့်နေပါပြီ။ ဒီလိုအချိန်မှာ နေ့စဉ်လျှပ်စစ်ဓာတ်အား စာမျက်နှာ ၁၇ ကော်လံ ၁ ❍



## အိန္ဒိယနိုင်ငံ၌ ဘတ်စကားပေါ်သို့ မြေပြိုကျမှုဖြစ်ပွား အနည်းဆုံး လူ ၁၅ ဦးသေဆုံး

စာ - ၂၃ သို့

## သန်လျင်မြို့နယ်၌ တက္ကစီယာဉ်မောင်းကိုသတ်ဖြတ်၍ မော်တော်ယာဉ်အား လုယက်ယူဆောင်ခဲ့သူနှစ်ဦးအား သက်သေခံပစ္စည်းများနှင့်အတူဖော်ထုတ်ဖမ်းဆီးရမိ

စာ - ၂၉ သို့

